
# ခရစ်ယာန်အိမ်ထောင်



ဆရာ ဂျမ္ဗေလနိုင်လင်း

# ခရစ်ယာန်အိမ်ထောင်

## ဆရာ ရှမွေလနိုင်လင်း

## ၂၀၂၂

# မာတိကာ

၁။ သင်ခန်းစာ ( ၁ ) အိမ်ထောင်ကိုအစပြုပေးသူထာဝရဘုရား - ---------- ၉

၂။ သင်ခန်းစာ ( ၂ ) ခရစ်ယာန်အိမ်ထောင်၌ဘုရားသခင်၏ပြဌာန်းတော် ---- ၂၂

၃။ သခင်ခန်းစာ ( ၃ ) ခရစ်ယာန်အိမ်ထောင်ဖခင်ကောင်းတို့၏တာဝန်ဝတ္တရားများ ------------------------------------------------ ၅၂

၄။ သင်ခန်းစာ ( ၄ ) ကျမ်းစာ၌ရှိသောဖခင်များ၏အသက်တာကိုလေ့လာခြင်း -- ------------------------------------------------ ၅၅

၅။ သင်ခန်းစာ ( ၅ ) ခရစ်ယာန်အိမ်ထောင်မိခင်ကောင်းတို့၏တာဝန်ဝတ္တရားများ ------------------------------------------------ ၉၄

၆။ သင်ခန်းစာ ( ၆ ) ခရစ်ယာန်အိမ်ထောင်အမျိုးသမီးများဆင်ခြင်ရန် ------ ၈၃

၇။ သင်ခန်းစာ ( ၇ ) ကျမ်းစာ၌ရှိသောအမျိုးသမီးများ၏အသက်တာကိုလေ့လာခြင်း ------------------------------------------------ ၈၆

၈။ သင်ခန်းစာ ( ၈ ) ခရစ်ယာန်အိမ်ထောင်မိဘနှစ်ပါးတို့၏တာဝန်ဝတ္တရားများ - ------------------------------------------------ ၁၂၂

၉။ သင်ခန်းစာ ( ၉ ) ခရစ်ယာန်အိမ်ထောင်မိသားစု၌ဘုရားသခင်၏အလိုတော် -- ------------------------------------------------ ၁၂၈

၁၀။ သင်ခန်းစာ ( ၁၀ ) ခရစ်ယာန်အိမ်ထောင်မိသားစု၌ဘုရားဆုပေးသောအမွေ - -
- - - - - - - - — - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - - ၁၇၅
၁၁။ သင်ခန်းစာ ( ၁၁ ) ခရစ်ယာန်အိမ်ထောင်မိသားစု၌ သားသမီးများသင်ပေးရမည့်အချက်များ - - - - - - - - - - - - — - - - — - - - - - - - - - - - - - - - - - - - - ၁၈၂

# အမှာစာ

ခရစ်ယာန်အိမ်ထောင်မိသားစု စာအုပ်ကို ရေးသားရသောအခွင့်ကိုပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်ကို ရှေ့ဦးစွာချီးမွမ်းပါသည်။ ဤစာအုပ်ကို လေ့လာခြင်းအားဖြင့် မိသားစု၌ မည်ကဲ့သို့ဘုရားသခင်၏အလိုတော်နှင့်အသက်ရှင်မည်ကို ပို၍နားလည်၊ သဘောပေါက်လာကြမည်ဖြစ်သည်။ မိသားစုသည် ငွေအားဖြင့်တည်ဆောက်၍မရချေ။ ပညာအားဖြင့်လည်း တည်ဆောက်လို့မရချေ။လူ၏ချစ်ခြင်းမေတ္တာအားဖြင့်လည်း တည်ဆောက်၍မရချေ။ ဘုရားသခင်တည်ဆောက်မှသာလျှင် အိမ်ထောင်သည်သာယာမည်ဖြစ်သည်။ ဘုရားမတည်ဆောက်လျှင် အကျွန်ုပ်၏တစ်ဦးခြင်းအသက်တာ၌သော်၎င်း၊ အိမ်ထောင်မိသားစု၌သော်၎င်း၊ အသင်းတော်၌သော်၎င်း၊ တိုင်းနိုင်ငံများ၌သော်၎င်း၊ အချည်းအနှီးဖြစ်သည်။

**ဆာလံ၊ ၁၂၇း ၁-၂ ထာဝရဘုရားသည် အိမ်ကို ဆောက်တော်မမူ လျှင်၊ ဆောက်သော သူတို့သည် အချည်းနှီးလုပ်ဆောင် ကြ၏။ ထာဝရဘုရားသည် မြို့ကိုစောင့်တော်မမူလျှင်၊ ကင်းစောင့်တို့သည် အချည်းနှီးစောင့်ကြ၏။ ၂စောစောထလျက်၊ ညဉ့်နက်သည်တိုင်အောင် မအိပ်ဘဲနေလျက်၊ ပင်ပန်းစွာ အစာစားလျက်နေသော် လည်း အကျိုးမရှိ။ အိပ်ပျော်ရသော အခွင့်ကို ချစ်တော်မူ သော သူအားအမှန်ပေးတော်မူ၏။**

စာစီစစ်သူ- Saya Ezekiel Aung

စာစီစစ်သူ- Sayama Helen

စာစီစ်သူ- Sayama Khin Lin

ကွန်ပျူတာ- Saya Samuel Nai Lin

စာရေးသူ - Saya Samuel Nai Lin

Email: nailingluri7@gmail.com

ဤစာအုပ်သည် အမေရိကန်ပြည်ထောင်စုမှ ထုတ်လုပ်ခြင်းဖြစ်သည်။

သင်ခန်းစာ ( ၁ )

# အိမ်ထောင်ကိုအစပြုပေးသူထာဝရဘုရား

အိမ်ထောင်ကိုအစပြုပေးသူသည် ဘုရားသခင်ဖြစ်သည်။ အိမ်ထောင်သည် အလိုလိုပေါ်လာသည်မဟုတ်၊ ဘုရားသခင်အားဖြင့်အစပြု၍၊ဘုရားသခင်အားဖြင့် အဆုံးသတ်မည်ဖြစ်သည်။ အိမ်ထောင်၌ရှိသော ယောကျ်ားနှင့်မိန်းမဖြစ်ပေါ်လာပုံကို လေ့လာကြပါစို့။ ဘုရားသခင်သည် မြေမှုန့်ကိုယူ၍ လူယောကျ်ားအဖြစ်ဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ဇီဝအသက် တည်းဟူသော( ဝိညာဉ် ) ကိုမှုတ်သွင်းတော်မူသောအခါ၊ လူယောကျ်ားသည် အသက်ရှင်သောသတ္တဝါဖြစ်လာကြောင်းသိရသည်။

**က၊ ၂း ၇ထိုနောက်၊ ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏။**

ထို့ကြောင့် လူ၏တန်ဘိုးသည် ဝိညာဉ်ဖြစ်သည်။ လူမိန်းမသည် လူယောကျ်ား၏နံရိုးမှထုတ်၍ လူမိန်းမအဖြစ် ဖန်ဆင်းကြောင်းလည်း ဤသို့တွေ့ရသည်။

**က၊ ၂း၂၁-၂၅ ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင်၊ထိုအရိုးအစားအသားကို ဖြေ့စပ်စေတော်မူ၏။၂၂ ထာဝရအရှင်ဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမကိုဖန်ဆင်း၍လူ့ရှိရာသို့ဆောင်ခဲ့**

**တော်မူ၏။ ၂၃ လူကလည်း၊ ယခုဤသူသည်ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ လူထဲက ထုတ်သော ကြောင့် သူ့ကိုလူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။ ၂၄ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍၊ ကိုယ့် ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်။ ၂၅ထိုသူ လင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲနေ၍၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ် ကြ၏။**

ဘုရားသခင်သည် အရိုးထဲကအရိုး၊ အသားထဲကအသားကို ပေါင်းစပ်၍၊ လင်မယားဖြစ်လာသည်။ ထို့ကြောင့် လင်မယားသည် နှစ်ယောက်မဟုတ်၊ တယောက်တည်းဖြစ်ကြောင်းထင်ရှားလျက်ရှိသည်။ ထို့ကြောင့် ယောကျ်ားသည် ကိုယ့်မိဘကိုစွန့်၍၊ မိမိခင်ပွန်း၌မှီဝဲသကဲ့သို့၊ မိန်းမသည်လည်း ကိုယ့်မိဘကိုစွန့်၍ မိမိ လင်၌မှီဝဲခြင်းဖြစ်သည်။

## ဘုရားသခင်၏ကောင်းကြီးပေးခြင်း

ဘုရားသခင်သည် သူတည်ဆောက်ပေးသော အိမ်ထောင်ကို အလွန်ချစ်၍၊ တန်ဘိုးထားသောကြောင့် သူဖန်ဆင်းသမျှကိုအုပ်စိုး၍၊ ပိုင်ဆိုင်ဖို့ရန် အိမ်ထောင်ကို စပြီးကောင်းကြီးပေးခဲ့သည်။

**က၊ ၁း ၂၆-၂၈တဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင့်အညီ တသဏ္ဍာန် တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုရင်း၊ မိုဃ်းကောင်းကင်ငှက်**

**တို့ကိုရင်း၊သားယဉ်တို့ကိုရင်း၊ မြေတပြင်လုံးနှင့်တကွ၊မြေပေါ်မှာ သွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုရင်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။ ၂၇ထိုသို့ဘုရားသခင် သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဍာန် တော်နှင့်အညီ လူယောက်ျား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင်၊ ၂၈အချင်းတို့ များပြား စွာမွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုရင်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုရင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုရင်း အုပ်စိုးကြလော့ဟုမိန့်တော်မူ၍၊ သူတို့ကိုကောင်းကြီး ပေးတော်မူ၏။**

အိမ်ထောင်ကိုအစပြု၍၊ ကောင်းကြီးပေးသောသူသည် ဘုရားသခင်ဖြစ် သောကြောင့် အိမ်ထောင်မိသားစု၌၊ဘုရားစကားကိုနားထောင်ကြသဖြင့်၊ နားထောင် ခြင်းဖြင့် ဘုရားအထံတော်က ကောင်းကြီးမင်္ဂလာများကို ယူတတ်ဖို့ရန်လို သည်။

# အာဒံနှင့်ဧဝ၏အိမ်ထောင်ကျရှုံးခြင်း

အာဒံနှင့်ဧဝ၏အိမ်ထောင်သည် အစအဦးဖြစ်သောအိမ်ထောင်ဖြစ်သည်။ ထိုအိမ်ထောင်သည် ဘုရားသခင်အုပ်စိုး၍၊ ဘုရားသခင်ထံ၌ရှိသော၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ပျော်ရွှင်ခြင်း၊ဘုရားသခင်၏ဘုန်းတော်နှင့်ပြည့်ဝသောအိမ်ထောင် ဖြစ်ခဲ့သည်။ သို့သော် ဘုရားကမစားရဟူသော ကောင်းမကောင်းသိကျွမ်းရာ

အပင်၏အသီးကိုအာဒံလင်မယားစားသောအချိန်မှစ၍ထိုအိမ်ထောင်သည် ပြိုလဲ၍ ဘုရားသခင်နှင့် အဆက်ပျက်ခဲ့ကြသည်။ ဘုရားသခင်ထံမှလာသော ကောင်းကြီးများလည်းဆုံးရှုံးခဲ့ကြသည်။ ထိုသို့ဆုံးရှုံးစေသောအရာသည်ဘုရားသခင်၏စကားနားမထောင်ခြင်း၊ ဘုရားသခင်၏အုပ်စိုးခြင်းကို ဝန်မခံခြင်းကြောင့်ဖြစ်သည်။ စာတန်လှည့်ဖြားခြင်းစကားကို နားထောင်သော အားဖြင့် ဘုရားတည်ဆောက်သော အိမ်ထောင်ဖျက်စီးကြောင်းသိရသည်။ အကျွန်ုပ်တို့အိမ်ထောင်ကိုလည်း စာတန်က ဖျက်စီးဖို့ချောင်းမြောင်းနေသည်။

**က၊၃း ၁-၇မြွေသည် ထာဝရအရှင်ဘုရားသခင် ဖန်ဆင်းတော်မူသောမြေတိရစ္ဆာန်တကာတို့ထက်လိမ္မာသည် ဖြစ်၍၊မိန်းမအား သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်တို့၏ အသီးကိုမစားရဟု ကေန်စင်စစ် ဘုရား သခင်မိန့်တော်မူသလောဟု မေး၏။၂ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏ အသီးကိုစားရသော အခွင့်ရှိ၏။ ၃ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကိုကား၊သင်တို့သည် မကိုင်မစားပဲ နေကြလော့၊သို့မဟုတ်သေမည်ဟု ဘုရားသခင် အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။ ၄မြွေကလည်း သင်တို့သည် ကေန်အမှန် သေရမည်မဟုတ်၊ ၅အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြ လတ္တံ့သည်ကို၊ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။ ၆ထိုအပင်သည် စားဘွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှါ၊ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကို**

**မိန်းမသည် မြင်လျှင်၊ အသီးကို ယူ၍စား၏။ မိမိခင်ပွန်းအားလည်း ပေး၍ သူသည်လည်း စား၏။ ၇ထိုသူနှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍ မိမိတို့၌အဝတ်အချည်းစည်းရှိသည်ကို သိမြင်လျှင်၊ မိမိတို့ဝတ်ရန်ဖို့ သင်္ဘောသဖန်းပင်အရွက်တို့ကို ချုပ်စပ်၍ ခါးစည်းကိုလုပ်ကြ၏။**

# ဘုရားသခင်၏ကျိန်ခြင်း

ဘုရားသခင်၏ကျိန်ခြင်းသည် အလွန်ကြောက်ဖို့ကောင်းသည်။ မိမိအိမ်ထောင်၌ရင်း၊ မိမိ၏အသက်တာ၌ရင်း၊ သား သမီးများ၏အပေါ်၌ရင်း၊ ဘုရား၏ကျိန်ခြင်းမခံမိဖို့ရန် သတိထား၍၊ စကားပြောသော်ရင်း၊ ကျင့်ကြံပြုမူခြင်း၌သော်ရင်း၊ ဘုရားသခင်ကို ကြောက်ရွံ့သောတန်ဆာကိုဆင်၍၊ ဒုစရိုက်အပြစ်များကိုရှောင်၍၊ ဘုရားသခင်၏စကားတော်ကို နှလုံးသွင်း၍အသက်ရှင်သွားလာဖို့ရန်ဖြစ်သည်။မြွေတည်းဟူသောစာတန်၊အာဒံနှင့်ဧဝတို့ကိုဤကဲ့သို့ကျိန်ခြင်းခံကြကြောင်းတွေ့ရသည်။

**က၊၃း၁၄-၁၉ ထာဝရအရှင်ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည်ဤအမှုကို ပြုသောကြောင့် သားယဉ်သားရဲအပေါင်းတို့ထက် ကျိန်ခြင်းကို ခံရ၏။ သင်သည် ဝမ်းဖြင့် သွား၍ မြေမှုန့်ကို တသက်လုံးစားရမည်။ ၁၅သင်နှင့်မိန်းမကိုရင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုရင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု**

မိန့်တော်မူ၏။ ၁၆ မိန်းမကိုလည်း၊ သင်၌ကိုယ်ဝန်ဆောင်ခြင်း ဝေဒနာကို ငါအလွန်များပြားစေရမည်။ ပင်ပန်းစွာ ဝေဒနာကို ခံ၍သားဘွားရမည်။ ကိုယ်ခင်ပွန်း၏အလိုသို့လိုက်၍ သူ၏အုပ်စိုးခြင်းကိုလည်း ခံရမည်ဟု မိန့် တော်မူ၏။ ၁၇ယောကျ်ားကိုလည်း၊ ထိုအပင်၏အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည်မယား၏ စကားကိုနားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်၏အတွက်ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တသက်ပတ်လုံးပင်ပန်းစွာ စားရမည်။ ၁၈ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဖို့ မြေပေါက်စေမည်။ လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်တို့ကို သင် စားရမည်။ ၁၉သင်ထွက်ရာမြေသို့မပြန်မီတိုင်အောင်၊ သင်၏ မျက်နှာမှချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား၊ သင်သည်မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။

## အိမ်ထောင်ကိုဘုရားသခင်သာလျှင်တည်ဆောက်ရမည်

အိမ်ထောင်ကို မိမိ၌ရှိသောအစွမ်းအစအားဖြင့် တည်ဆောက်ချင်ကြသည်။ ပညာအားဖြင့်ရင်း၊ ငွေအားဖြင့်ရင်း၊ မေတ္တာအားဖြင့်ရင်း၊ ကြိုးစား၍တည်ဆောက်ချင်ကြသည်။ သို့သော် ထိုအရာများအားဖြင့်တည်ဆောက်လို့မရနိုင်ချေ။ အိမ်ထောင်ကို ဘုရား မတည်ဆောက်လျှင် လုံခြုံခြင်းရှိမည် မဟုတ်ကြောင်းတွေ့ရသည်။ လုံခြုံသာယာသော အိမ်ထောင်ကို ပိုင်ဆိုင်လိုလျှင်၊ဘုရားသခင်ကိုသာ တည်ဆောက်စေရမည်၊ သို့ဖြစ်လျှင် လုံခြုံခြင်းရှိလိမ့်မည်။

**ဆာလံ၊ ၁၂၇း ၁-၂ထာဝရဘုရားသည် အိမ်ကို ဆောက်တော်မမူ လျှင်၊ ဆောက်သော သူတို့သည် အချည်းနှီးလုပ်ဆောင် ကြ၏။ ထာဝရဘုရားသည် မြို့ကို စောင့်တော်မမူလျှင်၊ ကင်းစောင့်တို့သည် အချည်းနှီးစောင့်ကြ၏။ ၂စောစောထ လျက်၊ညဉ့်နက်သည်တိုင်အောင် မအိပ်ဘဲနေလျက်၊ ပင်ပန်းစွာ အစာစားလျက်နေ သော် လည်း အကျိုးမရှိ။ အိပ်ပျော်ရသော အခွင့်ကို ချစ်တော်မူ သော သူအားအ မှန်ပေးတော်မူ၏။**

# ဘုရားတည်ဆောက်သောအိမ်ထောင်

မိမိအိမ်ထောင်ကို ဘုရားသခင်မည်ကဲ့သို့တည်ဆောက်စေရမည်နည်း။ ဘုရားသခင်ကိုဦးစားပေးသောအိမ်ထောင်ဖြစ်ရမည်။ ဘုရားစကားကိုနားထောင် သော အိမ်ထောင်ဖြစ်ရမည်။ ဘုရားသခင်ကိုကြောက်ရွံ့သော အိမ်ထောင်ဖြစ်ရ မည်။ ဘုရားသခင်နှင့်အမြဲတမ်း မိဿဟာယဖွဲ့သော အိမ်ထောင်ဖြစ်ရမည်။ ထိုသို့ သော အိမ်ထောင်သည် ဤကဲ့သို့ ကောင်းကြီး မင်္ဂလာခံစားရမည်ဖြစ်ကြောင်းဤသို့ တွေ့ရသည်။

**ဆာလံ၊ ၁၂၈း ၁-၆ ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းခရီးတော် သို့ လိုက်သွားသမျှသော သူတို့သည် မင်္ဂလာရှိကြ၏။၂ ထိုသို့ပြုလျှင် သင်သည် မိမိလက် နှင့် လုပ် ဆောင်၍ရသော အစာကို စားရလိမ့်မည်။ မင်္ဂလာရှိ၍ ကောင်းစားရလိမ့် မည်။၃ သင်၏မယားသည် သင့်အိမ်နားမှာ များစွာ အသီးသီးသော စပျစ်နွယ်ပင်**

ကဲ့သို့ရင်း၊သားသမီး တို့သည် သင့်စားပွဲပတ်လည်၌ စိုက်ပျိုးသော သံလွင်ပင် များ ကဲ့သို့ရင်း ဖြစ်ကြလိမ့်မည်။ ၄ထာဝရဘုရားကို ကြောက်ရွံ့သောသူသည် ထိုသို့ သော မင်္ဂလာရှိရလိမ့်မည်။ ၅ ထာဝရဘုရားသည် ဇိအုန်တောင်ပေါ်က ကောင်းကြီးပေး တော်မူ၍၊ ယေရုရှလင်မြို့ခံရသော ကောင်းကျိုးကို တသက်လုံးမြင်ရလိမ့်မည်။ ၆မိမိ သားသမီးတို့၌ ဘွားမြင်သော သားသမီး တို့ကိုလည်း မြင်ရလိမ့်မည်။ ဣသရေလ အမျိုး၌ ငြိမ်ဝပ် ခြင်း ရှိပါစေသော။

တရားဟောရာကျမ်း၊ ၂၈း၁-၆ယနေ့ ငါဆင့်ဆိုသမျှသော ပညတ်တော်တို့ကို သင်သည် ကျင့်စောင့်ခြင်းငှာ၊သင်၏ ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို စေ့စေ့နားထောင်လျှင်၊သင်၏ဘုရားသခင်ထာဝရဘုရားသည် လူမျိုးတကာတို့ထက် သင့်ကို ချီးမြှောက်တော်မူမည်။ ၂သင်၏ဘုရားသခင်ထာဝရဘုရား၏ စကား တော်ကို နားထောင်လျှင်၊ သင့်အပေါ်မှာ သက်ရောက် လတံ့သောကောင်းကြီးမင်္ဂလာများ ဟူမူကား။ ၃သင်သည် မြို့၌မင်္ဂလာရှိလိမ့်မည်၊ တော၌မင်္ဂလာ ရှိလိမ့်မည်။ ၄သားသမီးအားဖြင့်ရင်း၊ မြေအသီးအနှံအားဖြင့်ရင်း၊တိရစ္ဆာန်ဘွားသော သားငယ် အားဖြင့်ရင်း၊ သိုးနွား အစီးအပွား အားဖြင့်ရင်း မင်္ဂလာရှိလိမ့်မည်။ ၅ ခြင်တောင်း၌ရင်း၊ မုန့်နယ်သော ခွက်၌ရင်း မင်္ဂလာရှိလိမ့်မည်။ ၆ မိမိအိမ်ထဲသို့ ဝင်သောအခါ မင်္ဂလာ ရှိလိမ့် မည်၊ ပြင်သို့ထွက်သောအခါ မင်္ဂလာရှိလိမ့်မည်။

# မိသားစုကိုငွေအားဖြင့်မတည်ဆောက်ရ

လူအများစုသည် အိမ်ထောင်ကို ငွေအားဖြင့်တည်ဆောက်ဖို့ကြိုးစားကြသည်။ ထို့ကြောင့် အလုပ်ကိုကြိုးစား၍ လုပ်ကြသည်။ ငွေများများရမှ အိမ်ထောင်သာယာမည်ဟု ထင်ကြသည်။ သို့သော် အိမ်ထောင်ကိုငွေအားဖြင့် တည်ဆောက်သော်ဘုရားသခင်မတည် ဆောက်လျှင်၊ အိမ်ထောင်ရေး သာယာနိုင်မည်မဟုတ်၊ ငွေသည် အိမ်ထောင်၌ လိုအပ်သော်လည်း မသုံးတတ်လျှင်၊ အကျိုးကိုမပေး။အဘယ်ကြောင့်အိမ်ထောင်ပြိုလဲသွားကြသနည်း၊ လင်မယား ငွေရှာပြီးသားသမီးများနဲ့ အတူမိဿဟာယဖွဲ့ခြင်းမရှိ၊ဘုရားသခင်ကိုဦးစားမပေး၊ အလုပ်ကိုဦးစားပေး၊ငွေနောက်သို့လိုက်ကြသောကြောင့် ဖြစ်သည်၊ ထို့ကြောင့် ခရစ်တော်က သူ့တပည့်တော်များကို ဤကဲ့သို့ သွန်သင်ဆုံးမကြောင်းတွေ့ရသည်။

**မဿဲ၊ ၁၉း၂၃ ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ငွေရတတ်သောသူသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ခဲလှ ၏။၂၄ တဖန် ငါဆိုသည်ကား၊ ကုလားအုပ်သည် အပ်နဖါးကိုလျှိုလွယ်၏။ ငွေရတတ်သောသူသည် ဘုရား သခင်၏နိုင်ငံတော်သို့ ဝင်ခဲသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏။ ၂၅ထိုသူတို့သည်ကြားလျှင်အလွန်မိန်းမောတွေဝေခြင်းရှိ၍၊ သို့ဖြစ်လျှင်အဘယ်သူသည် ကယ်တင် တော်မူခြင်းသို့ ရောက်နိုင်မည်နည်းဟု ပြောဆိုကြ၏။ ၂၆ယေရှုသည်လည်း သူတို့ကိုကြည့်ရှု၍ဤအမှုကိုလူမတတ်နိုင်။ သို့သော်လည်း ဘုရားသခင်သည် ခပ် သိမ်းသော အမှုတို့ကိုတတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏။**

၁တိ၊ ၆း ၇ အကြောင်းမူကား၊ ငါတို့သည် ဤလောကထဲသို့ အဘယ်အရာမျှမပါဘဲ လာသည်ဖြစ်၍၊ ထွက်သွားလျှင်လည်း၊ အဘယ်အရာကိုမျှ ယူ၍ မသွားနိုင်ဟု ထင်ရှားလျက်ရှိ၏။ ၈ သို့ဖြစ်၍၊ စားရန်၊ ဝတ်ရန်ရှိသမျှနှင့် ရောင့်ရဲလျက်နေကြကုန်အံ့။ ၉ငွေရတတ်ခြင်းငှါ အလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ဘမ်းမိခြင်း၊ မိုက်မဲဖျက်ဆီး တတ်သောတပ်မက်ခြင်းများထဲသို့ ကျရောက်တတ်ကြ၏။ ထိုသို့သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌နစ်မွန်းတတ်ကြ၏။ ၁၀ အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသော အမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ် သတည်း။ လူအချို့တို့သည်ငွေကို တပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍၊ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ်ထုတ်ချင်းခပ်အောင်ထိုးကြပြီ။

ဇေဖနိ၊ ၁း ၁၈ ထာဝရဘုရား အမျက်ထွက်တော်မူသော နေ့၌ သူတို့ရွှေငွေသည် သူတို့ကို မကယ်တင်နိုင်ရာ။ ဒေါသ အမျက်တော်မီးသည် တပြည်လုံးကိုလောင်လိမ့်မည်။ ပြည်သူပြည်သားအပေါင်းတို့ကို အလျင်အမြန် စီရင်၍ အကုန်အစင် သုတ်သင်ပယ်ရှင်းတော်မူလိမ့်မည်။

ဒေသနာ၊ ၂း၈ ရွှေငွေကိုရင်း၊ရှင်ဘုရင်နှင့်ဆိုင်သောဘဏ္ဍာ၊ကျေးရွာတို့၌ ခွဲသောအခွန်ကိုရင်း ငါဆည်းဖူး၏။ အငြိမ့် သမားယောကျ်ားမိန်းမတို့ကိုရင်း၊ လူသားတို့ ပျော်မွေ့တတ်သော ကြင်လျှာမိန်းမမောင်းမမိသံတို့ကိုရင်း ငါသိမ်းယူ၏။ ၉ ထိုသို့ငါ့အရင်၊ ယေရုရှလင်မြို့၌ ဖြစ်ဘူးသောသူ အပေါင်းတို့ထက်၊ ငါသည် တိုးပွါး၍

**ကြီးမြင့်ခြင်းသို့ ရောက်၏။ငါပညာလည်း တည်လျက်ရှိ၏။ ၁၀ငါ့မျက်စိတပ်မက်လိုချင်သောအရာ တစုံတခု ကိုမျှ ငါမငြင်း၊ငါ့စိတ်ရွှင်လန်းစရာ တစုံတခုကိုမျှမပယ်။ ငါကြိုးစားသမျှတို့၌ ဝမ်းမြောက်လျက်ရှိ၍၊ ကြိုးစားခြင်း အကျိုးကိုခံရ၏။ ၁၁ ထိုအခါငါစီရင်ပြုပြင်သမျှ၊ ငါကြိုးစားအားထုတ် သမျှတို့ ကိုငါကြည့်ရှု၍၊ အလုံးစုံတို့သည် အနတ္တအမှု၊ လေကိုကျက်စားသော အကျိုးတစုံတခုမျှမရှိ။**

# မိသားစုကိုပညာအားဖြင့်မတည်ဆောက်ရ

အိမ်ထောင်ကို ပညာအားဖြင့်မတည်ဆောက်ရ။ ဘုရားကတည်ဆောက်ရမည်။လောကီပညာသည်ကောင်းသော်လည်း၊ ဘုရားသခင်၏ ပညာတော်စီရင်သည်နှင့်အညီ၊ လောကီသားတို့သည် မိမိတို့ပညာအားဖြင့် ဘုရားသခင်ကို မသိဘဲနေကြသောအခါ၊ ဘုရားသခင်သည် ယုံကြည်သော သူတို့ကို ဒေသနာတော် မိုက်မဲခြင်းအားဖြင့် ကယ်တင်ခြင်းငှါ စေတနာရှိတော်မူ၏။ ဟုတွေ့ရသည်။ ထိုအချို့သောသူများသည် ပညာတတ်ဖြစ်လာသောအခါ၊ ဘုရားရှိသည်ဟု မယုံကြည်တော့ချေ၊ ထိုကြောင့် ဘုရားသခင်သည် ပညာရှိတို့၏ ပညာကို ငါဖျက်ဆီးမည်။ ဉာဏ်ကောင်းသောသူတို့၏ဉာဏ်ကို လည်းငါပယ်မည်ဟု ဆိုခြင်းဖြစ်သည်။ ဘုရားသခင်၏အမြင်၌ ပညာရှိသောသူသည် ဘုရားသခင်၏စကားတော်အသံကို ကြား၍၊ နားထောင်သောသူဖြစ်ကြောင်းတွေ့ရသည်။ ထို့ ကြောင့် မိမိ ပညာအားဖြင့် မိသားစုကို မတည်ဆောက်ရ။

၁ကော၊ ၁း ၁၉ကျမ်းစာလာသည်ကား၊ ပညာရှိတို့၏ ပညာကို ငါဖျက်ဆီးမည်။ဉာဏ်ကောင်းသောသူတို့၏ ဉာဏ်ကို လည်း ငါပယ်မည်ဟု လာသတည်း။ ၂၀ ပညာရှိကား အဘယ်မှာရှိသနည်း။ ကျမ်းပြု ဆရာကား အဘယ်မှာရှိသနည်း။ ပြဿနာခွဲလေ့ကျက် သော ဆရာကား အဘယ်မှာ ရှိသနည်း။ လောကီပညာ ကို ဘုရားသခင်သည် မိုက်စေတော်မူသည် မဟုတ်လော။ ၂၁ အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင်၏ ပညာတော်စီရင်သည်နှင့်အညီ၊ လောကီသားတို့သည် မိမိတို့ပညာအားဖြင့် ဘုရားသခင်ကို မသိဘဲနေကြသောအခါ၊ ဘုရားသခင်သည် ယုံကြည်သောသူတို့ကို ဒေသနာတော် မိုက်မဲခြင်းအားဖြင့် ကယ်တင်ခြင်းငှါ စေတနာရှိတော်မူ၏။

၁ကော၊၂း ၈ ထိုပညာကို လောကီမင်းတစုံတယောက်မျှမသိ။ သိလျှင်၊ ဘုန်းကြီးတော်မူသောသခင်ကို လက်ဝါးကပ် တိုင်မှာ မကွပ်မျက်ကြပြီ။ ၉ ကျမ်းစာလာသည်နှင့်အညီ၊ ဘုရားသခင်ကို ချစ်သော သူတို့အဘို့အလိုငှါ၊ ဘုရားသခင်ပြင်ဆင်တော် မူသော အရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး။ ၁၀ ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အား ဘော်ပြတော်မူ၏။ ဝိညာဉ်တော် သည်ဘုရားသခင်၏ နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသော အရာတို့ကိုစစ်တော်မူ၏။

မဿဲ၊ ၇း ၂၄အကြင်သူသည် ငါဟောပြောသော ဤစကားကိုကြား၍နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သော ပညာရှိနှင့် တူကြောင်းကို ငါပုံပြမည်။၂၅ မိုဃ်းရွာ၍ရေစီးသည်နှင့်လေလာ၍ ထိုအိမ်ကိုတိုက်သည်

ရှိသော်၊ ကျောက်ပေါ်မှာ တည်သော ကြောင့်မပြိုမလဲနေ၏။ ၂၆ အကြင်သူသည် ငါ ဟောပြောသော ဤစကားကိုကြား၍နားမထောင်ဘဲနေ၏။ ထိုသူသည် သဲပေါ်မှာ အိမ်ဆောက်သော လူမိုက်နှင့်တူကြောင်းကို ငါပုံပြမည်။ ၂၇ မိုဃ်းရွာ၍ ရေစီးသည် နှင့်လေလာ၍ ထိုအိမ်ကို တိုက်သောအခါ၊ ကြီးစွာသော ပြိုလဲခြင်းသို့ ရောက် လေသည်ဟုဟောတော်မူ၏။

သင်ခန်းစာ ( ၂ )

# ခရစ်ယာန်အိမ်ထောင်၌ဘုရားသခင်၏ပညတ်တော်

## အိမ်ထောင်ကွာသင့်သလော

ယခုကမ္ဘာပေါ်မှာ အိမ်ထောင်များစွာရှိသည်၊အစပိုင်း၌ပျော်ရွှင်စွာဖြင့် တည်ဆောက်၍၊နားလည်မှုလည်းအပြည့်အဝရှိကြသည်။ သို့သော်လည်း အိမ်ထောင်သက်တမ်းကြာလာသောအခါ၊ ချစ်ခြင်းမေတ္တာလျော့နည်းလာကြသည်။ ထိုအချိန်မှစ၍၊ တစ်ဦးနဲ့တစ်ဦး ခွင့်မလွှတ်နိုင်တော့ချေ။ နင်လားငါလားဟု အပြော များကြမ်းလာ၍၊စိတ်ဆိုးလာသောအခါ၊ နင်နဲ့ငါအိမ်ထောင်ကွာမည်ဟုဆို၍၊ ဘုရားသခင်၏မျက်နှာတော်ကို မရှု့မမှတ်တော့ဘဲ၊ မိဘများ၏မကျေနပ်မှုများ ကြောင့် သားသမီးများသည် မျက်နှာသိမ်ငယ်စွာ လူများ၏အရှေ့၌ သိမ်ငယ်စွာခံရ ကြသည်။ ထို့ကြောင့် အိမ်ထောင်ကို အလွယ်တကူမကွာရ၊ မည်သည့်ပြဿနာများရှိ သော်လည်း မကွာရ၊စာတန်သည် အိမ်ထောင်ကိုအမြဲတမ်းဖျက်ဆီးဖို့ရန်ကြံစီ နေသည်ကို သိဖို့ရန်လိုသည်။ ကျမ်းစာ၌ မှားယွင်းခြင်းမှ တပါးအိမ်ထောင်ကိုမကွာ သင့်ကြောင်း ဤသို့ဖော်ပြထားသည်။ယောကျ်ားဖောက်ပြန်လျှင်ကွာလို့ရသည်။ မိန်းမဖောက်ပြန်လျှင်ကွာလို့ရသည်။ ဖောက်ပြန်ခြင်းမရှိလျှင် အိမ်ထောင်မကွာရ။

**မဿဲ၊ ၁၉း၁-၉ ဒေသနာတော်ကို ယေရှုသည်အကုန်အစင် ဟောတော်**

မူပြီးလျှင်၊ဂါလိလဲပြည်မှပြောင်း၍ ယုဒပြည်စွန်း၊ ယော်ဒန်မြစ်တဘက်သို့ ကြွတော်မူ၏။ ၂လူများအပေါင်းတို့သည် နောက်တော်သို့လိုက်ကြသည်ဖြစ်၍၊ ထိုအရပ်၌အနာရောဂါများကို ငြိမ်းစေ တော်မူ၏။ ၃ဖာရိရှဲတို့သည် အထံတော်သို့လာ၍ လူသည် ခပ်သိမ်းသောအပြစ်ကြောင့် မိမိမယားနှင့် ကွာအပ်သ လောဟု စုံစမ်းနှောင့်ရှက်ခြင်းငှာ မေးလျှောက်ကြသော်၊ ၄ ကိုယ်တော်က၊ အစအဦး၌ ဖန်ဆင်းတော်မူသောသူသည် ယောက်ျားနှင့်မိန်းမနှစ်ယောက်တည်းကို ဖန်ဆင်းတော်မူ၏။၅ထိုအကြောင်းကြောင့် ယောက်ျားသည် ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ထိုသူနှစ်ယောက်တို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်ဟု ကျမ်းဆိုသည်ကို သင်တို့မဖတ်ဘူးသလော။ ၆ထို့ကြောင့် လင်မယားတို့သည် နှစ်ဦးမဟုတ်တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်ဘက်စပ်၍ ထမ်းဘိုးတင်တော်မူသောအရာကို လူမခွဲမခွာစေနှင့်ဟု မိန့်တော်မူ၏။ ၇ဖာရိရှဲတို့ကလည်း၊ထိုသို့မှန်လျှင် ဖြတ်စာကိုပေး၍ မယားနှင့်ကွာစေခြင်းငှာ မောရှေသည် အဘယ် ကြောင့်စီရင်သနည်းဟု လျှောက်ကြသော်၊ ၈ ကိုယ်တော်က၊ သင်တို့စိတ်နှလုံးခိုင်မာသောကြောင့် မယားနှင့်ကွာရသောအခွင့်ကို မောရှေသည် စီရင် ၏ အစအဦး၌ ထိုသို့မဟုတ်။၉ ငါပညတ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတပါး အခြားသောအကြောင်းဖြင့် မိမိမယားနှင့်ကွာ၍ အခြားသောမိန်းမနှင့်စုံဘက်သောသူသည် မိမိမယားကိုပြစ်မှား၏။ ကွာသောမိန်းမနှင့်စုံဘက်သောသူသည် လည်း သူ့မယားကိုပြစ်မှားသည်ဟုမိန့်တော်မူ၏။

## မတရားသောမေထုန်နှင့်ကင်းလွတ်ရန်

ဤနောက်ဆုံးသောကာလ၌၊ စာတန်သည်ပို၍အလုပ်လုပ်နေသောကြောင့် စာတန်၏လှည့်ဖျားခြင်းမခံဖို့ရန်အတွက်ယောကျ်ားတိုင်း မိမိမယား ရှိစေလော့ဟုဆိုသည်။ မိန်းမတိုင်း မိမိလင်ရှိစေလော့ဟုဆိုသည်၊၊ သို့မဟုတ်လျှင် စာတန်သွေးဆောင်၍၊ အသက်တာ၌ထိမိလဲစရာဖြစ်နိုင်သည်။

**၁ကော၊ ၇း၁-၂ သင်တို့သည် ငါ့ထံသို့ပေးလိုက်သောစာ၌ ပါသောအရာမှာ၊ ယောကျ်ားသည် မိန်းမနှင့်မဆက်ဆံဘဲ နေလျှင်၊ ကောင်းသော်လည်း၊ မတရားသောမေထုန်နှင့် ကင်းလွတ်မည်အကြောင်း၊ ယောကျ်ားတိုင်း မိမိမယား ရှိစေလော့။ မိန်းမတိုင်း မိမိလင်ရှိစေလော့။**

## ဆက်ဆံခြင်းဝတ်

အိမ်ထောင်၌ဘုရားပေးထားသောလက်ဆောင်များစွာရှိသည်။ ထိုအရာထဲက တစ်ခုသည် ဆက်ဆံခြင်းဝတ်ဖြစ်သည်။ ထို့ကြောင့် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ဆက်ဆံခြင်းဝတ်ကို မိမိလင်မယား၌သာဖြစ်ရမည်။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ အခြားသောသူများနှင့် ဆက်ဆံခြင်းဝတ်ကိုမပြုရ၊ ဘုရားမုန်းသောအရာဖြစ်သည်။

**၁ကော၊ ၇း၃ယောကျ်ားသည် ဆက်ဆံခြင်းဝတ်ကို မိမိမယားအား ပြုစေလော့။ ထိုနည်းတူ၊ မိန်းမသည်လည်း ဆက်ဆံခြင်းဝတ်ကို မိမိလင်အား ပြုစေလော့။**

## ယောက်ျားနှင့်မိန်းမမိမိကိုယ်ကိုမပိုင်

အိမ်ထောင်မိသားစု၌ ယောက်ျားသည် မိမိကိုယ်ကိုမပိုင် မယားပိုင်သည်ကိုသိဖို့လိုသည်။ ထို့နည်းသူ မိန်းမသည်လည်း မိမိကိုယ်ကိုမပိုင်လင်သည်ပိုင်သည်ကိုသိရမည်။ ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ အခြားသောသူများကမပိုင်ကြောင်းသိရမည်။ လင်မယားကြား၌လည်း နားလည်မှုအပြည့်အဝရှိဖို့ရန်လိုသည်။

**၁ကော၊ ၁း၄ မိန်းမသည် မိမိကိုယ်ကိုမပိုင်၊ လင်သည်ပိုင်၏။ ထိုနည်းတူ ယောက်ျားသည်လည်း မိမိကိုယ်ကိုမပိုင်၊ မယားသည်ပိုင်၏။**

## အချင်းချင်းခင်ပွန်းဝတ်ကိုမပယ်မရှောင်ကြနှင့်

ခင်ပွန်းဝတ်ကိုမပယ်မရှောင်ကြဖို့ရန်မှာထားသည်။ ထိုသို့အချင်းချင်းဝတ်ကိုရှောင်လျှင် စာတန်ကအပြစ်သို့သွေးဆောင်နိုင်သည်ဟုဆိုသည်။ သို့သော်လည်း ဆုတောင်းဖို့ရန်ခင်ပွန်းဝတ်ကိုခဏမျှ မရှောင်ရဟု မဆိုလို။ လင်မယားကြား၌ ထိုသို့သောအဖြစ်များက အိမ်ထောင်ကိုပြဿနာပေးနိုင်သောကြောင့်သတိထားဖို့ရန်ဖြစ်သည်။

**၁ကော၊ ၇း ၅အချင်းချင်းခင်ပွန်းဝတ်ကို မပယ်မရှောင်ကြနှင့်။ ထိုသို့ဆိုသော်၊ ဆုတောင်းခြင်းဝတ်ကိုပြုရသော အခွင့်ရှိစေခြင်းငှါ၊ သဘောတူ၍ ခင်ပွန်းဝတ်ကိုခဏမျှ မရှောင်ရဟု မဆိုလို။ ထိုသို့ရှောင်လျှင်၊ ကိုယ်ကိုမချုပ် တည်းနိုင်သောအား**

ဖြင့် စာတန်သည် အပြစ်သို့ သွေးဆောင်ရသော အခွင့်မရှိစေခြင်းငှါ၊ နောက်တဖန် အတူနေကြလော့။

## မယားမရှိသောသူနှင့်မုတ်ဆိုးမ

ရှင်ပေါလုသည် လူလွတ်ဖြစ်သည်။ ထို့ကြောင့် သူကဲ့သို့နေဖို့ရန်၊ မယားမရှိသောသူနှင့် မုတ်ဆိုးမတို့ကိုနေစေခြင်းကြောင့်ဖော်ပြခြင်းဖြစ်သည်။ မိမိကိုယ်ကိုမချုပ်တည်းနိုင်လျှင် ထိမ်းမြားစုံဘက်ခြင်းကိုပြုစေဟုအကြံပေးခြင်းဖြစသည်။

**၁ကော၊ ၇း၈-၉ ထိုကြောင့်မယားမရှိသော သူတို့နှင့် မုတ်ဆိုးမတို့ကို ငါဆိုသည်ကား၊ ထိုသူတို့သည် ငါကဲ့သို့နေလျှင် ကောင်း၏။ ၉ သို့သော်လည်း၊ ကာမဂုဏ်ကို မချုပ်တည်းနိုင်လျှင် ထိမ်းမြားစုံဘက်ခြင်းကို ပြုကြစေ။ ကိလေသာစိတ်ပူပန်ခြင်းရှိသည်ထက် ထိမ်းမြား စုံဘက်ခြင်း ပြုသော် သာ၍ကောင်း၏။**

## မယားသည်မိမိခင်ပွန်းကိုမစွန့်ပစ်စေနှင့်

**၁ကော၊ ၇း၁၀-၁၂ ခင်ပွန်းရှိသော သူတို့ကိုလည်း၊ ငါပညတ်သည် သာမက၊ သခင်ဘုရား ပညတ်တော်မူသည်ကား၊ မယားသည် မိမိခင်ပွန်းကို မစွန့်ပစ်စေနှင့်။ ၁၁စွန့်ပစ်လျှင် ခင်ပွန်းမရှိဘဲနေစေ။ သို့မဟုတ်လျှင်၊ ခင်ပွန်းဟောင်းထံသို့ ပြန်၍ အသင့်အတင့်နေစေ။ ယောကျ်ားသည်လည်း မိမိမယားနှင့် မကွာစေနှင့်။**

## ထပိုးချင်းမတူညီသောလင်မယား

ဤလောက၌၊ ယုံကြည်သူနှင့်မယုံကြည်သူများတို့သည် အိမ်ထောင်ပြုတတ်ကြသည်။ ထို့ကြောင့် အမြင်ခြင်းမတူ၊ အကြိုက်ခြင်းမတူ၊ တစ်ဘောထားများလည်းမတူညီကြချေ။ နောက်ဆုံးအိမ်ထောင်ကွာဖို့အထိဖြစ်နိုင်သည်။ မည်ကဲ့သို့အဆုံးအဖြတ်ပေးရမည်နည်း၊ ယောကျ်ားသည် မယုံကြည်သူဖြစ်၍အိမ်ထောင်ကွာလိုလျှင်ကွာလို့ရသည်။ ထို့နည်းသူ မိန်းမသည်လည်း မယုံကြည်သူဖြစ်၍ အိမ်ထောင်ကွာလိုလျှင် ကွာလို့ရသည်ဟုသိရသည်။ အိမ်ထောင်ကွာခြင်းသည် ဘုရားအလိုတော်မဟုတ်။

**၁ကော၊ ၇း၁၂-၁၄ ကြွင်းသောသူတို့ကိုသခင်ဘုရားသည် ကိုယ်တိုင်မပညတ်ဘဲ၊ ငါပညတ်သည်ကား၊ တစုံတယောက် သော ညီအစ်ကိုသည် မယုံကြည်သောမယားရှိ၍၊ ထိုမယားသည် မိမိခင်ပွန်းနှင့် နေခြင်းငှါ အလိုရှိလျှင် မကွာစေနှင့်။ ၁၃ထိုနည်းတူ မိန်းမသည်လည်း၊ မယုံကြည်သော ခင်ပွန်းရှိ၍၊ ထိုခင်ပွန်းသည် မိမိမယားနှင့်နေခြင်းငှါ အလိုရှိလျှင် မကွာစေနှင့်။ ၁၄ အကြောင်းမူကား၊ မယုံကြည်သောလင်သည် မိမိမယားအဘို့ စင်ကြယ်၏။ မယုံကြည်သော မယား သည်လည်း မိမိလင်အဘို့ စင်ကြယ်၏။ သို့မဟုတ်လျှင် သင်တို့၏ သားသမီးသည် မစင်ကြယ်။ ယခုတွင် စင်ကြယ်ကြ၏။**

# မယုံကြည်သောသူယောက်ျားဖြစ်စေ၊မိန်းမဖြစ်စေ

မိသားစု၌ထဘိုးမတူညီသော လင်မယားရှိသည်။ ထဘိုးခြင်းမတူညီသောကြောင့် ပြဿနာလည်းဖြစ်တတ်ကြသည်။ ထို့ကြောင့် မယုံကြည်သောယောက်ျားသည် ယုံကြည်သောမိန်းမကို ကွာဖို့ခွင့်တောင်းလျှင် ကွာလို့ရသည်။ ထိုနည်းတူ မယုံကြည်သောမိန်းမသည် ယုံကြည်သောမိမိယောက်ျားကို ကွာခွင့်တောင်းလျှင် ကွာလို့ရသည်။ သို့သော်လည်း ဘုရားသခင်သည် အသင့်အသင့်နေဖို့ရန် ပညတ်တော်ရှိသည်။

**၁ကော၊ ၇း၁၅ သို့သော်လည်း မယုံကြည်သောသူသည် ကွာသွားလိုလျှင် ကွာသွားစေ။ ထိုသို့ပြုလျှင် တပည့်တော် သည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ချည်နှောင်ခြင်းမရှိ။ ငါတို့သည် အသင့်အတင့်နေစေခြင်းငှါ ဘုရားသခင်၏ ပညတ်တော်ရှိ၏။ ၁၆အချင်းမိန်းမ၊ သင်သည်ကိုယ်ခင်ပွန်းကို ကယ်တင်မည်၊ မကယ်တင်မည်ကို အဘယ်သို့ သိသနည်း။ အချင်းယောက်ျား၊ သင်သည် ကိုယ်ခင်ပွန်းကို ကယ်တင်မည်။ မကယ်တည်မည်ကို အဘယ်သို့သိသနည်း။ ၁၇သခင်ဘုရားသည် လူအသီးအသီးတို့အား ဝေငတော်မူ၍၊ ဘုရားသခင်သည် လူအသီးအသီးတို့ကို ခေါ်တော်မူသည်နှင့်လျော်စွာ လူတိုင်းကျင့်နေစေ။ ခပ်သိမ်းသော အသင်းတော်တို့ကို ထိုသို့ငါပညတ်၏။**

## မယားရှိလျှင်လွတ်စေခြင်းငှါမကြံစည်နှင့်

ယောက်ကျ်ားသည် မိမိ၏မိန်းမအပေါ်၌သစ္စာရှိဖို့ရန်လိုသည်။ မိန်းမသည်လည်း မိမိ၏ယောက်ျားအပေါ်၌သစ္စာရှိဖို့လိုသည်။ မိမိ၏မိန်းမ၊ မိမိ၏ယောက်ျားရှိလျက်ပင် အခြားသောသူများနှင့် နောက်မီးမလင်းသင့်ချေ။

**၁ကော၊ ၇း၂၇-၂၈ သင်သည်မယားရှိလျှင် လွတ်စေခြင်းငှါ မကြံစည်နှင့်။ မယားနှင့်လွတ်လျှင် အခြားသောမယားကို မရှာနှင့်။ ၂၈သို့သော်လည်း သင်သည် မယားနေလျှင် အပြစ်မရှိ။ လင်မနေဘူးသော မိန်းမသည်လည်း လင်နေလျှင် အပြစ်မရှိ။ သို့သော်လည်း၊ ထိုသို့ပြုသော သူတို့သည် လောကညှဉ်းဆဲခြင်းဒုက္ခကို ခံရကြမည်။ ဤအမှုအရာ၌ ကျပ်တည်းစွာသော ပညတ်ကို ငါမထားလို။**

## မယားရှိသောသူသည်မယားမရှိသကဲ့

ကောင်းကင်နိုင်ငံရောက်သောအခါ၊ မယားရှိသောသူသည် မယားမရှိသကဲ့သို့ဖြစ်မည်။ ဤလောကအရာများအားလုံးသည် ကွယ်ပျောက်မည်ဖြစ်သည်။

**၁ကော၊ ၇း၂၉-၃၁ ညီအစ်ကိုတို့၊ ငါဆိုသည်ကား၊ ကျန်ကြွင်းသော ကာလသည် ကျဉ်းကျပ်သည်ဖြစ်၍၊ မယားရှိသော သူသည် မယားမရှိသကဲ့သို့ ဖြစ်ရမည်။ ၃၀ ငိုကြွေးသောသူသည် မငိုကြွေးသကဲ့သို့ ဖြစ်ရမည်။ ဝမ်းမြောက်သောသူသည် ဝမ်းမမြောက်သကဲ့သို့ ဖြစ်ရမည်။ ဥစ္စာဝယ်သောသူသည် အလျှင်းမရှိသကဲ့သို့ ဖြစ်ရမည်။ ၃၁ ဤလောကကို သုံးသောသူသည် မသုံးသကဲ့သို့ ဖြစ်ရမည်။**

**အကြောင်းမူကား၊ဤလောက၏ အဆင်း သဏ္ဌာန်သည်ရွေ့သွား ကွယ်ပျောက်တတ်၏။**

## ခင်ပွန်းရှိသောသူနှင့်၊မရှိသောသူ

ခင်ပွန်းရှိသောသူနှင့်မရှိသောသူသည်ခြားနားသည်။ ခင်ပွန်းရှိသောသူသည် မိမိပွန်းနှစ်သက်အောင် သတိထား၍အသက်ရှင်တတ်သည်။ ခင်ပွန်းမရှိသောမိန်းမမူကား သခင်ဘုရား၏အမှုကိုသာ သတိထားတတ်သည်။ ထို့ကြောင့် ခင်ပွန်းမရှိသောမိန်းမများသည် ဘုရားသခင်ကို အားကိုး၍အသက်ရှင်တတ်ကြသည်။

**၁ကော၊ ၇း ၃၃-၃၄ ခင်ပွန်းရှိသောသူမူကား၊ မိမိမယား၏စိတ်နှင့် တွေ့စေခြင်းငှါ လောကီအမှုကို သတိထားတတ်၏။ ၃၄ထိုနည်းတူ၊ ခင်ပွန်းမရှိသောမိန်းမနှင့် ခင်ပွန်းရှိသော မိန်းမသည် ခြားနားခြင်း ရှိ၏။ ခင်ပွန်းမရှိသော မိန်းမသည် ကိုယ်ခန္ဓာစိတ်ဝိညာဉ်နှစ်ပါးကို သန့်ရှင်းစေခြင်းငှါ သခင်ဘုရား၏အမှုကိုသာ သတိထားတတ်၏။ ခင်ပွန်းရှိသောမိန်းမမူကား၊ မိမိခင်ပွန်း၏စိတ်နှင့် တွေ့စေခြင်းငှါ လောကီအမှုကို သတိထားတတ်၏။**

## မိမိခင်ပွန်းမသေမှီကာလပတ်လုံး

မိန်းမသည် မိမိခင်ပွန်းမသေမှီကာလပတ်လုံး ချည်နှောင်လျက်ရှိသည်။ ယောကျာ်းသည်လည်း မိမိမိန်းမ မသေမှီကာလပတ်လုံး ချည်နှောင်လျက်ရှိသည်။ ယော

က်ကျားဖြစ်စေ၊ မိန်းမဖြစ်စေ သေလျှင် ချည်နှောင်ခြင်းမှ လွတ်သောကြောင့် အခြားသောသူ၏မယား၊ ခင်ပွန်းဖြစ်ရသောအခွင့်ရှိသည်။ အခြားသောသူ၏မယား၊ ခင်ပွန်းမဖြစ်သည်သောသူသည် သာ၍မင်္ဂလာရှိသည်ဟုဆိုသည်။ ရှင်ပေါလုက ငါ၌ ဘုရားသခင်၏ ဝိညာဉ်တော်ရှိသည်ဟုဆိုသည်။ ထိုအရာကိုငါစွဲလမ်းခြင်း စိတ်ရှိသည်ဟု ဆိုသည်။

**၁ကော၊ ၇း ၃၉-၄၀ မိန်းမသည် မိမိခင်ပွန်းမသေမှီ ကာလပတ်လုံး တရားအားဖြင့် ချည်နှောင်လျက်ရှိ၏။ ခင်ပွန်းသေလျှင် မူကား၊ မိမိအလိုအတိုင်း သခင်ဘုရား၌သာ အခြားသော သူ၏ မယားဖြစ်ခြင်းငှါ အခွင့်ရှိ၏။ ၄၀ အခွင့်ရှိသော်လည်း၊ အခြားသောသူ၏ မယား မဖြစ်ဘဲနေလျှင်၊ သာ၍မင်္ဂလာရှိသည်ဟု ငါ သဘော ရှိ၏။ ငါ၌လည်း ဘုရားသခင်၏ ဝိညာဉ်တော်ရှိတော်မူသည်ဟု ငါစွဲလမ်းခြင်းစိတ်ရှိ၏။**

# မုဆိုးဖြစ်သောယောက်ျားနှင့်မိန်းမဘုရား၏ပညတ်တော်

မုဆိုးဖြစ်သော ယောက်ျားနှင့်မိန်းမတို့ကို ဘုရားသခင် ပညတ်တော်မူသော အရာဖြစ်သည်။လင်ရှိသောယောက်ျားမိန်းမတို့သည် မိမိလင်မသေ မှီတိုင်အောင်၊ ပညတ်တရားအားဖြင့် မိမိလင်၌ချည်နှောင် လျက်ရှိသည်။ လင်သေ လျှင်မူကား လင်ဝတ်နှင့်လွတ်သည်။ မိမိလင်မသေမှီအခြားသောသူ၏မယားဖြစ်လျှင်၊ ဖောက်ပြန်သောသူဟုခေါ်ထိုက်သည်။ မိမိ၏လင်မရှိသောကြောင့် အခြားသော

သူ၏မယားဖြစ်သော်လည်း၊ အပြစ်မရှိ၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်ကြောင်းသိရသည်။ ထိုသို့ ဘုရားသခင်၏ပညတ်တော်ကိုလည်း မိသားစု၌ သိသင့်သည်။

**ရောမ၊ ၇း၁-၄ ပညတ်တရားကို သိသောညီအစ်ကိုတို့၊ပညတ် တရားသည် လူကိုအသက်ထက်ဆုံးမျှသာပိုင်သည်ကိုမသိကြသလော။ ၂ ဥပမာကား၊ လင်ရှိသော မိန်းမသည် လင်မသေ မှီတိုင်အောင်၊ပညတ်တရားအားဖြင့် လင်၌ချည်နှောင် လျက်ရှိ၏။ လင်သေလျှင်မူကား လင်ဝတ်နှင့်လွတ်၏။ ၃ ထိုကြောင့်၊ မိမိလင်မသေမှီ အခြားသော သူ၏ မယားဖြစ်လျှင်၊ မျောက်မထားသောမိန်းမဟု ခေါ်ထိုက် ၏။ လင်သေလျှင်မူကား၊ ထိုတရားနှင့်လွတ်သည်ဖြစ်၍၊ အခြားသောသူ၏ မယားဖြစ်သော်လည်း၊ မျောက်မထားသောမိန်းမဟု ခေါ်စရာအကြောင်းမရှိ။**

## ယောက်ျား၏သစ္စာစကား

အိမ်ထောင်ဦးစီးမှူးဖြစ်သော ဖခင်သည် ဘုရားသခင်အား ကတိသစ္စာကို လွယ်လွယ်လေးမပေးရ၊ ကတိပေးလိုက်ဖျက်လိုက်မလုပ်ရ။ ဘုရားသခင်အား သစ္စာကတိပေးသော စကားကိုတည်ရမည်။ မိမိနှုတ်ထွက်သည့် အတိုင်းလုပ်ရမည်။ ကတိသစ္စာစကားကိုဖြေဖို့ရန် ( ဒေသနာကျမ်း ၅း၄-၆ ) ၌တွေ့ရသည်။ လူအချို့တို့သည် ဘုရားသခင်နှင့် လူတို့ကို သစ္စာကတိပေးသော်လည်း သစ္စာကတိမတည်သောသူများ ရှိကြောင်းကိုတွေ့ရသည်။ ထိုသူတို့သည် အပြစ်ရှိသည်ဟုဆိုသည်။ ကိုယ့်စကားကြောင့် အပြစ် မရောက်စေဘို့ရန်အရေးကြီးသည်။

**တောလည်ရာကျမ်း၊ ၃၀း၁-၂တဖန်ထာဝရဘုရားမိန့်တော်မူသော စကားကို မောရှေသည်၊ ဣသရေလ အမျိုးသားတို့တွင် အမျိုးအနွယ်တို့၌ မင်းဖြစ်သောသူတို့အား ဆင့်ဆိုသည်ကား၊ ၂ လူယောက်ျားသည် ထာဝရဘုရားအား သစ္စာ ဂတိပြုသော်ရင်း၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်၍ ကျိန်ဆိုခြင်းကို ပြုသော်ရင်း၊ မိမိပြောသောစကားကို မဖျက်ဘဲ၊မိမိနှုတ်ထွက်ရှိသည်အတိုင်း ပြုရမည်။**

# လင်ရှိသောမိန်းမ၏သစ္စာစကား

ယောက်ျားရှိသောမိန်းမသည်လည်း တခုခုကိုလုပ်သောအခါ၊ မိမိယောက်ျားကိုအရင်တိုင်ပင်ပြီးမှသာလုပ်သင့်သည်၊၊ ယောက်ျား၏သဘောတူဖို့လည်းလိုအပ်သည်။ အချို့သော မိန်းမများသည် ကိုယ့်ယောက်ျားကို အရင်တိုင်ပင်၍ လုပ်ကြသည်။အချို့သောမိန်းမများသည် မိမိသဘောနဲ့လုပ်ကြသည်။ ယောက်ျားရှိသောမိန်းမ၏သစ္စာစကားကို မိမိယောက်ျားကလက်ခံခြင်းမရှိလျှင်၊ဘုရားသခင်သည်လည်းလက်မခံကြောင်းတွေ့ရသည်။ ဘုရားသခင်၏မျက်နှာတော်ကိုထောက်ရှု၍၊ မိမိလင်၏စကားကိုနားထောင်ဖို့လိုသည်။ မိမိလင်သည်လည်း ဘုရားကိုကြောက်ရွံ့ရိုသေသောသူဖြစ်ဖို့ရန်လဲလိုသည်။ မိန်းမ၏ သစ္စာကတိပြုသောအရာများကို ယောက်ျားသည် ပယ်ရသောအခွင့်၊ တည်စေရသော အခွင့် ကို ဘုရားသခင်ပေးထားသည်။

**တောလည်ရာကျမ်း၊ ၃၀း ၆-၈မိန်းမသည် လင်ရှိလျက်၊ သစ္စာဂတိပြု၍**

**ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်ခြင်းဒုက္ခနူတ်မြောက်သောအခါ၊ဂ္ဂလင်သည်ကြားလျှင်ရင်း၊ ကြားသောနေ့၌ တိတ်ဆိတ်စွာနေလျှင်ရင်း၊ ထိုသစ္စာစကား၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သောစကား တည်ရမည်။ ဇသို့မဟုတ်လင်သည် ကြားသောနေ့၌ မြစ်တား လျှင်၊ ထိုသစ္စာစကား၊ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင် သောစကားကို လင်သည်ပယ်၍၊ ထာဝရဘုရားလည်း လွှတ်တော်မူမည်။**

## လင်သေလွန်သောသူနှင့် လင်နှင့်ကွာသောမိန်းမ၏သစ္စာစကား

ယောကျ်ားသေသည်ဖြစ်စေ၊ ယောကျ်ားနှင့်ကွာသည်ဖြစ်စေ၊ ထိုသို့သော မိန်းမသည် သူပြုသော သစ္စာစကားအလုံးစုံတို့ကို တည်ရသော အခွင့်ကို ဘုရားသခင်သည် ပေးထားသည်။ အဘယ်ကြောင့် ဆိုသော် သူသည် ယောကျ်ား မရှိသော ကြောင့်ဖြစ်သည်။

**တောလည်ရာကျမ်း၊ ၃၀း၉ လင်သေသောမိန်းမ၊ လင်နှင့်ကွာသော မိန်းမသည် ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သော သစ္စာဂတိ အလုံးစုံတို့သည် တည်ရကြမည်။**

## အဘအိမ်၌နေသော မိန်းမငယ်၏သစ္စာစကား

အဘအိမ်၌နေသော သမီးငယ်သည် မည်မျှပင် ဘုရားသခင်ထံ၌၊ သစ္စာစကားပေးထားသော်လည်း ထိုသစ္စာစကားဆိုကြောင်းကို အဘကြား၍၊ အဘသည်မ

နှစ်သက်လျှင် ထိုသစ္စာစကားကိုဖြတ်ရသောအခွင့်ရှိသည်ဟုဆိုသည်။အဘသည် သစ္စာစကားဖြတ်သောအခါ၊ ဘုရားသခင်သည်လည်း လက်ခံကြောင်းကိုတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အိမ်ထောင်မိသားစု၌၊ ယောကျ်ားကို ဦးခေါင်းနေရာ၌ ထားခြင်းကြောင့်ဖြစ်သည်။ အဘအိမ်၌နေသော သမီးငယ်၏ သစ္စာဂတိပြုသောအရာများသည် အဘတည်စေရသောအခွင့်ပယ်ဖြတ်သော အခွင့်ကို ဘုရားသခင်သည်ပေးထားသည်။

**တောလည်ရာကျမ်း၊၃၀း၃-၅မိန်းမသည် အဘအိမ်၌ အသက်ငယ်စဉ်အခါ၊ ထာဝရဘုရားအား သစ္စာဂတိပြုသော်၎င်း၊၄ထိုသစ္စာစကား၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင် သောစကားကို အဘသည် ကြားလျက် တိတ်ဆိတ်စွာ နေလျှင် ထိုသစ္စာစကားရှိသမျှတို့နှင့် ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သော စကားဟူသမျှတို့သည် တည်ရကြမည်။ ၅သို့မဟုတ် အဘသည် ကြားသောနေ့၌ မြစ်တား လျှင်၊ ထိုသစ္စာစကား မည်မျှ၊ ကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်သောစကား မည်မျှမတည်ရ။ အဘမြစ်တားသောကြောင့်၊ ထာဝရဘုရား လွှတ်တော်မူ**မည်။

# အိမ်ထောင်၌လိုက်နာရမည့်ဘုရားသခင်၏ပညတ်တော်

အိမ်ထောင်မိသားစုအတွက် ဘုရားပေးထားသော ပညတ်တော်ကိုလိုက်နာဖို့ရန်အရေးကြီးသည်။ ထိုပညတ်တော်များကိုချိုးဖောက်ပါက မိသားစု၌အဆင်မပြေမှုတွေ များလာ၍၊ စိတ်ဆင်းရဲခြင်း၊ ဝမ်းနည်းကြေကွဲခြင်း များနှင့်ကြုံလာ

နိုင်သည်နောက်ဆုံး၌၊ အိမ်ထောင်ပြိုလဲသည်အထိဖြစ်သွားနိုင်သည်။ ထို့ကြောင့် ဘုရားသခင်မှာထားသောစကားကိုနားထောင်၍၊ နေ့ရက်တိုင်းအချိန်တိုင်းမှာ ဝန်ခံခြင်းနဲ့အသက်ရှင်လျှင်၊ ဘုရားသခင်ဗေါ်ပို့ဆောင်ခြင်းဖြင့် ပျော်ရွှင်သောအိမ်ထောင်ကို ပိုင်ဆိုင်ရမည်ဖြစ်သည်။

**တောလည်ရာကျမ်း၊ ၃၀း ၁၀-၁၆ လင်အိမ်၌ ရှိစဉ်အခါ၊ သစ္စာဂတိပြုသော်ရင်း၊ ကျိန်ဆိုခြင်းအားဖြင့်ကိုယ်စိတ်ဝိညာဉ်၌ချည်နှောင်သော်ရင်း၊ ၁၁လင်သည် ကြားသော်လည်းမမြစ်တား တိတ်ဆိတ်စွာနေလျှင်၊ထိုသစ္စာဂတိရှိသမျှကိုယ်စိတ်ဝိညာဉ်၌ ချည်နှောင်ခြင်းရှိသမျှတို့သည် တည်ရကြမည်။ ၁၂သို့မဟုတ်လင်သည် ကြားသောနေ့၌ ရှင်းရှင်းပယ်ဘူးလျှင်၊သစ္စာဂတိနှင့်ရင်း၊ စိတ်ဝိညာဉ်၌ ချည် နှောင်ခြင်းနှင့်ရင်း ဆိုင်သော စကားမည်မျှ မတည်ရ။လင်သည် ပယ်သောကြောင့်၊ ထာဝရဘုရားလည်း လွှတ်တော်မူမည်။ ၁၃ ခပ်သိမ်းသောသစ္စာဂတိ၊ ငြိုးငြင်စွာကျင့်ခြင်းနှင့် ဆိုင်သမျှသော အချည်အနှောင်ကျိန်ဆိုခြင်းတို့ကို၊ လင်သည် တည်စေပိုင်သောအခွင့်၊ ပယ်ပိုင်သော အခွင့်ရှိ၏။ ၁၄လင်သည် တနေ့ထက်တနေ့ တိတ်ဆိတ်စွာနေ လျှင်၊ မယားပြုသော သစ္စာဂတိရှိသမျှတို့နှင့် မယား၌ ချည်နှောင်ခြင်း ရှိသမျှတို့ကို တည်စေ၏။ ကြားသောနေ့၌ တိတ်ဆိတ်စွာ နေသောကြောင့် တည်စေပြီ။ ၁၅ထိုစကားကို ကြားသောနေ့နောက်မှ၊ လင်သည် ပယ်အံ့သောငှါ ပြုလျှင်၊ မယားအပြစ်ကိုကိုယ်တိုင် ခံရမည်။ ၁၆ ဤခွေ့ကား၊ မယားနှင့်လင်စပ်ကြား၌ရင်း၊ အဘအိမ်မှာ**

**အသက်နုငယ်သောသမီးနှင့် အဘစပ်ကြား ၌ရင်း၊ မောရှေအားဖြင့် ထာဝရဘုရား ထားတော်မူသော ပညတ်တရားဖြစ်သတည်း။**

# အမိနှင့်ဆိုင်သောဘုရား၏ပညတ်တော်

ဘုရားသခင်သည် မိသားစုနှင့်ဆိုင်သောပညတ်တော် ပေးထားခြင်းသည် မိသားစု၏ဘဝ ကောင်းကြီးခံစားဖို့ရန်နှင့် ကျိန်ခြင်းဘေးနှင့်မကြုံရဖို့ရန်အတွက် ပေးထားခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်ကို တန်ဘိုးမထား ဂရုမစိုက် နားမထောင်လျှင်၊ နားမထောင်ခြင်းအကျိုးကိုခံစားရမည်ဖြစ်သည်၊၊ ထို့ကြောင့် အမိနှင့်ဆိုင်သော ဘုရားမှာထားသောစကားကို နားထောင်ရမည်ဖြစ်သည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း၆-၈ သင်တို့တွင် အဘယ်သူမျှ ကိုယ်ပေါက်ဘော်တော်သောသူကို ချဉ်း၍ သံဝါသမပြုရ။ ငါသည် ထာဝရဘုရားဖြစ်၏။ ၇ သင်၏ အဘနှင့်သာဆိုင်သော သင်၏ အမိကို မချဉ်းရ။ ကိုယ်အမိ ဖြစ်သောကြောင့် သံဝါသမပြုရ။၈ ကိုယ်အဘ၏ မယားမည်သည်ကို မချဉ်းရ။ အဘနှင့်သာဆိုင်၏။**

**ဝတ်ပြုရာကျမ်း၊ ၂၀း ၁၁ ကိုယ်အဘ၏ မယားနှင့်သင့်နေသောသူသည် အဘနှင့်သာဆိုင်သောအရာကို ပြစ်မှားသောကြောင့်၊ ထိုမိန်းမနှင့်တကွ အသေသတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။**

**၁ ကော၊ ၅း၁-၅ တရားသောမေထုန်သာမညမဟုတ်၊ အဘ၏ မယားကို သိမ်းယူခြင်းတည်းဟူသောသာသနာပလူတို့ တွင်ပင် မကြားရသော မေထုန်၌မှီဝဲ**

**သော သူသည် သင်တို့တွင် ရှိကြောင်းကို အနှံ့အပြားကျော်စောကြ၏။ ၂ထိုသို့ပြု သောသူကို သင်တို့အထဲမှ နှင်ထုတ်မည် အကြောင်း၊ စိတ်မသာ ညည်းတွားခြင်းကိုမ ပြု၊ မာန ထောင်လွှားလျက် နေကြ၏။ ၃ ထိုကြောင့် ငါသည် ကိုယ်ခန္ဓာအားဖြင့် သင် တို့နှင့်ကွာလျက် ရှိသော်လည်း၊ ဝိညာဉ်အားဖြင့် မကွာ၊ ကိုယ်တိုင်သင်တို့နှင့် အတူရှိ သကဲ့သို့ ထိုသို့ကျင့်သောသူကို ယခုပင်ငါစီရင်ပြီ။ ၄ စီရင်ချက်ဟူမူကား၊ ငါတို့ သခင်ယေရှုခရစ်၏ အခွင့်အားဖြင့် သင်တို့သည် ငါ့ဝိညာဉ်နှင့်အတူ စည်းဝေးပြီးမှ ငါတို့သခင် ယေရှုခရစ်၏ တန်ခိုးတော်ကို အမှီပြု၍၊ ၅ ထိုသူ၏ဝိညာဉ်သည် ယေရှု ခရစ်၏နေ့ရက်၌ ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း၊ သူ၏ကိုယ်ခန္ဓာ ပျက်စီး ဘို့ရာ သူ့ကိုစာတန်လက်သို့ အပ်နှံကြစေဟု ငါစီရင်၏။**

# နှမနှင့်ဆိုင်သောဘုရား၏ပညတ်တော်

တအိမ်တည်း၌ မွေးဘွားသည်ဖြစ်စေ၊အခြားသောအရပ်၌ မွေးဘွားသည် ဖြစ်စေ၊သင်၏နှမကို မချဉ်းကပ်ရ ဟုဘုရားမှာထားကြောင်းတွေ့ရသည်။ သို့သော် မိမိဆန္ဒ ပြင်းထန်သောကြောင့် ဘုရားမှာထားသောစကားကို ဆန့်ကျင်ဖက်ပြု၍၊ မိမိ နှမနှင့်အိမ်ထောင်ပြုသောသူများလည်းရှိကြသည်။ ထို့ကြောင့် မိမိအထဲမှမွေးဘွား လာသော သားသမီးများသည် အားနည်းသောသူများ၊ မကျန်းမာသောသူများဖြစ်ကြ သည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း ၉ တအိမ်တည်း၌ မွေးဘွားသည်ဖြစ်စေ၊ အခြား**

**သော အရပ်၌ မွေးဘွားသည်ဖြစ်စေ၊ သင်၏ နှမကို မချဉ်းရ။**

**ဝတ်ပြုရာကျမ်း၊ ၂၀း၁၇ ယောက်ျားသည် အဘ၏သမီး၊ အမိ၏သမီး ဖြစ်သော မိမိနှမနှင့်သင့်နေလျှင်၊ မတရားသော အမှုဖြစ်၏။ ထိုသူတို့သည် အမျိုးသားချင်းတို့ ရှေ့မှောက်၌ ပယ်ရှင်းခြင်းကို ခံရကြမည်။ ထိုယောက်ျား သည် နှမနှင့်သင့်နေသောကြောင့်၊ မိမိအပြစ်ကို ခံရမည်။**

# မိမိရင်သွေးနှင့်ဆိုင်သောဘုရား၏ပညတ်တော်

ကိုယ့်ရင်သွေးဖြစ်သော သင်၏မြေးကိုမချဉ်းရဟု သိရသည်။ ယခုခေတ်သည် နောက်ဆုံးသောခေတ်၊ ဆိုးယုတ်သောခေတ်၊ မိမိဇာတိကိုမချုပ်တည်းနိုင်သောခေတ် ဖြစ်သောကြောင့် ဘုရားသခင်ကို ပုန်ကန်၍၊ ဇာတိနောက်ကိုလိုက်၍၊ မိမိ၏ရင်သွေးဖြစ်သော သူတို့၏မြေးများကို ပြစ်မှားသောသူများရှိကြသည်။ ထိုသို့ မပြုရ။ **ဝတ်ပြုရာကျမ်း၊ ၁၈း၁၀ ကိုယ်ရင်သွေးဖြစ်သော သင်၏မြေးကို မချဉ်းရ။**

# အမိခြားအဘတပါးနှင့်ဆိုင်သောဘုရား၏ပညတ်တော်

အမိခြားသော်လည်း တဘတည်းဖြစ်သော နှမကို မချဉ်းရဟုတွေ့ရသည်။ မအေတူ၊ဖအေကွဲ သောနှမကို မချဉ်းရဟုဘုရားသခင် ပညတ်တော်ထားကြောင်းသိရသည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း ၁၁ အမိခြားသော်လည်း တဘတည်းဖြစ်သော နှမကို**

မချဉ်းရ။

## အဘ၏ပေါင်းဘော်ရင်းနှင့်ဆိုင်သောဘုရား၏ပညတ်တော်

သင့်အဘ၏ ပေါက်ဘော်ရင်းဖြစ်သော ကိုယ့်ဖခင်၏နှမကိုမချဉ်းကပ်ရမည် အကြောင်းကို ဘုရားသည်ပညတ်ထားကြောင်း၌သို့တွေ့ရသည်။ ထို့ကြောင့် ကိုယ့်ဖခင်၏အစ်မဖြစ်စေ၊ ညီမဖြစ်စေ၊ အိမ်ထောင်ဘက် သူတို့နှင့်မပြုရ၊ ထိုသို့အိမ်ထောင်ပြုလျှင်၊ အပြစ်ရှိသော ကြောင့် တစ်သက်လုံးသားမရဘဲ နေရလိမ့်မည်ဟု ဘုရားသခင် ပညတ်ထားသည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း၁၂ သင့်အဘ၏ ပေါက်ဘော်ရင်းဖြစ်သောအဘ၏ နှမကိုရင်း၊**

**ဝတ်ပြုရာကျမ်း၊ ၂၀း၁၉ အဘ၏ ညီအစ်ကိုမယားနှင့်သင့်နေလျှင်၊ အဘ၏ညီအစ်ကိုနှင့်သာဆိုင်သော အရာကိုပြစ်မှား သောကြောင့်၊ ထိုသူတို့သည်မိမိအပြစ်ကိုခံရသဖြင့်၊ တသက်လုံးသားမရဘဲ နေရလိမ့်မည်။**

## အမိ၏ပေါင်းဘော်ရင်းနှင့်ဆိုင်သောဘုရား၏ပညတ်တော်

သင့်အမိ၏ပေါက်ဘော်ရင်းဖြစ်သော အမိ၏ညီအစ်မကိုရင်း၊ မပေါင်းဖော်ရဟုတွေ့ရသည်။ ကိုယ့်အမိ၏ညီအစ်မဖြစ်သောသူများကို ချဉ်းမကပ်ရမည့် အကြောင်း ဘုရားသခင်သည် ပညတ်ထားသည်။ ထို့ကြောင့် ကိုယ့်အမိ၏ညီအစ်မ

နှင့်ဆိုင်သောသူကို မချဉ်းရ။ ချဉ်း၍၊ သူနှင့်ညစ်ညူးခြင်းရှိလျှင်၊ ဘုရားသခင်၏ကျိန်တော်မူခြင်းကိုခံရမည်။ **ဝတ်ပြုရာကျမ်း၊ ၁၈း၁၃ သင့်အမိ၏ ပေါက်ဘော်ရင်းဖြစ်သော အမိ၏ ညီအစ်မကိုရင်း၊၊**

## အဘ၏ညီအစ်ကိုနှင့်ဆိုင်သောဘုရား၏ပညတ်တော်

အဘ၏ ညီအစ်ကိုနှင့်သာဆိုင်သော မိကြီး၊မိထွေးဖြစ်သော အဘ၏ ညီအစ်ကို မယားကိုရင်း၊အိမ်ထောင်မပြုသင့်ကြောင်းတွေ့ရသည်။ထိုသို့ဘုရား ပညတ်ထားသောအရာကိုချိုးဖောက်လျှင်တစ်သက်လုံးသားသမီးမရဘဲနေရမည်ကို သိရသည်။

**ဝတ်ပြုရာကျမ်း၊၁၈း၁၄ အဘ၏ ညီအစ်ကိုနှင့်သာဆိုင်သော မိကြီး၊ မိထွေးဖြစ်သော အဘ၏ညီအစ်ကို မယားကိုရင်း၊၊**

**ဝတ်ပြုရာကျမ်း၊ ၂၀း၂၀ အဘ၏ ညီအစ်ကိုမယားနှင့် သင့်နေလျှင်၊ အဘ၏ ညီအစ်ကိုနှင့်သာဆိုင်သော အရာကို ပြစ်မှား သောကြောင့်၊ ထိုသူတို့သည် မိမိအပြစ်ကိုခံရသဖြင့်၊ တသက်လုံးသားမရဘဲ နေရလိမ့်မည်။**

## ချွေးမနှင့်ဆိုင်သောဘုရား၏ပညတ်တော်

သား၏မယားဖြစ်သော မိမိ၏ချွေးမကို မချဉ်းကပ်ရမည့် အကြောင်း ဘုရားသခင်၏ပညတ်တော်ရှိသည်။ ထို့ကြောင့် ဘုရား၏စကားတော်ကို နားထောင်း

ခြင်းသည်၊ အကျိုးနည်းခြင်းမရှိသော ကြောင့် မိမိ၏ချွေးမကို မချဉ်းကပ်ရ၊ ဘုရား မနှစ်သက်သောအရာ ဖြစ်သည်။ ထိုသို့တားမြစ်ထားသော အရာကို နားထောင်ခြင်း မရှိပါက ဘုရားသခင်၏အမျက်တော်ကျိန်ခြင်းကိုခံရမည်ဖြစ်သည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း၁၅ သား၏မယားတည်းဟူသောချွေးမကိုရင်း၊၊**

# မိမိညီအစ်ကိုနှင့်ဆိုင်သောဘုရား၏ပညတ်တော်

ညီအစ်ကိုနှင့်သာဆိုင်သောညီအစ်ကို၏ မယားကိုရင်း၊ မချဉ်းကပ်ရ။ ဟုတွေ့ ရသည်။ မိမိညီအစ်ကို၏မယားများကို မချဥ်းကပ်ရမည့်အကြောင်းကိုလည်း သတိပေးထားကြောင်း သိရသည်။ ထို့ကြောင့် မိမိညီအစ်ကိုများ၏မယားကို မချဥ်း ကပ်ရမည် အကြောင်းသတိထားရမည်။ ဘုရားအလိုတော်ရှိသည်မဟုတ်။ အစ်ကို၏မယား၊ ညီ၏မယားနှင့် အိမ်ထောင်ဘက်ပြုလျှင် ညစ်ညူးသောအမှုဖြစ် သည်။ အိမ်ထောင်ဘက်ပြုလျှင် သားမရဘဲနေရလိမ့်မည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း ၁၆ ညီအစ်ကိုနှင့်သာဆိုင်သော ညီအစ်ကို၏ မယား ကိုရင်း၊မချဉ်းရ။**

**ဝတ်ပြုရာကျမ်း၊၂၀း၂၁ညီအစ်ကို၏ မယားနှင့် သင့်နေလျှင် ညစ်ညူးသော အမှုဖြစ်၏။ ညီအစ်ကိုနှင့်သာ ဆိုင်သောအရာ ကိုပြစ်မှားသောကြောင့်ထိုသူတို့သည် သားမရဘဲနေရလိမ့်မည်။**

# ကိုယ့်သမီးနှင့်ဆိုင်သောဘုရား၏ပညတ်တော်

ကိုယ့်မယား၏ ပေါက်ဘော်ရင်းဖြစ်သော မယား၏သမီး၊ မယား၏ မြေးကိုမချဉ်းရ။ မတရားသောအမှုဖြစ်၏။ဟုတွေ့ရသည်။ ဘုရားသခင်၏အမျက်တော်ကို မခံဖို့ရန်အတွက် မိမိသမီးနှင့်ဎင်း၊ ကိုယ့်မြေးကိုဎင်း မပြစ်မှားရ၊ မချဉ်းကပ်ရ။ ချဉ်းကပ်လျှင်၊ ဘုရား၏အမျက်တော်ကိုခံရ၍ မီးရှို့ခြင်းကိုခံရမည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း၁၇ ကိုယ်မယား၏ ပေါက်ဘော်ရင်းဖြစ်သော မယား၏သမီး၊ မယား၏ မြေးကို မချဉ်းရ။ မတရားသောအမှုဖြစ်၏။**

**ဝတ်ပြုရာကျမ်း၊ ၂၀း၁၄ ယောက်ျားသည် သမီးနှင့်အမိကို မယားပြုလျှင်၊ မတရားသောအမှုဖြစ်၏။ သင်တို့တွင် မတရားသော အမှုမရှိစေခြင်းငှါ၊ ထိုသူသုံးယောက်တို့ကို မီးရှို့ရမည်။**

# ကိုယ့်မယား၏ညီအစ်မနှင့်ဆိုင်သောဘုရား၏ပညတ်တော်

ကိုယ့်မယားကို နှောင့်ရှက်ခြင်းငှါ သူအသက်ရှင်စဉ်တွင် သူ၏ ညီအစ်မကို မသိမ်းရ ဟုတွေ့ရသည်။ ထို့ကြောင့် ကိုယ့်မိန်းမ အသက်ရှင်လျက်ပင်၊ သူ၏ညီအစ်မကို မသိမ်းရဟုဆိုသည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း၁၈ ကိုယ်မယားကို နှောင့်ရှက်ခြင်းငှါ သူအသက်ရှင်စဉ်တွင် သူ၏ ညီအစ်မကို မသိမ်းရ။**

# ဥတုရောက်သောမိန်းမနှင့်ဆိုင်သောဘုရား၏ပြဋ္ဌာန်းချက်တော်

ဥတုရောက်၍ မစင်ကြယ်သော မိန်းမကိုလည်း မချဉ်းရဟု တွေ့ရသည်။ ထို့ကြောင့် ရာသီလာသောမိန်းမနှင့် အတူနေ၍ ဆက်ဆံခြင်းကို မပြုရ၊ ဥတုရောက်သောကြောင့်မစင်ကြယ်သောသူဖြစ်သည်။ **ဝတ်ပြုရာကျမ်း၊ ၁၈း၁၉ဥတုရောက်၍မစင်ကြယ်သော မိန်းမကိုလည်း မချဉ်းရ။**

ဘုရားသခင်သည် ဣသရေလလူမျိုးများကို ဤသို့ပညတ်ထားကြောင်းသိရှိရသည်။

**ဝတ်ပြုရာကျမ်း၊ ၁၅း၁၉-၂၄မိန်းမသည် ဥတုရောက်လျှင်၊ ခုနစ်ရက်ပတ်လုံး ဥတုမစင်ကြယ်ရာ၌ နေရမည်။ သူ့ကို ထိသောသူ သည် ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။ ၂၀ ဥတုမစင်ကြယ်လျက် အိပ်သမျှ၊ ထိုင်သမျှတို့သည်မစင်ကြယ်ဖြစ်၏။ ၂၁သူ၏အိပ်ရာ၊ သူ၏ထိုင်ရာကို ထိသောသူသည် မိမိအဝတ်ကိုလျှော်၍ ကိုယ်ကိုရေချိုးရမည်။ ၂၂ ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏။၂၃သူ၏နေရာထိုင်ရာစွန်းလျှင်၊ ထိုနေရာထိုင်ရာကို ထိသောသူသည် ညဦးတိုင်အောင်မစင်ကြယ်ဖြစ်၏။ ၂၄ ဥတုရောက်သော မိန်းမနှင့်သံဝါသပြုသောသူသည် ခုနစ်ရက်ပတ်လုံး မစင်ကြယ်၊ အိပ်ရာရှိသမျှ လည်း မစင်ကြယ်ဖြစ်၏။**

**ဂလာတိ၊ ၅း၂၂-၂၃ ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူး ပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ ၂၃နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့**

**သောအကျင့်ကို အဘယ်တရားမျှ မမြစ်တား။ ဇာတိစိတ်နှင့် ကာမဂုဏ်ချုပ်တည်းခြင်းသည် ဝိညာဉ်သဘောကိုဆောင်သောသူဖြစ်သည်။**

# သူ့မယားကိုပြစ်မှားခြင်းနှင့်ဆိုင်သောဘုရား၏ပညတ်တော်

ကိုယ်ကို ညစ်ညူးစေလျက်၊ သူ့မယားကို မပြစ်မှားရ ဟုသိရသည်၊၊ကိုယ့်မယားရှိလျက်ပင် သူ့မယားကိုပြစ်မှားသောသူသည် မိမိ၏အပြစ်ကိုခံရမည်အကြောင်း ဘုရားသခင် ပညတ်ထားကြောင်းသိရသည်၊၊ ထို့ကြောင့် သူ့မယားကိုမပြစ် မှားရ၊၊ သူတပါး၏အိမ်ထောင်ရေးကိုမဖျက်ဆီးရ၊၊

**ဝတ်ပြုရာကျမ်း၊ ၁၈း၂၀ ကိုယ်ကို ညစ်ညူးစေလျက်၊ သူ့မယားကိုမပြစ်မှားရ။**

**သုတ္တံကျမ်း၊ ၆း ၂၅-၃၅ထိုသို့သောမိန်းမသည် အဆင်းလှသော်လည်း၊ တပ်မက်သော စိတ်မရှိနှင့်။ သူသည် မျက်ခမ်းတို့ဖြင့် သင့်ကိုမကျော့မိစေနှင့်။ ၂၆အကြောင်းမူကား၊ ပြည့်တန်ဆာမကို မှီဝဲသော ယောက်ျားသည် ဆင်းရဲ၍၊ မုန့်တလုံးကိုသာ ရတတ်၏။ မျောက်မထားသော မိန်းမသည်လည်း မြတ်သောအသက် ကိုဘမ်းတတ်၏။ ၂၇လူသည်အဝတ်မလောင်ဘဲမီးကို ပိုက်ဘက်နိုင် သလော။ ၂၈ ခြေမလောင်ဘဲမီးခဲပေါ်မှာ နင်းနိုင်သလော။ ၂၉ သူ့မယားထံသို့ဝင်သောသူသည် ထိုနည်းတူ ဖြစ်၏။ သူ့မယားကို ပြစ်မှားသော သူမည်သည်ကား၊ အပြစ် နှင့် မကင်းမလွတ်နိုင်ရာ၊ ၃၀ မွတ်သိပ်သော စိတ်ပြေစေခြင်းငှါ၊ ခိုးသောသူ ပင် အပြစ်မလွတ်ရ၊၊**

၃၁တွေ့မိလျှင် ခုနစ်ဆပြန်ပေးရမည်။ ကိုယ်အိမ်၌ ရှိသမျှသော ဥစ္စာတို့ကို လျော်ရမည်။ ၃၂သူ့မယားကိုပြစ်မှားသော သူသည် ဉာဏ်မရှိ။ ထိုသို့ပြုသော သူသည် မိမိအသက်ကို ဖျက်ဆီးတတ်၏။ ၃၃ နာကျင်စွာ ထိခိုက်ခြင်းနှင့် အသရေရှုတ်ချခြင်းကို ခံရလိမ့်မည်။ သူ၏အရှက်ကွဲခြင်းသည် မပြေနိုင်။ ၃၄အကြောင်းမူကား၊ ယောက်ျားသည် မယားကို မယုံသောစိတ်ရှိလျှင်၊ ပြင်းထန်စွာ အမျက်ထွက်တတ်၏။ အပြစ်ပေးချိန်ရောက်သောအခါ သနားခြင်းမရှိတတ်။ ၃၅ လျော်ပြစ်ငွေမည်မျှကို ပမာဏမပြုတတ်။ များစွာသော လက်ဆောင်တို့ကိုပေးသော်လည်း စိတ် မပြေတတ်။

**ဝတ်ပြုရာကျမ်း၊ ၂၀း၁၀ သူ့မယားကို ပြစ်မှားသောသူသည် မှားယွင်းသော မိန်းမနှင့်တကွ အသေသတ်ခြင်းကို အမှန်ခံရမည်။**

**ဟေဗြဲ၊ ၁၃း ၄ခပ်သိမ်းသော သူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့်သစ္စာ သံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့။ မတရားသော မေထုန်ကိုပြုသောသူနှင့်သူ့မယားကို ပြစ်မှားသောသူကို ဘုရားသခင်စစ်ကြော စီရင်တော်မူလိမ့်မည်။**

မင်္ဂလာဆောင်ခြင်းအမှုနှင့်သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့၊ ဟုသန့်ရှင်းသော ကျမ်းစာ၌တွေ့ရသည်။ ထို့ကြောင့် မင်္ဂလာဆောင်ပြီးမှ အိမ်ထောင်ပြုရမည်၊၊သို့သော် ယခုခေတ်သည် ခေတ်ပျက်ဖြစ်သောကြောင့် မင်္ဂလာဆောင်ခြင်းမရှိဘဲ အတူတူနေကြသည်။ ပြီးမှ မင်္ဂလာဆောင်ကြသည်၊ ထိုသို့ ဘုရားအလိုတော်မရှိ။

# မိမိသားသမီးများမောလုတ်ဘုရားအားမပူဇော်ရမည့်ဘုရား ၏ပညတ်တော်

သင်၏သားသမီးတို့ကို၊ မောလုတ်ဘုရားအား မီးဖြင့်မပူဇော်ရ။ သင်၏ဘုရားသခင် နာမတော်ကို မရှုတ်မချရ။ ငါသည် ထာဝရဘုရားဖြစ်သည် ဟုဆိုသည်။ အသက်ရှင်သော ဘုရားတပါးတည်းသော ဘုရားဖြစ်သည်။ ထိုသို့သောဘုရား အခြားသောဘုရားသခင်မရှိတော့ချေ။ အသက်မရှင်သော ဘုရားများအတွက် မိမိသားသမီးများကို ပူဇော်ခြင်းမလုပ်ရ။ ဘုရားသခင်မကြိုက်သောအရာဖြစ်သည်။

**ဝတ်ပြုရာကျမ်း၊၁၈း၂၁သင်၏ သားသမီးတို့ကို၊မောလုတ်ဘုရားအား မီးဖြင့် မပူဇော်ရ။ သင်၏ ဘုရားသခင်နာမတော်ကို မရှုတ်မချရ။ ငါသည် ထာဝရဘုရား ဖြစ်၏။**

**ဝတ်ပြုရာကျမ်း၊ ၂၀း၂-၅ဣသရေလအမျိုးသားဖြစ်စေ၊ ဣသရေလအမျိုး၌ တည်းနေသော တပါးအမျိုးသားဖြစ်စေ၊ မိမိသားကိုမောလုတ်ဘုရားအားဆက်ကပ် သောသူသည် အသေသတ်ခြင်းကို အမှန်ခံရမည်။ ပြည်သားတို့လည်း ခဲနှင့်ပစ်ရကြ မည်။ ၃ ငါ့သန့်ရှင်းရာဌာနတော်ကို ညစ်ညူးစေလျက်၊ ငါ့သန့်ရှင်းသော နာမတော် ကို ရှုတ်ချလျက်၊ မိမိ သားကို မောလုတ်ဘုရားအား ဆက်ကပ်သောသူကို၊ ငါသည် မျက်နှာထား၍ သူ၏ အမျိုးမှ ပယ်ရှင်းမည်။ ၄ မိမိသားကို မောလုတ်ဘုရားအား ဆက်ကပ်သော သူကို ပြည်သားတို့သည် အမှုမထား မသတ်ဘဲ နေလျှင်၊- ၅ ထိုသို့**

**နေသောသူနှင့် သူ၏ အိမ်သူအိမ်သားတို့ကို ငါသည် မျက်နှာထား၍ ထိုသူကိုရင်း၊ သူနှင့်အတူ မှောလုတ်ဘုရားထံ၍ မှားယွင်းသောသူကိုရင်း၊ သူတို့အမျိုးမှ ပယ်ရှင်းမည်။**

**တရားဟောရာကျမ်း၊ ၁၂း၃၁ သူတို့ပြုသကဲ့သို့ သင်၏ဘုရားသခင်ထာဝရ ဘုရားအား သင်မပြုရ။ သူတို့သည်၊ထာဝရဘုရား စက်ဆုပ် ရွံရှာတော်မူသမျှတို့ကို သူတို့ဘုရား၌ ပြုကြပြီ။ ကိုယ်သား သမီးကိုပင် သူတို့ဘုရားအား ဝတ်ပြု၍မီးရှို့ကြပြီ။**

**၄ရာ၊ ၁၆း၃ ဣသရေလရှင်ဘုရင်တို့ လိုက်သောလမ်းသို့ လိုက်၍၊ ထာဝရဘုရားသည် ဣသရေလ အမျိုးသားတို့ရှေ့မှ၊ နှင်ထုတ်တော်မူသော တပါးအမျိုးသားတို့၏ ရွံရှာဘွယ် ထုံးစံအတိုင်း၊ မိမိသားကို မီးဖြင့်ပူဇော်၏။**

# ယောက်ျားချင်းနှင့်ဆိုင်သောဘုရား၏ပညတ်တော်

မိန်းမနှင့် ပေါင်းဘော်သကဲ့သို့ ယောက်ျားချင်း မပေါင်းဘော်ရ။ ရွံရှာဘွယ်အမှုဖြစ်၏ဟု ကျမ်းစာ၌၊ဘုရားသခင်ပညတ် ထားသော်လည်း၊ ယခုအချိန်၌၊ ယောက်ျားချင်းလက်ထပ်နေကြသည် ကိုမြင်တွေ့ရသည်။ ထိုအရာများကိုကြည့်ခြင်းအားဖြင့် နောက်ဆုံးသောကာလ ရောက်ကြောင်းကိုသိနိုင်သည်။

**ဝတ်ပြုရာကျမ်း၊ ၁၈း ၂၂မိန်းမနှင့် ပေါင်းဘော်သကဲ့သို့ယောက်ျားချင်းမပေါင်းဘော်ရ။ ရွံရှာဘွယ်အမှုဖြစ်၏။**

**ဝတ်ပြုရာကျမ်း၊ ၂၀း ၁၃မိန်းမနှင့်ပေါင်းဘော်သကဲ့သို့ ယောကျ်ားခြင်း ပေါင်းဘော်လျှင် ထိုသူနှစ်ယောက်တို့သည်၊ ရွံရှာဘွယ် သောအမှုကို ပြုသောကြောင့်၊ အသေသတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။**

**ရောမ၊ ၁း၂၇ထိုအတူ၊ ယောကျ်ားတို့သည်လည်း မိန်းမနှင့် ဆက်ဆံခြင်း ပကတိထုံးစံကိုစွန့်၍ အချင်းချင်းကိလေ သာစိတ်ပူလောင်သဖြင့်၊ ရှက်ကြောက်ဘွယ်သောအမှုကို ယောကျ်ားချင်းပြုလျက်၊မိမိတို့ မှားယွင်းခြင်းနှင့် အလျောက် မိမိတို့ အပြစ်ဒဏ်ကို ခံရကြ၏။**

# မိန်းမချင်းနှင့်ဆိုင်သောဘုရား၏ပညတ်တော်

ကိုယ့်ကိုကိုယ် ညစ်ညူးစေ၍ တိရစ္ဆာန်နှင့်မပေါင်းဘော်ရ၊ မိန်းမသည်လည်း မိမိနှင့် တိရစ္ဆာန်၏ ပေါင်းဘော်ခြင်း ကို မခံရ၊ ရွံရှာဘွယ်သော ရောနှောခြင်းဖြစ်၏။ဟုကျမ်းစာ၌တွေ့ရသည်။ သို့သော်လည်း ယခုအချိန်၌ မိန်းမနှင့်တိရစ္ဆာန်များ ပေါင်းဖော်ကြသည်ကို နားဖြင့်မကြားခဏ၊ ကြားနေရသည်။ ထို့ကြောင့် ဘုရားသခင်၏ပညတ်တရားကို ဆန့်ကျင်ဖက်ပြုနေကြပြီ။

**ဝတ်ပြုရာကျမ်း၊ ၁၈း ၂၃ ကိုယ့်ကိုကိုယ် ညစ်ညူးစေ၍ တိရစ္ဆာန်နှင့်မပေါင်းဘော်ရ၊ မိန်းမသည်လည်း မိမိနှင့် တိရစ္ဆာန်၏ ပေါင်းဘော်ခြင်းကို မခံရ၊ ရွံရှာဘွယ်သော ရောနှောခြင်းဖြစ်၏။”**

**ထွက်၊ ၂၂း၁၉တိရစ္ဆာန်နှင့်သင့်နေသော သူသည် အသေသတ်ခြင်းကို**

**အမှန်ခံရမည်။**

**ဝတ်ပြုရာကျမ်း၊ ၂၀း၁၅ ယောက်ျားသည် တိရစ္ဆာန်နှင့် ပေါင်းဘော်လျှင် အသေသတ်ခြင်းကို အမှန်ခံရမည်။ ထိုတိ ရစ္ဆာန်ကို လည်း သတ်ရမည်။၁၆ မိန်းမ သည်လည်း၊ မိမိနှင့်တိရစ္ဆာန်၏ ပေါင်းဘော်ခြင်းကိုခံလျှင်၊ ထိုမိန်းမနှင့် တိရစ္ဆာန် သည် အသေသတ်ခြင်းကို အမှန်ခံရမည်။ သေထိုက်သော အပြစ်ရှိ၏။**

**တရားဟောရာကျမ်း၊ ၂၇း ၂၁တိရစ္ဆာန်တစုံတမျိုးနှင့် ပေါင်းဘော်သော သူသည် အမင်္ဂလာရှိစေသတည်းဟုကျိန်လျှင်၊ လူ အပေါင်းတို့က အာမင်ဟု ဝန်ခံရ ကြမည်။**

# မိသားစုများသိသင့်သောဘုရား၏ပညတ်တော်

အထက်ပါဖော်ပြထားသောအရာများသည် ဘုရားထံမှလာသော နှုတ်က ပတ်တော်ဖြစ်သည်။ မိသားစုအားလုံးသိသင့်သိထိုက်သော ဘုရားသခင်၏ပညတ် တော်များဖြစ်သည်။ ထို့ကြောင့် မိဘများအနေဖြင့် သားသမီးများကို ဘုရား နှုတ်ကပတ်တော်နှင့်အညီ သမ္မာတရားကို သေချာစွာသင်ပေးဖို့ရန်လိုသည်။ ငယ်စဉ် မှ စ၍သင်ကြားပေးဖို့လိုသည်။ သို့မဟုတ်လျှင်၊ ကြီးလာသောအခါ၊ မိမိ ကြိုက်နှစ်သက်သလိုအသက်ရှင်ကြကာ မိဘများကိုမျက်ရည်ကျစေလျက်၊ ဘာမျှ မတတ်နိုင်ဘဲနေကြလိမ့်မည်။ ငယ်ရွယ်စဉ် ဘုရားကအပ်နေချိန်ကိုတန်ဘိုးထား၍ အစွမ်းကုန်သားသမီးများကို ဘုရားသခင်မှာထားသော စကားကို သင်ပေးဖို့ရန်အ

ရေးကြီးသည်။

# ခရစ်ယာန်အိမ်ထောင်ဖခင်ကောင်းတို့၏တာဝန်ဝတ္တရားများ

၁။ မိမိ၏ဇနီးသည်အား ပြစ်တင်စရာရှိသော်လည်း သူတပါးရှေ့၌ ဆုံးမပြောဆိုခြင်းမပြုရ။ ( ကောလောသဲ၊ ၃း၁၉ )။

၂။ ချီးကျူးရမည့်နေရာ၌ ချီးကျူးတတ်ရမည်။ ( ရောမ၊ ၁၂း၁၀ )။

၃။ မိသားစုများ၏အလုပ်များခြင်းကို သိရှိပြီး ဇနီးအားကူညီလုပ်ကိုင်ပေးရမည်။ ( ဂ၊ ၆း၂ )။

၄။ မိန်းမကရိုသေလေးစားရမည့်အကြောင်းတကိုယ်ကောင်းဆန်စွာအာဏာဖြင့်မပြောရ။ ( ဖိ၊ ၂း၄ )။

၅။ အမျိုးသမီးများသည် သေးငယ်သောအမှု၌ပင်လျှင် ချီးကျူးခြင်းကိုခံလိုသောသူ ဖြစ်သောကြောင့် အကောင်းလုပ်သမျှ အရာအပေါ်မှာ ဇနီးသည် အားချီးကျူးရမည်။ ( ဧ၊ ၄း၂၉ )။

၆။ ဇနီးသည်၏စားဝတ်နေရေးအတွက် ခင်ပွန်း၌တာဝန်ရှိသည်။ ( ဧ၊ ၅း၂၉ )။

၇။ ဇနီးသည်၏အားကိုး၊ အားထားရသော ခင်ပွန်းသည်ဖခင်ဖြစ်ဖို့အရေးကြီးသည်။ ( ရောမ၊ ၁၂း၁၁ )။

၈။ လုပ်ဆောင်ရမည့်အရာခပ်သိမ်း၌ ဇနီးသည်နှင့်အရင်တိုင်ပင်ဆွေးနွေးရမည်။

၉။ စစ်မှန်သောချစ်ခြင်းမေတ္တာနှင့် ဇနီးသည်အားချစ်ရမည်။ ( ရောမ၊ ၁၂း၉ )။

၁၀။ ခရစ်တော်သည် အသင်းတော်ကိုချစ်သကဲ့သို့ ကိုယ့်ခင်ပွန်းကို ချစ်ရမည်။ ( ဧ၊ ၅း၂၅၊ ၂၈၊ ၂၉ )။

၁၁။ ယောကျာ်းသည် ကိုယ့်မိဘကိုစွန့်၍ ကိုယ့်ခင်ပွန်း၌ မှီဝဲရမည်။ ( ဧ၊ ၅း၃၁ )။

၁၂။ ကိုယ့်ခင်ပွန်းကိုကြမ်းတမ်းခါးသီးစွာ မပြုရ။ ( ကော၊ ၃း၁၉ )။

၁၃။ ကိုယ်ခင်ပွန်းအား အားနည်းသောသူကို ပြုသင့်သည့်အတိုင်းပြုရမည်။ ( ၁ပေ၊ ၃း၇ )။

၁၄။ အသက်ရှင်ခြင်း ကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူခြင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ့်ခင်ပွန်းနှင့်နေရမည်။ ( ၁ပေ၊ ၃း၇ )။

၁၅။ ကိုယ့်ခင်ပွန်းအားကျွေးမွေးပြုစုရမည်။ ( ၁တိ၊ ၅း၈ )။

၁၆။ မိမိ၏စိတ်သဘောကိုချုပ်တည်းကာ ဇနီးသည်အပေါ်၌ သစ္စာရှိရမည်။ ( မာလ၊ ၂း၁၅-၁၇။ ၁သက်၊ ၄း၃-၇ )။

၁၇။ မိမိမယားအားဆက်ဆံခြင်းဝတ်ပြုရမည်။ ( ၁ကော၊ ၇း၂-၅ )။

၁၈။ မိသားစုအနာဂတ်အတွက်စီမံခန့်ခွဲတတ်ရမည်။

၁၉။ မိသားစုအတွက်အနစ်နာခံ ပေးဆပ်သောသူဖြစ်ရမည်။ ( ဂ၊ ၆း၇ )။

၂၀။ မိသားစုကိုကျွေးမွေးပြုစုရမည်။

၂၁။ မိသားစု၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးရမည်။

၂၂။ မိသားစုကိုလုံခြုံစွာကာကွယ်ပေးရမည်။

၂၃။ မိသားစုပြဿနာကိုအဆုံးတိုင်အောင် ဖြေရှင်းပေးရမည်။

၂၄။ မိသားစုကိုတန်ဘိုးထား ဂရုစိုက်ရမည်။

၂၅။ မိသားစုအပေါ်၌သစ္စာရှိရမည်။

၂၆။ မိသားစုကိုဦးဆောင်တတ်ရမည်။

၂၇။ မိသားစုကိုအားပေးတတ်ရမည်။

၂၈။ မိသားစု၏အားကိုးခြင်းကိုခံသောသူဖြစ်ရမည်။

၂၉။ မိသားစု၏နှမြောခြင်းကိုခံသောသူဖြစ်ရမည်။

၃၀။ မိသားစု၏ရိုသေလေးစားခြင်းကိုခံသောသူဖြစ်ရမည်။

၃၁။ မိသားစုအတွက်ကြိုတင်ပြင်ဆင်တတ်သောသူဖြစ်ရမည်။

၃၂။ မိသားစုကိုသွန်သင်တတ်သောသူဖြစ်ရမည်။

၃၃။ မိသားစုအပေါ်၌စိတ်ရှည်သောသူဖြစ်ရမည်။

၃၄။ မိသားစုအပေါ်အလွယ်တကူစိတ်ပျက်တတ်သောသူမဖြစ်ရ။

၃၅။ မိသားစုအပေါ်သစ္စာကတိပေးသည့်အတိုင်းလုပ်ဆောင်သောသူဖြစ်ရမည်။

၃၆။ ပြတ်ပြတ်သားသားပြောဆိုတက်သောသူဖြစ်ရမည်။

၃၇။ပေါ့ဆသော ဖခင်မဖြစ်ရ။

၃၈။ အကြံထမြောက်သောသူဖြစ်ရမည်။

၃၉။ အရာရာ၌ချုပ်တည်းနိုင်သောသူဖြစ်ရမည်။

၄၀။ အလိုက်သိတတ်သောသူဖြစ်ရမည်။

၄၁။ မိန်းမကိုကူညီတတ်သောသူဖြစ်ရမည်။

သင်ခန်းစာ ( ၄ )

# ကျမ်းစာ၌ရှိသောဖခင်များတို့၏အသက်တာကိုလေ့လာခြင်း

## အာဗေလ၏အသက်တာ

အာဗေလနှင့် သူ၏အစ်ကို ကာဣနသည် ဘုရားသခင်ထံ၌ ယဇ်ပူဇော်ကြသည်။ သို့သော်လည်း ကာဣန၏ပူဇော်သောယဇ်ကိုဘုရားသခင်သည် လက်မခံချေ။ အာဗေလ၏ပူဇော်သောယဇ်ကို ဘုရားသခင်သည်လက်ခံသည်။ ထို့ကြောင့် ကာဣနသည် သူ့ညီကိုမနာလို၍ လယ်သို့ခေါ်သွားပြီးလျှင် သတ်ကြောင်းသိရသည်။ အာဗေလ၏အကြောင်း ကိုကျမ်းစာ၌များများမတွေ့ရချေ။ သို့သော်လည်း သူသည် မိမိဖြောင့်မတ်သည်ဟု သက်သေခံတော်မူခြင်းကို ရလေ၏။ အာဗေလသည် သေလွန်သော်လည်း ယခုပင်တရားဟောသေး၏။ ကာဣနကဲ့ ဘုရားသခင်ထံသို့ ယဇ်ပူဇော်သောအခါ၊ ကိုယ်အကြိုက်နဲ့ချဉ်းကပ်သောကြောင့်ဖြစ်သည်။ အာဗေလမူကား ဘုရားအလိုတော်အတိုင်း ယဇ်ပူဇော်သည်။ အကျွန်ုပ်တို့သည်လည်း ကာဣနကဲ့သို့ ဘုရား ကို ကိုးကွယ်သောသူမဟုတ်ဘဲ၊ အာဗေလကဲ့သို့ ဘုရားကိုကိုးကွယ်သောသူ ဖြစ်ဖို့လိုသည်။ အာဗေလသည် သေလွန်သော်လည်း ယခုပင်တရားဟောသေး၏ဟုဆိုသည်။

**ဟေဗြဲ၊ ၁၁း၄ အာဗေလသည်၊ကာဣနပူဇော်သော ယဇ်ထက်သာ၍ မြတ်သောယဇ်ကို၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အားပူဇော်၏။ ထိုသို့သော ယဇ်ကိုပူဇော်၍၊ မိမိဖြောင့်မတ်သည်ဟု သက်သေခံတော်မူခြင်းကို ရလေ၏။ အဘယ်သို့နည်းဟူမူကား၊ သူလှူသောအလှူကို ဘုရားသခင်သည် လက်ခံတော်မူ၏။ ထို့ဖြစ်၍၊ အာဗေလသည် သေလွန်သော်လည်း ယခုပင်တရားဟောသေး၏။**

## ဧနောက်၏အသက်တာ

ဧနောက်သည် သေစရာမလိုဘဲ အရှင်လတ်လတ် ဘဝပြောင်းလဲ၍၊ ကောင်းကင်သို့ချီဆောင်ခြင်း ကိုခံရသောသူဖြစ်သည်။ ဧနောက်သည် ဘဝမပြောင်းမီ ဘုရားသခင်၏ စိတ်တော် နှင့်တွေ့သောသူဖြစ်သည်ဟု သက်သေခံခြင်းကို ရခဲ့သောသူဖြစ်သည်၊၊ ဧနောက်သည် အနှစ်သုံးရာပတ်လုံး ဘုရားသခင်နှင့်အတူ သွားလာသောသူဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် သူ့ကိုနှစ်သက်၍၊ ဘဝပြောင်းပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ဧနောက်ကဲ့သို့ဘုရား သခင်နှင့် အတူသွားလာသောသူများဖြစ်ဖို့ရန်လိုသည်။ ဘုရားသခင်နှင့်အတူသွားလာနိုင်ရန် မိမိဆန္ဒများကိုငြင်းပယ်မှသာ ဘုရားနှင့်အတူသွားလာ နိုင်မည်ဖြစ်သည်။ မိမိဆန္ဒများစွာကို ငြင်းပယ်လျှင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ ဆန္ဒများစွာကိုဖြည့်စည်းပေးမည်ဖြစ်သည်။

**ဟေဗြဲ၊ ၁၁း ၅-၆ ဧနောက်သည် ယုံကြည်ခြင်းအားဖြင့် သေခြင်းနှင့်လွတ်၍**

ဘဝပြောင်းရ၏။ ဘုရားသခင်သည် သူ့ကို ဘဝပြောင်းစေတော်မူသောကြောင့်၊သူသည် နောက်တဖန် မပေါ်မရှိ။ သူသည်ဘဝမပြောင်းမှီ ဘုရားသခင်၏ စိတ်တော် နှင့်တွေ့သောသူဖြစ်သည်ဟု သက်သေခံခြင်းကို ရလေ၏။ ၆ ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင် အထံတော်သို့ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကိုရင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုရင်း၊ ယုံကြည်ရမည်။

က၊ ၅း၂၁-၂၄ ဧနောက်သည် အသက်ခြောက်ဆယ်ငါးနှစ် ရှိသော် သားမသုရှလကို မြင်လေ၏။ ၂၂ မသုရှလဘွားမြင်သောနောက် ဧနောက်သည် အနှစ်သုံးရာပတ်လုံး ဘုရားသခင်နှင့်အတူသွားလာ၍ သားသမီးများကို မြင်လေ၏။ ၂၃ ဧနောက် အသက်နှစ်ပေါင်းသုံးရာ ခြောက်ဆယ် ငါးနှစ်တည်း၊ ၂၄ ဧနောက်သည် ဘုရားသခင်နှင့်အတူ သွားလာ၏။ နောက်တဖန်သူသည်မရှိ အကြောင်းမူကား၊ ဘုရား သခင် သိမ်းယူတော်မူသောကြောင့်တည်း။

# နောဧ၏အသက်တာ

နောသည် ယုံကြည်ခြင်းနဲ့အသက်ရှင်သောသူဖြစ်သည်။ မမြင်သေးသော အရာများတို့ကို ဘုရားသခင်သည် ဘော်ပြသောအခါ၊ ဘုရားသခင်၏စကားကို ကြောက်ရွံ့သောစိတ်နှင့် နားထောင်သောသူဖြစ်သည်။ ဘုရားသခင်မှာထားသော စကားကို နားထောင်၍၊ မိမိအိမ်သူအိမ်သားတို့ကို ကယ်တင်ဖို့ရန် သင်္ဘောကို

တည်ဆောက်သောသူဖြစ်သည်။ အကျွန်ုပ်တို့သည်လည်း နောက်ကဲ့သို့ ဘုရားစကား တော်ကိုနားထောင်ကြပါစို့။

**ဟေဗြဲ၊ ၁၁း ၇ နောသည်မမြင်သေးသော အမှုအရာတို့ကို ဘော်ပြ သော ဗျာဒိတ်တော်ကိုခံရပြီးမှ၊ ယုံကြည်ခြင်း အားဖြင့် ကြောက်ရွံ့လာသော စိတ်ရှိ၍၊ မိမိအိမ်သူအိမ်သားတို့ကို ကယ်တင်ခြင်းငှါ သင်္ဘောကိုတည်လေ၏ ထိုယုံကြည်ခြင်းအားဖြင့် လောကီသားတို့ကို အပြစ်တင်၍ ယုံကြည်ခြင်းနှင့်ယှဉ် သော ဖြောင့်မတ်ခြင်းကိုလည်း အမွေခံရ၏။**

**က၊ ၆း ၈-၂၂နောမူကား၊ထာဝရဘုရားစိတ်တော်နှင့် တွေ့သောသူဖြစ် သတည်း။ ၉နောအေတ္ထုပ္ပတ္တိဟူမူကား၊နောသည် ဖြောင့်မတ်သောသူ၊ မိမိအမျိုး၌ စုံလင်သောသူဖြစ်၏။ ဘုရားသခင်နှင့်အတူသွားလာ၏။ ၁၀ နောသည် ရှေမ၊ ဟာမ၊ ယာဖက်တည်းဟူသော သားသုံးယောက်ကို မြင်လေ၏။ ၁၁ ထိုအခါ မြေကြီးသည် ဘုရားသခင့်ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြ ည့်စုံလေ၏။ ၁၂ ဘုရားသခင်သည် မြေကြီးကိုကြည့်ရှုသောခါ၊ ပုပ်စပ်လျက်ရှိသည် ကို မြင်တော်မူ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖေါက်ပြန် ခြင်းသို့ ရောက်ကြပြီ။ ၁၃ထိုအခါ ဘုရားသခင်သည်၊ နောအား မိန့်တော်မူ သည်ကား၊ သတ္တဝါအပေါင်းတို့၏ အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ သူတို့ ကြောင့် မြေကြီးသည် အဓမ္မမှုနှင့်ပြည့်စုံလေ၏။ အကယ်စင်စစ် မြေကြီးနှင့်တကွ သူ တို့ကို ငါဖျက်ဆီးမည်။ ၁၄ ဂေါဖရသစ်သားဖြင့်သင်္ဘောကို ကိုယ်ဘို့ တည်လုပ်လော့။**

အထဲ၌လည်း အခန်းများကို လုပ်လော့။ အတွင်း၊ ပြင်၊ ပတ်လည်ကိုထင်းရှူးစေးနှင့် သုတ်လော့။၁၅ လုပ်ရမည်ပုံ ဟူမူကား၊ သင်္ဘောအလျားအတောင်သုံးရာ၊ အနံ အတောင်ငါးဆယ်၊ အမြင့် အတောင်သုံးဆယ်ရှိစေရမည်။၁၆ အပေါ်၌သည်အမိုးကို လုပ်ရမည်။ ထိုအမိုး အပေါ်အလယ်ချက်၌၊ ထိပ်အုပ်အနံတတောင်အကျယ် ရှိစေရမည်။ သင်္ဘောနံတဘက်၌လည်း တံခါးကို လုပ်ရမည်။ အောက်ဆင့်၊ အလယ်ဆင့်၊ အပေါ်ဆင့်ဟူ၍၊ သုံးဆင့်ကိုလည်း ရှိစေရမည်။ ၁၇ အသက်ရှင်သော သတ္တဝါ အပေါင်းတို့ကို၊ကောင်းကင်အောက်မှ ငါ့ကိုယ်တိုင် ပယ်ရှင်းခြင်းငှါ၊ မြေကြီးကို ရေလွှမ်းမိုးစေသဖြင့်၊ မြေပေါ်မှာ ရှိသမျှတို့သည် သေကြရမည်။ ၁၈ သင်၌မူကား၊ ငါ့ပဋိညာဉ်ကို ငါတည်စေမည်။ သင်သည် သား၊ မယား၊ ချွေးမများနှင့်တကွ၊ သင်္ဘော ထဲသို့ ဝင်ရမည်။ ၁၉ အသက်ရှင်သော တိရစ္ဆာန်အမျိုးမျိုးထဲက၊ အထီး အမ၊ အစုံတို့ကိုယူ၍၊ သင်နှင့်အတူ အသက်ချမ်းသာစေခြင်းငှါ၊ သင်္ဘောထဲသို့ သွင်းရမည်။ ၂၀ငှက်လည်းအမျိုးအလိုက်၊ သားလည်း အမျိုးအလိုက်၊ တွားတက်သော တိရစ္ဆာန်အပေါင်းလည်း အမျိုးအလိုက်၊အထီးအမ၊ အစုံတို့သည် အသက်ချမ်းသာစေခြင်းငှါ၊ သင့်ထံသို့ လာကြလိမ့်မည်။ ၂၁ကိုယ်စားစရာအဘို့၊ တိရစ္ဆာန်တို့စားစရာအဘို့၊ စားအပ်သော အစာအမျိုးမျိုးကို ယူ၍ သိုထားရမည်ဟု၊ ဘုရားသခင် မှာထားတော်မူ၏။ ၂၂ မှာထားတော်မူသည်အတိုင်းလည်း နောဧ ပြုလေ၏။

# အာဗြဟံ၏အသက်တာ

အာဗြဟံကို ဘုရားသခင်သည် ခေါ်သောအခါ၊ အဘယ်အရပ်သို့သွားမည်ကို ကိုယ်တိုင်မသိသော်လည်း ယုံကြည်ခြင်းအားဖြင့် နားထောင်၍၊ သူနေသောပြည်မှ ထွက်သွားကြောင်းသိရသည်။ ( က၊ ၁၂း၁-၅)။ ဘုရားသခင်သည် သားဣဇာက်ကိုယဇ်ပူဇော်ဖို့တောင်းသောအခါ၌လည်း အာဗြဟံသည် သားဣဇာက်ကို ပူဇော်ဖို့ရန်အ တွ က်ပြ င်ဆ င်ကြော င်း သိ ရ သ ည် ။ ( က ၊ ၂ ၂း ၁ - ၁ ၉ ) ။ အာ ဗြ ဟံသည် သူ၏ခင်ပွန်းစာရာသည် အရွယ်လွန်သောသော်လည်း ပဋိသန္ဓေယူနိုင်သည်ဟု ယုံကြည် ခြင်းအားဖြင့် လက်ခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဂတိထားတော်မူသောသူသည် သစ္စာရှိသည်ဟု စိတ်ထဲမှာ စွဲလမ်းခြင်းရှိသည်။ ထိုနည်းသူ အကျွန်ုပ်တို့သည်လည်း အာဗြဟံကဲ့သို့ ဘုရားသခင်သည် အရာခပ်သိမ်းတတ်နိုင်သည် ကိုယုံကြည်ခြင်းဖြင့်လက်ခံ၍၊ ယုံကြည်ခြင်းဖြင့် အသက်ရှင်ဖို့ရန်ဖြစ်သည်။ စုံစမ်းနှောင့်ရှက်ခြင်းနဲ့တွေ့ကြုံသော အခါ၌ အာဗြဟံ၏အသက်သာကို ဆင်ခြင်၍ယုံကြည်ခြင်းနှင့် အဆုံးတိုင်အောင်ကျော်ဖြတ်ဖို့ရန်လိုအပ်သည်။

**ဟေဗြဲ၊ ၁၁း ၈ အာဗြဟံသည် အမွေခံရလတ္တံ့သောပြည်သို့ ထွက်သွားမည်အကြောင်း၊ ဘုရားသခင် ခေါ်တော်မူ သောအခါ၊သူသည်အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့် နားထောင် ၍ထွက်သွားလေ၏။၉ သူတပါးပိုင်သောပြည်၌ ဧည့်သည်နေသကဲ့သို့၊ ဂတိတော်နှင့် စပ်ဆိုင်သောပြည်၌ယုံကြည်ခြင်း အားဖြင့် ဧည့်သည်ဖြစ် ၍နေ၏။ ထိုဂတိတော်ကို အမွေခံရ**

**သော အတော်အဘက်တည်းဟူသော ဣဇာက်၊ ယာကုပ်တို့နှင့်အတူ တဲ၌နေလေ၏။၁၀ အကြောင်းမူကား၊ ဘုရားသခင် တည်ထောင်ပြုစုတော်မူသော၊ ခိုင်ခံ့မြဲမြံသောမြို့ကိုမြော်လင့် သတည်း။ ၁၁သူ၏ခင်ပွန်းစာရာသည်လည်းအရွယ်လွန်သောအခါ၊ ပဋိသန္ဓေယူနိုင်သော အခွင့်တန်ခိုးကို ယုံကြည်ခြင်းအားဖြင့် ခံရလေ၏။ အကြောင်းမူကား၊ ဂတိထားတော်မူသောသူသည် သစ္စာရှိသည်ဟု စိတ်စွဲလမ်းခြင်းရှိ၏။ ၁၂ သို့ဖြစ်၍၊ ထိုအမှုအရာ၌လူသေနှင့်တူသော သူတယောက်သည်၊ အရေအတွက်အားဖြင့် ကောင်းကင် ကြယ်ကဲ့သို့ရင်း၊သမုဒ္ဒရာကမ်းနား၌မရေတွက်နိုင်သောသဲလုံးကဲ့သို့ရင်း၊ များစွာသောသူတို့၏ အဘဖြစ် သတည်း။**

# ဣဇာက်၏အသက်တာ

ဣဇာက်သည်လည်း ယုံကြည်ခြင်းနှင့် သားနှစ်ယောက်ဖြစ်သော ယာကုပ်နှင့် ဧသော ကိုကောင်းကြီးပေးသည်။ ( က၊ ၂၇း၂၆-၄၀ )။ ထို့ကြောင့် ဣဇာက် ကောင်းကြီးပေးခြင်းဖြင့် ဣသရေလ လူမျိုးများသည် ဘုရားသခင်၏သားသမီးများဖြစ်၍၊ ချီးမြှောက်ခြင်းကို ခံသောလူမျိုးများဖြစ်ကြသည်။ ထိုနည်းသူ အကျွန်ုပ်တို့သည်လည်း သားသမီးများကို ယုံကြည်ခြင်းနဲ့ အမြဲတမ်း ဆုတောင်း ကောင်းကြီး ပေးဖို့ရန်လိုသည်။ သားသမီးများကို ကျိန်ဆိုခြင်းများကိုမပြုဘဲ၊ ကောင်းကြီးကိုသာပေးလျှင်၊ အချိန်တန်သောအခါ၊ ဝိညာဉ်ပိုင်းကောင်းကြီးများ၊ စိတ်ပိုင်းဆိုင်ရာကောင်းကြီးများ၊ ခန္ဓာပိုင်းပိုင်းဆိုင်ရာကောင်းကြီးများ ကိုခံစားကြ

မည်ဖြစ်သည်။

**ဟောမြဲ၊ ၁၁း၂၀ ဣဇာက်သည်လည်း၊ ယုံကြည်ခြင်းအားဖြင့် အနာဂတ်အရာတို့ ကိုအမှတ်ပြု၍ ယာကုပ်နှင့်ဧသော ကို ကောင်းကြီးပေး၏။**

# ယာကုပ်၏အသက်တာ

ယာကုပ်သည် သေချိန်နီးသောအခါ၊ ယုံကြည်ခြင်းအားဖြင့် ယောသပ်၏သားနှစ်ယောက်ကို ကောင်းကြီးပေးသည်နည်းတူ ကျွန်ုပ်တို့သည်လည်း မိမိအိမ်သူအိမ်သားမိသားစု သားသမီးများကိုလည်း ယုံကြည်ခြင်းအားဖြင့် ဆုတောင်းကောင်းကြီးပေးဖို့ရန်ဖြစ်သည်။ သားသမီးများ၏ခေါင်းပေါ်၌လက်တင်၍ အမြဲတမ်း ယေရှုနာမဖြင့် ဆုတောင်းကောင်းကြီးပေးဖို့ရန်တိုက်တွန်းဖို့ရန်လိုအပ်သည်။ ထိုသို့ဆုတောင်းကောင်းကြီးပေးလျှင် ဘုရားသခင်သည် နားညောင်း၍ကောင်းကြီးပေးမည်ဖြစ်သည်။

**ဟောမြဲ၊ ၁၁း ၂၁ ယာကုပ်သည်လည်း၊ သေချိန်နီးသောအခါ၊ ယုံကြည်ခြင်းအားဖြင့်ယောသပ်၏ သားနှစ်ယောက်ကို ကောင်းကြီးပေး၍၊ တောင်ဝေးထိပ်အပေါ်မှာ ကိုးကွယ်လေ၏။**

ဆက်လက်လေ့လာနိုင်သည်။ ထိုအကြောင်းအရာများကို ဆက်လက်၍လေ့လာနိုင်သည်။ ( က၊ ၄၈း၈-၂၂ )။

# ယောသပ်၏အသက်တာ

ရှေးယုံကြည်သူများသည် ယုံကြည်ခြင်းဖြင့်သာ အသက်ရှင်ကြသည်။ ယောသပ်သည်လည်း သေဆဲရှိသောအခါ၊ ယုံကြည်ခြင်းအားဖြင့် ဣသရေလအမျိုးသားတို့၏ ထွက်မြောက် ခြင်းအရာကိုပြ၍၊ မိမိအရိုးတို့၏ အကြောင်းကိုမှာ ထားလေသည်။ ထို့နည်းတူ ယုံကြည်သူများသည်လည်း ဘုရားသခင်ကို အားကိုး၍ ယုံကြည်ခြင်းဖြင့် အသက်ရှင်ဖို့ရန်လိုသည်။ ယောသပ်ကလည်း၊ ကျွန်ုပ်သေတော့မည်။ အကယ်စင်စစ်ဘုရားသခင်သည် သင်တို့ကို အကြည့် အရှုကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်သို့ ဤပြည်မှ ဆောင်သွားတော်မူမည်ဟု အစ်ကိုတို့အားဆို၏။ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည်ဟု ယုံကြည်ခြင်းဖြင့်မှာထားသည်။

**ဟေဗြဲ၊ ၁၁း ၂၂ယောသပ်သည်သေဆဲရှိသောအခါ၊ ယုံကြည်ခြင်းအားဖြင့် ဣသရေလအမျိုးသားတို့၏ ထွက်မြောက် ခြင်းအရာကိုပြ၍၊ မိမိအရိုးတို့၏ အကြောင်းကိုမှာ ထားလေ၏။**

**က၊ ၅၀း၂၄ ယောသပ်ကလည်း၊ ကျွန်ုပ်သေတော့မည်။ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို အကြည့် အရှုကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်သို့ ဤပြည်မှ ဆောင်သွား တော်မူမည်ဟု အစ်ကိုတို့အားဆို၏။၂၅ တဖန်တုံ၊အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည်။ကျွန်ုပ်အရိုး တို့ကို ဤအရပ်မှ ယူသွားရမည်ဟူ၍ ဣ**

**သရေလအမျိုးသားတို့ကို ကျိန်ဆိုစေ၏။ ၂၆ ထိုသို့ယောသပ်သည် အသက်တရာတဆယ်ရှိသော် အနိစ္စရောက်လေ၏။ အလောင်ကိုကား၊ နံ့သာမျိုး နှင့် ပြင်ဆင်ပြီးလျှင် အဲဂုတ္တုပြည်၌ တလားနှင့်ထားကြ လေ၏။**

## မောရှမိဘနှစ်ပါး၏အသက်တာ

အာမရံသည်မောရှ၏ဖခင်ဖြစ်၍၊ ယောခေဗတ်သည်သူ၏မိခင်ဖြစ်သည်။ အာမရံနှင့်ယောခေဗတ်သည်ရှင်ဘုရင်၏အမိန့်တော်ကို နားမထောင်ဘဲ၊ ယုံကြည်ခြင်းဖြင့်သားမောရှေကို သုံးလပတ်လုံးဝှတ်ထားကြသည်။ထို့ကြောင့် မောရှေသည် ဘုရားသခင်ရွေးကောက်၍ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာသည်။

**ဟေဗြဲ၊ ၁၁း၂၃မောရှေကို ဘွားမြင်ပြီးမှ အဆင်းလှသောသူငယ်ဖြစ်သည်ကို မိဘတို့သည်မြင်လျှင်၊ယုံကြည်ခြင်းအားဖြင့် ရှင်ဘုရင်အမိန့်တော်ကို မကြောက်ဘဲ သုံးလပတ်လုံးသူ့ကို ဝှက်ထားလေ၏။**

**ထွက်၊ ၂း၁-၁၀ ထိုကာလ၌ လေဝိအမျိုးသားတယောက်သည်၊ လေဝိအမျိုးသမီးနှင့် အိမ်ထောင်ဘက်ပြု၍၊ ၂ မိန်းမသည် ပဋိသန္ဓေယူသဖြင့် သားယောက်ျားကို ဘွားမြင်လေ၏။** ထိုသားသည် အဆင်းလှကြောင်းကို အမိမြင်လျှင်၊ သုံးလပတ်လုံး ဖွက်ထားလေ၏။ ၃ နောက်တဖန် ဖွက်၍မထားနိုင်သောအခါ၊ ဂမာကိုင်းပင်ဖြင့် ရက်သောပုခက်ကိုယူ၍ ရေညှိနှင့်သစ်စေး ဖြင့်လူးပြီးလျှင်၊ ပုခက်ထဲတွင် သူငယ်ကိုထည့်၍ မြစ်ကမ်းနားကိုင်းတော၌ ထားလေ၏။ ၄ သူငယ်အစ်မ

လည်း အဘယ်သို့ဖြစ်မည်ကို သိမြင်ခြင်းငှါ အဝေး၌ ရပ်နေလေ၏။ ၅ ဖာရော
ဘုရင်၏သမီးတော်သည် ရေချိုးခြင်းငှါ ဆင်းလာ၍၊ ကျွန်မတို့နှင့် မြစ်ကမ်းနား၌ လှ
ည့်လည်စဉ်၊ ကိုင်းတော၌ ပုခက်ကိုမြင်၍ ဆောင်ယူစေခြင်းငှါ ကျွန်မ တယောက်ကို
စေလွှတ်လေ၏။ ၆ ပုခက်ဖုံးကို ဖွင့်သောအခါ၊ ငိုလျက်နေသော သူငယ်ကိုမြင်၍၊
သနားသောစိတ်ရှိလျှင်၊ ဤသူငယ်သည် ဟေဗြဲအမျိုးဖြစ်လိမ့်မည်ဟု ဆိုပြီးသော်၊
၇ သူငယ်၏အစ်မက၊ ကိုယ်တော်အတွက် သူငယ်ကို ထိန်းရသော ဟေဗြဲအထိန်းကို
ကျွန်မသွား၍ ခေါ်ရ ပါမည်လောဟု ဖာရောဘုရင်၏ သမီးတော်အား မေးလျှောက်၍၊
၈ မင်းသမီးက သွားလော့ဟု အခွင့်ပေးလျှင်၊ မိန်းမငယ်သွား၍သူငယ်၏အမိကိုခေါ်
လေ၏။ ၉ ဖာရောဘုရင်၏သမီးတော်က၊ ဤသူငယ်ကို ယူသွား၍ ငါ့ဘို့ ထိန်းလော။
အခကို ငါပေးမည်ဟု မှာထားသည်အတိုင်း၊ ထိုမိန်းမသည် သူငယ်ကို ယူသွား၍
ထိန်းလေ၏။ ၁၀ သူငယ်ကြီးပွားသောအခါ၊ ဖာရောဘုရင်၏သမီးတော်ထံသို့
ပို့ဆောင်၍ မင်းသမီးသည် သားအရာ၌ ခန့်ထားလျက်၊ မောရှေအမည်ဖြင့် မှည့်၏။
အကြောင်းမူကား၊ ရေထဲကငါနှုတ်ယူသည်ဟု ဆိုသတည်း။

**တောလည်ရာ၊ ၂၆း ၅၉ အာမရံ၏ မယားကား၊ အဲဂုတ္တုပြည်၌ လေဝိ မယား ဘွားမြင်သော လေဝိ၏ သမီးယော ခေဗက်တည်း။ ထိုမိန်းမသည် အာမရံ၏ မယားဖြစ်၍၊ အာရုန်၊ မောရှေ၊ နှမမိရိအံ့တို့ကို ဘွားမြင်လေ၏။**

# ဒါဝိဒ်၏အသက်တာ

ဒါဝိဒ်သည် သေချိန်နီးသောအခါ၊ သားတော်ရှောလမုန်ကိုမှာထားသောစကားသည် အလွန်အရေးကြီးသည်။ သူမှာထားသောစကားသည် ဘုရားသခင်ကိုမစွန့်ပစ်ဖို့ကို မှာထားသည်။ ထို့နည်းတူ မိမိသားသမီးများသည် ဘုရားသခင်နှင့် အတူသွားလာတတ်ဖို့ သွန်သင်ဆုံးမဖို့ရန်လိုသည်။ ဘုရားသခင်ကိုသူတို့စွန့်ပစ်လျှင် ဘဝပျက်မည်ဖြစ်သည်။

**၃ရာ၊ ၂း ၁-၄ဒါဝိဒ်သည်အနိစ္စရောက်ရသော အချိန်နီးသော အခါ၊သားတော်ရှောလမုန်ကို ပညတ်ထားတော်မူသည်ကား၊ ၂ မြေကြီးသားအပေါင်းတို့၏ သွားရာလမ်းသို့ ငါသွားရမည်။ သို့ဖြစ်၍အားယူလော့။ ယောကျာ်း၏ ဂုဏ်သတ္တိရှိလော့။ ၃ထာဝရဘုရားသည် ငါ့အားဗျာဒိတ်ပေးတော် မူသည်ကား၊ ၄ သင်၏သားမြေးတို့သည် စိတ်နှလုံးအကြွင်းမဲ့ ငါ့ရှေ့မှာ သမ္မာတရား၌ ကျင်လည်ခြင်းငှါ မိမိတို့သွားရာ လမ်းကို သတိပြုလျှင်၊ ဣသရေ လနိုင်ငံရာဇပလ္လင်ပေါ် မှာ ထိုင်ရသော သင်၏အမျိုးမင်းရိုးမပြတ်ရဟု မိန့်တော် မူသော စကားတော်တည်၍၊ သင်သည်ပြုလေရာရာ၊ သွားလေရာရာ၌ အောင်မြင်မည်အကြောင်းသင်၏ ဘုရားသခင်ထာဝရဘုရား၏ လမ်းတော်သို့ လိုက်၍၊ မောရှေ၏ပညတ္တိကျမ်း၌ပါသော စီရင်ထုံးဖွဲ့ချက်၊ သက်သေခံချက်၊ ပညတ်တရားတော်တို့ကို စောင့်ရှောက် စေခြင်းငှါ မှာထားတော်မူသော စကားကို နားထောင် လော့။**

# ယဇ်ပုရောဟိတ်လေဝိ၏အသက်တာ

ယဇ်ပုရောဟိတ်လေဝိသည် သူ၏သားနှစ်ယောက်သည် ဘုရားသခင်ရှေ့တော်၌ ယုတ်မာ၍ ဒုစရိုက်အပြစ်လုပ်ကြသည်ကို သိသော်လည်း ကျပ်တည်းစွာမဆုံးမသောကြောင့် သူ၏ အိမ်သားတို့၌ဘုရားသခင်သည် အစဉ်အမြဲ ဒဏ်ပေးမည်ဟုဆိုသည်။ အကျွန်ုပ်တို့သည် ယဇ်ပုရောဟိတ်လေဝိလိုမဟုတ်ဘဲ၊ သားသမီးများကိုဘုရားသခင်၏အလိုတော်နှင့်အညီဆုံးမဖို့ရန်လိုသည်။

**၁ရာ၊ ၃း ၁၃ ထိုသူ၏သားတို့သည် ကိုယ်ယုတ်မာသည်တိုင်အောင်၊ကိုယ်ပြုသော ဒုစရိုက်အပြစ်ကို သူသိသော်လည်းကျပ်တည်းစွာ မဆုံးမဘဲနေသောကြောင့်၊ သူ၏ အိမ်သားတို့၌ ငါသည် အစဉ်အမြဲ ဒဏ်ပေး မည်ဟု ငါပြောပြီ။**

**၁ရာ၊ ၂း၁၂ လေဝိ၏သားတို့သည် ထာဝရဘုရားကို မသိ၊ အဓမ္မလူဖြစ်ကြ၏။ ၁၃ လူများတို့တွင် ယဇ်ပုရောဟိတ်ပြုသော ထုံးစံဟူမူကား၊ ယဇ်ပူဇော်၍ အမဲသားကို ပြုတ်စဉ်အခါ၊ ယဇ်ပုရောဟိတ်၏ အစေအပါတယောက်သည်လာ၍ သုံးချောင်းရှိသော အမဲချိတ်ကို ကိုင်လျက်၊- ၁၄ အိုးအစရှိသည်တို့၌ ထိုးခပ်၍၊ အမဲချိတ်တွင် ပါသမျှကို ယဇ်ပုရောဟိတ်သည် သိမ်းယူတတ်၏။ ရှိလောမြို့သို့ ရောက်လာသော ဣသရေလလူအပေါင်းတို့အား ထိုသို့ပြုကြ၏။ ၁၅ ဆီဥကို မီးမရှို့မှီ၊ ယဇ်ပုရောဟိတ်၏ အစေအပါသည်လာ၍၊ ယဇ်ပုရောဟိတ်တို့ကင်စရာအမဲသား ကိုပေးပါ။ ပြုတ်သော အမဲသားကို မယူ။ စိမ်းသော အမဲသားကိုသာ ယူမည်ဟု ယဇ်ပူဇော်သော သူအား ဆိုတတ်၏။ ၁၆ ထိုသူက၊ ဆီဥကိုအရင်မီးရှို့ပါရစေ။**

နောက်မှ ယူချင်တိုင်းယူပါဟုဆိုလျှင်၊ မဟုတ်ဘူး ယခုပေးရမည်။ သို့မဟုတ် အနိုင် ယူမည်ဟု ပြောဆိုတတ်၏။ ၁၇ ထိုယဇ်ပုရောဟိတ် ပျိုတို့သည်၊ ထာဝရဘုရားဝတ် ကို လူများ ရွံစရာပြုသောကြောင့်၊ ရှေ့တော်၌ အလွန်အပြစ်ကြီးသောသူ ဖြစ်ကြ၏။

၁ရာ၊ ၂း ၂၂ -၂၅လေီသည် အသက်အရွယ်လွန်သောအခါ၊ သူ၏သား တို့သည် ဣသရေလလူအပေါင်းတို့၌ ပြုသမျှ ကိုငင်း၊ ပရိသတ်စည်းဝေးရာ တဲတော် တံခါးနားမှာ စည်းဝေးသောမိန်းမနှင့် မှားယွင်းကြောင်းကို ငင်း ကြားသိလျှင်၊ ၂၃ သင်တို့သည် အဘယ်ကြောင့် ဤသို့ပြုကြသနည်း။ သင်တို့ပြုသော ဒုစရိုက်တို့ကို လူအပေါင်းတို့ သည် ပြော၍ ငါကြားရ၏။ ၂၄မကောင်းဘူးငါ့သားတို့။ ငါကြား သော သိတင်းသည် ကောင်းသော သိတင်းမဟုတ်။ ထာဝရဘုရား ၏ လူတို့သည် ပြစ်မှားရမည်အကြောင်း၊ သင်တို့ပြုကြသည် တကား။ ၂၅ လူချင်းတယောက်ကို တ ယောက်ပြစ်မှားလျှင်၊ တရားသူကြီး စစ်ကြောစီရင်ရ၏။ လူသည် ထာဝရ ဘုရားကို ပြစ်မှားလျှင်၊ သူ့အတွက် အဘယ်သူ တောင်းပန်လိမ့်မည်နည်းဟု ဆုံးမသော်လည်း၊ သူ တို့သည် အဘ၏ စကားကို နားမထောင်ကြ။ အကြောင်းမူကား၊ ထာဝရဘုရား သည် ကွပ်မျက်ခြင်း ငှါ အလိုရှိတော်မူ၏။

## ယောဘ၏အသက်တာ

ယောဘသည်စုံလင်ဖြောင့်မတ်ခြင်းရှိသောသူဖြစ်သည်။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်သည်။ သားခုနစ်

ယောက်နှင့် သမီးသုံးယောက်ရှိသည်။ သူ၏ဥစ္စာကား၊ သိုးခုနစ်ထောင်၊ ကုလားအုပ်သုံးထောင်၊ နွားယှဉ်ငါးရာ၊ မြည်းမငါးရာ၊ ငယ်သား အတိုင်းမသိများစွာရှိသည်။ သူသည် အရှေ့မျက်နှာအရပ်သားတကာတို့ထက် သာ၍ကြီးသောသူဖြစ်သည်။ ယောဘသည် သူဖွားမြင်သောနေ့နှစ်တိုင်းပွဲလုပ်လေ့ရှိသည်။

**ယောဘ၊ ၁း ၁-၅ယောဘအမည်ရှိသောသူတယောက်သည် ဥဇပြည်၌နေ၏။ ထိုသူသည်စုံလင်ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်၏။ ၂ သားခုနစ်ယောက်နှင့် သမီးသုံးယောက်ရှိ၏။ ၃ သူ၏ဥစ္စာကား၊ သိုးခုနစ်ထောင်၊ ကုလားအုပ်သုံးထောင်၊ နွားယှဉ်ငါးရာ၊မြည်းမငါးရာ၊ငယ်သားအတိုင်းမသိများသည်ဖြစ်၍၊ထိုသူသည် အရှေ့မျက်နှာအရပ်သားတကာတို့ထက် သာ၍ကြီးသောသူဖြစ်၏။ ၄ ယောဘ၏ သားတို့သည် နှစ်စဉ်အတိုင်း အသီးအသီးဘွားသောနေ့ရောက်လျှင်၊ မိမိတို့အိမ်၌ ပွဲခံသဖြင့်၊ နှမသုံးယောက်ကိုလည်းခေါ်၍ အတူစားသောက်လေ့ ရှိကြ၏။ ၅ ပွဲခံသောနေ့ရက်လွန်သောအခါ၊ ယောဘသည်သူတို့ကိုခေါ်၍သန့်ရှင်းစေပြီးလျှင် နံနက်စောစောထ၍ သူတို့အရေအတွက်အတိုင်း မီးရှို့သောယဇ်ကိုပူဇော်လေ့ရှိ၏။ အကြောင်းမူကား၊ ငါ့သားတို့သည် မှားယွင်း၍ စိတ်နှလုံးထဲ၌ ဘုရားသခင်ကို စွန့်ပစ်ကြပြီလောဟု ယောဘအောက်မေ့၏။ ထိုသို့ယောဘသည် အစဉ်ပြုမြဲ ရှိ၏။**

# ကောရ၊ဒါသန်၊အဘိရံ၊တို့၏အသက်တာ

ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌နှစ် ပေါင်းလေးရာကျွန်ခံပြီးမှ ခါနန်ပြည်ကိုအမွေခံဖို့ရန် ထွက်လာကြသောအခါ၊ လမ်းတစ်လျှောက်လုံး ကောရ၊ ဒါသန်၊ အဘိရံ တို့က မောရှေနှင့်အာရုန်တို့ကိုပုံကန်လာကြသည်။ ထို့ကြောင့်ဘုရားသခင်သည် ကောရ၊ဒါသန်၊ အဘိရံတို့ကို ဖျက်ဆီးကြောင်းတွေ့ရသည်။ထို့ကြောင့်ကောရ၊ ဒါသန်၊အဘိရံကဲ့သို့မဖြစ်ကြဖို့ရန် မိမိ၏အသက်တာ၌သင်ခန်းစာယူသင့်သည်။

**တော၊ ၁၆း ၂၃-၃၄ ထာဝရဘုရားကလည်း၊ ကောရ၊ ဒါသန်၊ အဘိရံ တို့၏ တဲများကို ရှောင်၍ နေစေခြင်းငှါ၊ ၂၄ ပရိသတ်တို့အား ဆင့်ဆိုလော့ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ ၂၅ မောရှေထ၍ ဣသရေလအမျိုး အသက်ကြီးသူ တို့နှင့် တကွ၊ ဒါသန်၊ အဘိရံနေရာသို့ သွားပြီးမှ၊ ၂၆ဤလူဆိုးတို့၏နေရာတဲများကို ရှောင်၍ နေကြ ပါလော့။ သူတို့၏ဥစ္စာတစုံတခုကိုမျှ မထိကြပါနှင့်။ သို့မဟုတ် သူတို့နှင့်အတူ၊ သူတို့အပြစ်ကြောင့် ပျက်စီး ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပရိသတ်တို့အား ဆင့်ဆို လျှင်၊ ၂၇လူများတို့သည် ကောရ၊ ဒါသန်၊ အဘိရံတဲ ပတ်ဝန်းကျင်၌မနေဘဲ ရှောင်လွှဲ၍ သွားကြသဖြင့်၊ ဒါသန်၊ အဘိရံသည်၊သားမယား အကလေးများနှင့်တကွ ထွက်၍ မိမိတို့တဲတံခါးဝ၌ ရပ်နေကြ၏။ ၂၈ မောရှေကလည်း၊ ဤအမှုအလုံးစုံတို့ကို ငါသည်အလိုလိုမပြု၊ ထာဝရဘုရား စေခိုင်းတော်မူ၍ငါပြုသည် အကြောင်းကို သင်တို့သည် အဘယ်သို့သိရမည်နည်း ဟုမူကား၊ ၂၉ ခပ်သိမ်းသော လူသတ္တဝါတို့ခံရသော သေခြင်း၊ ခပ်သိမ်းသော လူသတ္တဝါတို့ ခံရသော ဆုံးမခြင်းကို**

**သာ ဤလူတို့ ခံရလျှင်၊ ထာဝရဘုရားသည် ငါ့ကို စေလွှတ် တော်မမူ။ ၃၀သို့မဟုတ် ထာဝရဘုရားသည် အသစ်ဖန်ဆင်း တော်မူသဖြင့်၊ မြေကြီးကွဲပွင့်လျက် ဤလူတို့ ကိုရင်း၊သူတို့ နှင့်ဆိုင်သမျှကိုရင်း မျို၍၊သူတို့သည် အသက်ရှင်လျက်သေမင်းနိုင်ငံ သို့ဆင်းသွားလျှင်၊ ထာဝရဘုရား၌ ပြစ်မှား ကြောင်းကို သင်တို့သည် သိနားလည်ကြ ရလိမ့်မည်ဟု၊၃၁ ပြောဆိုပြီးသည်အဆုံး၌၊ သူတို့နင်းရာ မြေကြီး သည် ကွဲ၍၊ ၃၂ မိမိခံတွင်းကို ဖွင့်သဖြင့်၊ သူတိုနှင့် သူတို့အိမ် များကိုရင်း၊ ကောရနှင့် ဆိုင်သမျှ သော သူတို့နှင့် သူတို့ ဥစ္စာရှိသမျှကိုရင်း မျိုလေ၏။ ၃၃ ထိုသူတို့သည် ကိုယ်တိုင်မှ စ၍၊ ဆိုင်သမျှသော သူတို့နှင့်တကွ၊ အသက်ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်း သက်၍၊ သူတို့အပေါ်မှာ မြေစေ့ပြန်သဖြင့်၊ သူတို့သည် ပရိသတ်မှ ပယ်ရှင်းခြင်းကို ခံ ရကြ၏။ ၃၄ သူတို့အော်ဟစ်သံကို ပတ်ဝန်းကျင်၌ရှိသော ဣသရေလအမျိုးသား တို့သည် ကြားလျှင်၊ ငါတို့ကိုလည်း မြေမျိုကောင်းမျိုလိမ့်မည်ဟု စိုးရိမ်လျက် ပြေး ကြ၏။**

## လောတ၏အသက်တာ

လောတမိသားစုသည် သောဒုံမြို့နှင့်ဂေါမောရမြို့၌နေကြသည်။ သောဒုံမြို့နှင့်ဂေါမောရမြို့သည် လင်တူဆက်ဆံခြင်းကိုပြုသောမြို့ဖြစ်သည်။ ဘုရားသခင်ရှေ့၌ ညစ်ညူးသောမြို့ဖြစ်သည်။ လောတ၏သမီးနှစ်ယောက်တို့သည် သောဒုံနှင့် ဂေါမော ရမြို့၌မြင်လာခဲ့သောအကျင့်ကိုယူလာ၍၊ သူတို့၏ဖခင်ကို စပျစ်ရည်ကိုတိုက်ပြီးလျှင်

ပစ်မှားကြသည်။ လောတမိသားစုသည် ပိုသက်သေမကောင်းခဲ့ကြပါ။ လောတ၏မိန်းမသည်လည်း ဆားတိုင်ဖြစ်ခဲ့သည်။ လောတလည်းစပျစ်ရည်မူး၍သမီးနှစ်ယောက်၏ပစ်မှားခြင်းကိုခံရသည်။ လောတသမီးနှစ်ယောက်သည်လည်း ဘုရားရှေ့မှာအဝမ္ဗအမှုကိုပြုကြသည်။ ထိုသို့သောအသက်တာသည်မကောင်းချေ။

**က၊ ၁၉း ၃၀-၃၈ လောတသည် ဇောရမြို့မှ ထွက်၍၊ သမီး နှစ်ယောက်နှင့်တကွ တောင်ပေါ်မှာနေ၏။ ဇောရမြို့၌ မနေဝံ့၍၊ သမီးနှစ်ယောက်နှင့်တကွ ဥမင်၌ နေ၏။ ၃၁ သမီးအကြီးက၊ ငါတို့အဘ အိုပြီး မြေကြီးသား အပေါင်းတို့၏ ဘာသာအတိုင်း ငါတို့ထံသို့ ဝင်ရသော ယောကျ်ားတယောက်မျှ မြေပေါ်မှာ မရှိ။ ၃၂ လာကြ။ ငါတို့အဘကိုစပျစ်ရည်တိုက်ကြစို့။ ငါတို့အဘ၏ အမျိုးအနွယ်ကို စောင့်မ၍ သူနှင့်အိပ်ကြ စို့ဟု ညီမကိုပြောဆို၏။ ၃၃ ထိုနေ့ညမှာ သူတို့သည် အဘကို စပျစ်ရည် တိုက်ပြီးလျှင်၊ သမီးအကြီးသည် ဝင်၍ အဘနှင့် အိပ်လေ ၏။ သူအိပ်ကြောင်းကိုရင်း၊ ထကြောင်းကိုရင်း အဘ မသိ။၃၄ နက်ဖြန်နေ့တွင် အကြီးကလည်း မနေ့ညမှာ ငါသည် အဘနှင့် အိပ်လေပြီ။ယနေ့ညတဖန်သူ့ကို စပျစ် ရည်တိုက်ကြစို့။ သင်သည်ဝင်၍ အဘ၏အမျိုးအနွယ်ကို စောင့်မခြင်းငှါ၊ သူနှင့်အိပ်လော့ဟု ညီမကို ပြောဆို၏။ ၃၅ ထိုနေ့ည၌လည်း သူတို့သည် အဘကို စပျစ်ရည် တိုက်ပြီးလျှင်၊ အငယ်သည်ဝင်၍အဘနှင့် အိပ်လေ၏။ အိပ်ကြောင်းကိုရင်း၊ ထကြောင်းကိုရင်း အဘမသိ။ ၃၆ ထိုသို့ လောတ၏ သမီးနှစ်ယောက်တို့သည်၊ မိမိအဘအားဖြင့် ပဋိသန္ဓေစွဲနေ၏။ ၃၇ သမီးအကြီးသည် သားကို ဘွား၍မောဘအမည် ဖြင့် မှည့်လေ၏။ ထိုသူသည် ယနေ့**

တိုင်အောင်ရှိသော မောဘအမျိုးသားတို့၏ အဘဖြစ်သတည်း။၃၈ သမီးအငယ်သည်လည်း သားကိုဘွား၍ ဗေနမ္မိ အမည်ဖြင့် မှည့်လေ၏။ ထိုသူသည် ယနေ့တိုင်အောင် ရှိသော အမ္မုန်အမျိုးသားတို့၏ အဘဖြစ်သတည်း။

ဖေက်၊ ၅း ၁၈ လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။

သင်ခန်းစာ ( ၅ )

# ခရစ်ယာန်အိမ်ထောင်မိခင်ကောင်းတို့၏တာဝန်ဝတ္တရားများ

## မိန်းမ၏ခေါင်းကားယောကျ်ား

မိန်းမ၏ခေါင်းကား ယောကျ်ား၊ယောကျ်ား၏ခေါင်းကားခရစ်တော်၊ ခရစ်တော်၏ခေါင်းကား ဘုရားသခင်ဖြစ်သည်ဟုတွေ့ရသည်။ ခရစ်တော်သည် ဘုရားသခင်၏အုပ်စိုးခြင်းကို အသေခံသည့် တိုင်အောင်ဝန်ခံသကဲ့သို့ ယောကျ်ားသည်လည်း မိမိအိမ်ထောင်၌၊ခရစ်တော်၏အုပ်စိုးခြင်းကို အသက်ရှင်သည့်ကာလပတ်လုံး ဝန်ခံဖို့ရန်ဖြစ်သည်။ ထို့နည်းတူမိန်းမသည်လည်းကိုယ့်ယောကျ်ား၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံတတ်သောသူဖြစ်ဖို့လိုသည်။ အရာရာ၌ ဘုရားသခင်၏မျက်နှာတော်ကိုထောက်ရှု၍၊ ဘုရားသခင်စီရင်၍၊ဖော်ပြထားသော အရာကိုဝန်ခံတတ်ဖို့ရန်ဖြစ်သည်။

**၁ ကော၊ ၁၁း ၃ယောကျ်ား၏ခေါင်းကား ခရစ်တော်ဖြစ်သည် ကိုရင်း၊ မိန်းမ၏ခေါင်းကား ယောကျ်ားဖြစ်သည်ကိုရင်း၊ ခရစ်တော်၏ခေါင်းကား ဘုရားသခင် ဖြစ်တော်မူသည်ကိုရင်း၊ သင်တို့ သိမှတ်စေခြင်းငှါ ငါအလိုရှိ၏။**

၁။ ကိုယ့်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ ဝန်ခံရမည်။ ( ဧ၅း၂၂ )

၂။ ယောကျ်ားကို မိသားစု၏ဦးခေါင်းဖြစ်ခြင်းကို အသိအမှတ်ပြုရမည်။ ( ဧ၊ ၅း၂၃ )

၃။ ကိုယ့်ခင်ပွန်းကိုချစ်ရမည်။ ( တိတု၊ ၂း၃-၅ )

၄။ မိသားစုနှင့် သားသမီးတို့အား ထိန်းသိမ်းစောင့်ရှောက်ရမည်။

၅။ ဆက်ဆံခြင်းဝတ်ကို မိမိလင်အားပြုရမည်။ ( ၁ကော၊ ၇း၂-၅၀ )

၆။ သီလနှင့်ပြည့်စုံသော မိန်းမဖြစ်ရမည်။ ( သု၊ ၃၁း၁၀-၃၁ )

၇။ ယောကျ်ားအတွက်သစ္စာစောင့်ပြီး မိမိကိုယ်ကို မိမိထိန်းသိမ်တတ်သောသူဖြစ်ရမည်။ ( ၁သက်၊ ၄း၃-၅ )

၈။ ကိုယ့်ခင်ပွန်း၏အလုပ်အကိုင်အပေါ် နှောင့်ယှက်ပျက်စီးခြင်းနှင့် ပြစ်တင်ရှုတ်ချခြင်းမပြုရ။ သူ၏သူငယ်ချင်းအပေါင်းအပါကိုလည်း ဂရုစိုက်ပေးရမည်။

၉။ ငွေကြေးအခက်အခဲကြုံလာသောအခါ၊ ကိုယ့်ခင်ပွန်းကို ရှုတ်ချအပြစ်တင်ခြင်းများမပြုရ။

၁၀။ သာယာသောမိသားစုဖြစ်ဖို့ရန် ကိုယ့်ခင်ပွန်း၏အလိုသို့လိုက်ရမည်။

၁၁။ ကိုယ့်ခင်ပွန်းအတွက် အမြဲဆုတောင်းပေးရမည်။

၁၂။ ပျင်းရိခြင်းကိုကြဉ်ရှောင်ရမည်။ Sunsan Wesley က သားသမီး ( ၁၉ ) ယောက်ရှိပြီး တစ်နေ့မှာ တစ်ယောက်အတွက် မိနစ် ( ၂၀ ) အချိန်ပေးပြီးဆုတောင်း

ပေးလိမ့်ရှိသည်။

## မိခင်သည်သာသနာပြုဆရာ

၁။ ယောက်ျားအပေါ်

၂။ သားသမီးများအပေါ်

၃။ ဆင်းရဲနွမ်းပါးသော သူနှင့်မိဘမဲ့ကလေးများအပေါ်

၄။ အသင်းတော်အပေါ်

၅။ ယောက်ျားကိုကူညီထောက်မဖို့ရန် ဖန်ဆင်း၏။ ( က၊ ၂း၁၈ )

၆။ ယောက်ျား၏စကားကိုနားထောင်၍ ရိုသေလေးစားရမည်။ ( ဧ၊ ၅း၃၃ )

၇။ ယောက်ျား၏အလိုသို့လိုက်ရမည်။ ( ဧ၊ ၅း၃၂ )

၈။ အချင်းမိန်းမတို့ သခင်ဘုရား၌လျောက်ပတ်သည်အတိုင်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။ ( ကောလောသဲ၊ ၃း၁၈ )

၉။ ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းသည် ကိုယ်ခင်ပွန်းကို ကြောက်ရွံ့ရိုသေခြင်းဖြင့် သိရသည်။

၁၀။ ကူညီထောက်မသူဟုဆိုရာ၌ ပြည့်စုံစေသူဟု အဓိပ္ပါယ်ရသည်နှင့်အညီ မိန်းသည် ယောက်ျားထက် အဆင့်အတန်း နိမ့်ကျမှုကိုပြခြင်းမဟုတ်ဘဲ၊ ယောက်ျားသည် မိန်းမ မပါပဲမပြည့်စုံကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

## စကားများခြင်း၏အကျိုးများ

၁။ စကားများသောအားဖြင့်အပြစ်ပါတတ်၏။မိမိနှုတ်ကိုချုပ်တည်းသောသူမူကား ပညာရှိ၏။ ( သု၊ ၁၀း၁၉ )

၂။ သူ့အသရေပျက်အောင်ပြောဆိုသောသူသည် မိုက်သောသဘောရှိ၏။

၃။ စကားလွန်ကျူးရာတွင် ဆိုးသောကျော့ကွင်းရှိ၏။ ( သု၊ ၁၂း၁၃ )

၄။ သန်လျက်ထိုးသကဲ့သို့ စကားပြောတတ်သောသူအချို့ရှိ၏။ ( သု၊ ၁၂း၁၈ )

၅။ စကားများခြင်းအကျိုးဟူမူကား ဆင်းရဲခြင်းသက်သက်ဖြစ်သည်။(သု၊ ၁၄း၂၃ )

၆။ ကြမ်းတမ်းသောစကားဟူမူကား အမျက်ကိုနှိုးဆော်တတ်၏။ ( သု၊ ၁၅း၁ )

၇။ လည်၍စကားများစွာ ပြောတတ်သောသူသည် လျှို့ဝှက်အပ်သော အရာကို ဖော်ပြတတ်၏။ ( သု၊ ၁၁း၁၃ )

၈။ မိုက်သောသူ၏ နှုတ်ခမ်းမူကား ရန်တွေ့တတ်၏။ ( သု၊ ၁၈း၆ )

၉။ မမှန်သောသက်သေမူကား မုသာကိုသုံးတတ်၏။ ( သု၊ ၁၄း၂၅ )

## ပညာရှိစကားများ

၁။ ဥာဏ်ကောင်းသောသူသည် ပညာစကားကို ပြောတတ်၏။ ( သု၊ ၁၀း၁၃ )

၂။ ဖြောင့်မတ်သောသူ၏ လျှာသည် ငွေစင်နှင့်တူ၏။ ( သု၊ ၁၀း၂၀ )

၃။ ဖြောင့်မတ်သောသူ၏ နှုတ်ခမ်းသည် နှစ်သက်ဘွယ်သောအရာကို သိကျွမ်းတတ်၏။ ( သု၊ ၁၀း၃၂ )

၆။ လူသည် မိမိနှုတ်၏ အသီးတည်းဟူသော ကောင်းသောအရားကို စားရ၏။ ( သု၊ ၁၃း၂ )

၇။ မိမိနှုတ်ကိုစောင့်သောသူသည် မိမိအသက်ကိုစောင့်၏။ ( သု၊ ၁၃း၃၊ ၁၄း၃ )

၈။ ဖြည်ညင်းသောစကားသည် စိတ်ကိုဖြေတတ်၏။ (သု၊ ၁၅း၁ )

၉။ ဖြည်ညင်းသောလျှာသည် အသက်ဖြစ်၏။ ( သု၊ ၁၅း၄ )

၁၀။ ချိုသောစကားကို ပြောတတ်သော နှုတ်သည် ပညာအတတ်ကို တိုးပွားစေတတ်၏။ ( သု၊ ၁၆း၂၁ )

## ခင်ပွန်းကိုနှစ်သက်စေသောဇနီးသည်၏အရည်အချင်း

( က ) အလုပ်နားချိန်၌ သူငယ်ချင်းကဲ့သို့ ပြောဆိုဆက်ဆံတတ်သူ ။

( ခ ) ယောက်ျားအား ရိုသေလေးစားပြီး ဆွဲဆောင်မှုရှိသူ။

( ဂ ) မိသားစု၌မိမိန်းမ၏ တာဝန်ဝတ္တရားကျေပွန်သူနှင့် ယောက်ျားအားစေခိုင်းမှု လွန်ကဲခြင်း မလုပ်သူ။

( ဃ ) ယောက်ျား၏လိုအင်ဆန္ဒများကို လိုက်လျောပေးတတ်သူနှင့် ဆွေးနွေးတိုင်ပင်ချက်များကို လေးနက်စွာ စဉ်းစားပေးတတ်သူတို့ ဖြစ်၏။

## မိန်းမကယောကျ်ားအားလိုက်နာစေချင်သောအချက်

( က ) သနားကြင်နာတတ်သူ၊ ချစ်တတ်သူနှင့် မိန်းမအားသူတစ်ပါးရှေ့မှောက်၌ ချီးမြှောက်တတ်သူ။

( ခ ) ချစ်ခင်ရင်းနှီးစွာ စကားစမြည်ပြောဖို့ အချိန်ပေးတတ်ပြီး၊ မိန်းမ၏ဆန္ဒကို နားလည်ပေးတတ်သူ။

( ဂ ) သစ္စာသမာဓိရှိပြီး၊ လှို့ဝှက်ထိန်ချန်ထားမှုမရှိပဲ မိန်းမအပေါ်ပွင့်လင်းရိုးသားသူ။

( ဃ ) မိန်းမအပေါ်၌သစ္စာရှိပြီး၊ ငွေကြေးအပြည့်အဝအပ်နှံထားသူ။

( င ) မိသားစုအား ဂရုစိုက်ပြုစုတတ်သူနှင့် မိန်းမ၏ဆွေမျိုးများ ဂရုစိုက်တတ်သူ။

## လင်မယားကြား ပျော်ရွှင်မှုဖြစ်စေသောအရာများ

၁။ အလွန်ချစ်ခင်ရင်းနှီးစွာ ပြောဆိုဆက်ဆံခြင်း။

၂။ မိမိလိုအင်ဆန္ဒများကို နားလည်ပေးခြင်း။

၃။ ခန့်မှန်းခြေသုံးငွေအတိုင်း ငွေသုံးခြင်း။

၄။ ပြသာနာဖြေရှင်းပုံ ဖြေရှင်းနည်းမှန်ကန်သင့်လျော်ခြင်း။

၅။ အသက်တာရင့်ကျက်ဖို့ အမြဲသင်ယူလိုစိတ်ရှိခြင်း။

၆။ နေ့စဉ်အတူတကွကျမ်းစာဖတ်ပြီး ဆုတောင်းခြင်း။

၇။ တချိန်တည်း၌ လင်မယားစိတ်ဆိုးခြင်းမပြုရ။

၈။ လင်မယားအချင်းချင်း အသံကျယ်လောင်စွာ အော်ဟစ်ငေါက်ငေါ်ခြင်းမပြုရ။

၉။ မသေချာမရေရာသောအရာ၌ အပြစ်ရှာခြင်းမပြုရ။

၁၀။ လင်မယားတို့၏ လုပ်မှားမိသောအပြစ်နှင့် အားနည်းချက်ကို ထပ်ခါတလဲလဲ စာပြန်ပြောဆိုခြင်းမပြုရ။

၁၁။ မိမိယောက်ျားအား အစဉ်အမြဲချီးမွမ်းပါ၊ ချီးမွမ်းဖို့ လုံးဝမမေ့ရ။

၁၂ ။ အမျက်မပြေပဲ နေမဝင်စေရ။ (ဧ၊ ၄း၂၆)

၁၃။ အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ အပြစ်ခွင့်လွှတ်ခြင်း ရှိရမည်။ ( ဧ၊ ၄း ၃၂ )

၁၄။ ပြီးခဲ့ပြီးသောဖြစ်ရပ်များနှင့်စကားများကို ပြန်လည်၍ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

၁၅။ ရှေ့ဦးစွာသော ချစ်ခြင်းမေတ္တာကို မလျော့စေပဲ၊ အမြဲသတိရလျက် သန့်ရှင်းနေရမည်။

## သူတစ်ပါးရှေ့၌စကားပြောခြင်း

( က ) ဇနီးမောင်နှံအချင်းချင်းကြမ်းတမ်းစွာ ငြင်းခုံပြောဆိုခြင်းမပြုရ ။

( ခ ) အဘယ်အမှု၌မျှ ပြစ်တင်ရှုတ်ချခြင်းမပြုရ။

( ဂ ) အခြားသူများရှိနေပါလျက် ဇနီးမောင်နှံနှစ်ဦးတည်း စကားပြောခြင်းမပြုရ။

( ဃ ) သူတစ်ပါးတို့နှင့် စကားပြောချိန်၌ ကြွေးတင်ခြင်းနှင့် ခက်ခဲမှုပြဿနာ အကြောင်းများကို လုံးဝ မပြောရ။

( င ) သူတစ်ပါးစကားပြောနေစဉ် အဆုံးထိတိုင်နားထောင်ပေးရမည် ။

( စ ) သူတစ်ပါးစကားပြောနေချိန်ကြားဖြတ်လုပယူပြီး ပြောဆိုခြင်းမပြုရ ။

( ဆ ) အကျိုးမဲ့ဖြစ်စေသော အချည်းနှီးစကားပြောဆိုခြင်း မပြုရ။ (မဿဲ၊ ၁၂း၃၁-၃၇)

# ဇနီးမောင်နှံကြား ပြောဆိုဆက်ဆံခြင်း

( က ) ဝမ်းနည်းခြင်းနှင့်ဝမ်းမြောက်ခြင်းများ အတူတကွပြောဆို ဆွေးနွေးရမည်။

( ခ ) အားနည်းချက်များ၌ အပြုသဘောဆောင်ပြီး ပြောဆိုရမည်။

( ဂ ) ငွေကြေးကိစ္စနှင့်ပတ်သတ်၍ ဆွေးနွေးပြောဆိုရမည်။

( ဃ ) အားသာချက်၌ အချင်းချင်းချီးကျူးပြောဆိုရမည်။

# သား၊သမီးများရှေ့၌စကားပြောခြင်း

( က ) အချင်းချင်းပြစ်တင်ရှုတ်ချခြင်း လုံးဝမပြုရ။

( ခ ) စိတ်ဆိုးနေသောမျက်နှာ လုံးဝမပေါ်စေရ။

( ဂ ) သားသမီးတို့အား တစ်ယောက်ကဆုံးမပဲ့ပြင်ချိန်၌ တစ်ယောက်က ကာကွယ်ခြင်း လုံးဝမပြုရ။

( ဃ ) နှစ်ဘက်သောမိဘဆွေမျိုးများအား ထိခိုက်နစ်နာစေသောစကားများကို လုံး ဝမ ပြောရ။

( င ) သားသမီးတို့၏ ကျောင်းစရိတ်နှင့်ပတ်သက်၍ ငြင်းခုံစကားများခြင်းမရှိပဲ၊ အဆင်ပြေအောင် ကြိုးစားပေးရမည်။

သင်ခန်းစာ ( ၆ )

# ခရစ်ယာန်အမျိုးသမီးများဆင်ခြင်ရန်

၁။ မိုက်သောမိန်းမသည် စကားသံကျယ်၍ ဥာဏ် တိမ်သဖြင့် အလျှင်းမသိတတ်။ ( သုတ္တံ၊ ၉း၁၃ )

၂။ ထိုမိန်းမသည် ကျယ်သောအသံနှင့် ခိုင်မာသော စိတ်သဘောရှိ၏။ ကိုယ်အိမ်၌မနေ၊ လည်တတ်၏။ ( သုတ္တံ၊ ၇း၁၁ )

၃။ ထိုမှတပါး၊ တစ်အိမ်မှတစ်အိမ်သို့လည်၍ ပျင်းရိတတ်ကြ၏။ ပျင်းရိသည်သာမက၊ စကားများ၍ မပြော အပ်သောအရာကို ပြောသဖြင့်၊ ကိုယ်နှင့်မဆိုင်သော အမှု၌ ရောနှောသောသူဖြစ်တတ်ကြ၏။ ( ၁တိ၊ ၅း၁၃ )

၄။ ရန်တွေ့တတ်သောမိန်းမနှင့် အတူလူများသော အိမ်၌နေသည်ထက်၊ အိမ်မိုးပေါ် ထောင့်ထဲမှာ နေသော် သာ၍ကောင်း၏။ ( သုတ္တံ၊ ၂၁း၉ )

၅။ မိုက်သော သားသည် အဘဆင်းရဲစရာ အကြောင်းဖြစ်၏။ ရန်တွေ့တတ်သော မယားသည်လည်း၊ အစက်စက်ကျသော မိုဃ်းပေါက်နှင့်တူ၏။ ( သုတ္တံ၊ ၁၃ )

၆။ စိတ်တို၍ရန်တွေ့တတ်သောမိန်းမနှင့် နေသည် ထက်၊ တောလွင်ပြင်၌ နေသော်

သာ၍ကောင်း၏။ ( သုတ္တံ၊ ၂၁း၁၉ )

၇။ တအိမ်လုံးပြည့်သော ယဇ်ပူဇော်ပွဲကို ရန်တွေ့ သော စိတ်နှင့်စားရသည်ထက်၊ ငြိမ်သက်ခြင်းနှင့် ယှဥ် သော မုန့်တလုပ်စာသည်သာ၍ကောင်း၏။ ( သုတ္တံ၊ ၁၇း၁ )

၈။ ဆူအောင်ကျွေးသော နွားတကောင်လုံးကို အချင်းချင်း အငြိုးထားသောစိတ်နှင့် စားရသည်ထက်၊ ချစ်ခြင်းမေတ္တာပါသောဟင်းရွက်တနပ် စာသည်သာ၍ ကောင်း၏။ ( သုတ္တံ၊ ၁၅း၁၇ )

၉။ သီလရှိသော မိန်းမသည် မိမိလင်၌ ဦးရစ်သရဖူ ဖြစ်၏။ အရှက်ခွဲတတ်သော မိန်းမမူကား၊ လင်၏အရိုး တို့၌ ဆွေးမြေ့ခြင်းကဲ့သို့ဖြစ်၏။ ( သုတ္တံ၊ ၁၂း၄ )

၁၀။ သူ၏ခင်ပွန်းသည်လည်း မြို့တံခါးတို့၌ ပြည်သား အသက်ကြီးသူတို့နှင့်ထိုင်၍၊ ထင်ရှားသောသူ ဖြစ်၏။ (သုတ္တံ၊ ၃၁း၂၃ )

၁၁။ ယောကျ်ားသည် ဘုရားသခင်၏ပုံသဏ္ဌာန်၊ ဘုန်းအသရေတော်ဖြစ်သောကြောင့် မိမိခေါင်းကို မဖုံးရ။ မိန်းမမူကားယောကျ်ား၏ဘုန်းအသရေဖြစ်၏။ ( ၁ ကော၊ ၁၁း၇ )

၁၂။ သင်၏အိမ်နီးချင်းအိမ်၌ ကြာမြင့်စွာ မနေနှင့်။ နေလျှင် သူသည် သင့်ကို ငြီးငွေ့၍ မုန်းလိမ့်မည်။ ၁၈ အိမ်နီးချင်းတဘက်၌ မမှန်သောသက်သေကို ခံသော သူသည် ဒုတ်၊ ထား၊ သံချွန်နှင့်တူ၏။ ( သုတ္တံ၊ ၂၅း၁၇-၁၈ )

၁၃။ သန်လျက်နှင့်ထိုးသကဲ့သို့ စကားပြောတတ် သော လူတချို့ရှိ၏။ ပညာရှိတို့၏လျှာမူကား အနာကို ပင် ပျောက်စေတတ် ၏။ ( သုတ္တံ၊ ၁၂း၁၈ )

၁၄။ လိမ္မာသော စိတ်သဘောရှိသောသူသည် ပညာသတိရှိသည်ဟု ကျော်စောရာသို့ရောက်တတ်၏။ ချိုသောစကားကို ပြောတတ်သော နှုတ်သတ္တိသည်လည်း ပညာအတတ်ကိုတိုးပွါးစေတတ်၏။ ၂၂ ဉာဏ်ပညာကိုရသော သူသည် အသက်စမ်းရေတွင်းကိုရ၏။ မိုက်သောသူတို့၏ သွန်သင်ခြင်းမူကား၊ မိုက်ခြင်းဖြစ်၏။ ၂၃ပညာရှိသော သူ၏နှလုံးသည် သူ၏ နှုတ်ကို သွန် သင်၍၊သူ၏နှုတ်ခမ်းတို့၌ ပညာအတတ်ကို ထပ်လောင်း တတ်၏။ ၂၄ သာယာသောစကားတို့သည် ပျားလ ပို့ကဲ့သို့ ဖြစ်၍၊ စိတ်ဝိညာဉ်၌ ချိုမြိန်လျက်၊ ကိုယ်အရိုးကို ကျန်းမာ စေလျက်ရှိကြ၏။ ( သုတ္တံ၊ ၁၆း၂၁-၂၄ )

၁၅။ ကြာမြင့်စွာသည်းခံလျှင် မင်းကိုဖျောင်းဖျနိုင်၏။ ချိုသောစကားသည်လည်း အရိုးကျိုးအောင်တတ်နိုင်၏။ ( သုတ္တံ၊ ၂၅း၁၅ )

သင်ခန်းစာ ( ၇ )

# ကျမ်းစာ၌ရှိသောအမျိုးသမီးများ၏အသက်တာ ကိုလေ့လာခြင်း

## စာရာ၏အသက်တာ

ကျမ်းစာ၌စာရာသည် အာဗြဟံကို သခင်ဟူ၍ခေါ်သည်။ အာဗြဟံသည် သည်ပြည့်စုံသောကြောင့် သခင်ဟုခေါ်ခြင်းမဟုတ်ချေ။ အာဗြဟံသည် သူ့မိန်းမကို ငါ့နှမဖြစ်သည်ဟု ဖါရောဘုရင်ထံသို့ပြောခဲ့သည်။ က၊ ၁၂း၁၀-၁၆။ သို့သော်လည်း စာရာသည် ဘုရားသခင်ကိုကြောက်ရွံ့သောကြောင့် အာဗြဟံသည်ပြည့်စုံခြင်းမရှိသော်လည်း သူ၏အုပ်စိုးခြင်းကိုဝန်ခံ၍ အာဗြဟံကို သခင်ဟူ၍ခေါ်ခြင်းဖြစ်သည်။ အာ ဗြ ဟံ ကော င်း လို့ မ ဟု တ်ဘဲ ၊ စာ ရာ ကော င်း လို့ ဖြ စ်သ ည်ကို သိ ရ သ ည် ။ ဘုရားသခင်၏အလိုတော်နှင့်အညီ ကိုယ့်ခင်ပွန်၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံဖို့ရန်ဖြစ်သည်။

**၁ပေ၊ ၃း ၁-၆ အထက်ဆိုခဲ့ပြီးသည်နည်းတူ မိန်းမတို့၊ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။ ၂ သို့ပြု၍နှုတ်ကပတ်ဘုရားတော်ကို နားမထောင်သော ယောကျ်ားအချို့ရှိလျှင်၊ ထိုသူတို့သည် တရားမနာသော်လည်း၊ သင်တို့၏ကြောက်ရွံ့ခြင်းနှင့်စင်ကြယ်သောအကျင့်တို့ကို ထောက်ရှု၍၊ မိမိမယား၏အကျင့်**

အားဖြင့် သွေးဆောင်လျက် အတူပါမည်အကြောင်းရှိ၏။ ၃ သင်တို့၌ တန်ဆာဆင်ခြင်းမူကား၊ ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာ ဆင်ခြင်းမဖြစ်စေဘဲ၊ ၄ ဘုရားသခင့်ရှေ့မှာအဘိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန် မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူဖြစ်စေကြလော့။ ၅ ဘုရားသခင်ကို ကိုးစား၍သန့်ရှင်းသော မိန်းမတို့သည် ရှေးက ထိုသို့ကိုယ်ကိုတန်ဆာဆင်လျက်၊စာရာသည်အာဗြဟံကို သခင်ဟုခေါ်ဝေါ်၍ သူ၏စကားကိုနားထောင်သကဲ့သို့ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြ၏။ သင်တို့သည် ကောင်းမွန်စွာကျင့်၍၊ ကြောက်ရွံ့ တုန်လှုပ်ခြင်းအလျှင်းမရှိဘဲနေလျှင် စာရာ၏သမီးဖြစ်ကြ၏။ ၆ ထိုနည်းတူ၊ ယောက်ျားတို့၊ ဆုတောင်းခြင်းအမှု၌ အဆီးအတားမရှိစေခြင်းငှါ အသက်ရှင်ခြင်း ကျေးဇူး တော်ကို ဆက်ဆံ၍အမွေခံရသော သူချင်းကဲ့သို့ သတိပညာနှင့် လျော်စွာကိုယ်ခင်ပွန်းနှင့်အ တူနေ၍၊ ၇အား နည်းသောသူကို ပြုသင့်သည်အတိုင်း သူ့ကို စောင့်မပြုစုကြလော့။

ဖေက်၊ ၅း၂၃-၂၄ အကြောင်းမူကား၊ ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့၊ ယောက်ျား သည် မိမိခင်ပွန်း၏အပေါ်မှာခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကို ကယ်တင်သောသူ ဖြစ်တော်မူ၏။ ၂၄ အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့၊ မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။

**၁ကော၊ ၁၁း၃ယောက်ျား၏ခေါင်းကား ခရစ်တော်ဖြစ်သည် ကိုရင်း၊ မိန်းမ၏ခေါင်းကား ယောက်ျားဖြစ်သည်ကိုရင်း၊ ခရစ်တော်၏ခေါင်းကား ဘုရားသခင် ဖြစ်တော်မူသည်ကိုရင်း၊ သင်တို့ သိမှတ်စေခြင်းငှါ ငါအလိုရှိ၏။**

## လောတမယား၏အသက်တာ

သောဒုံနှင့်ဂေါမောရမြို့ကို ဘုရားသခင်သည် ဖျက်စီးမည့်အစီအစဉ်ရှိသောအခါ၊ လောတ၏မိသားစုကိုမြို့ပြင်သို့ထုတ်ဆောင်၍၊ နောက်သို့မလှည့်မည်အကြောင်းပြောထားသော်လည်း လောတ၏မယားသည် ဘုရားသခင်၏စကားကိုနားမထောင်ဘဲ၊ လှည့်ကြည့်သောကြောင့် ဆားတိုင်ဖြစ်သွားသည်။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း အရာရာ၌ ဘုရားစကားကိုနားထောင်ဖို့ရန်လိုသည်။

**က၊ ၁၉း၁၇-၂၆ ပြင်သို့ရောက်သောအခါ၊ သင်သည် အသက်ချမ်းသာရခြင်းငှါ ပြေးလော့။ နောက်သို့လှည့်၍ မကြည့် နှင့်မြေညီသောအရပ်၌ အလျှင်းမနေနှင့်။ တောင်ပေါ်သို့ ပြေးလော့။ သို့မဟုတ်ဆုံးလိမ့်မည်ဟု ဆိုလေ၏။ ၁၈ လောတကလည်း၊ အကျွန်ုပ်သခင် ထိုသို့မဆိုပါနှင့်။ ၁၉ ယခုမှာ ကိုယ်တော်ကျွန်သည် ရှေ့တော်၌ မျက်နှာရပါပြီ။ အကျွန်ုပ်အသက်ချမ်းသာစေသဖြင့်၊အကျွန်ုပ်၌ ပြုတော်မူသောကရုဏာ ကျေးဇူးများပြားလှပါ၏။ ဘေးလွတ်၍ တောင်ပေါ်သို့ မပြေးနိုင်ပါ။ ဘေးတစုံ တခုတွေ့၍ သေမည်ကို စိုးရိမ်ပါ၏။ ၂၀ ကြည့်ပါ။ ထိုမြို့နီးပါ၏ ပြေးသာပါ၏။ ငယ် သောမြို့လည်း ဖြစ်ပါ၏။ ဘေးလွတ်၍ ထိုအရပ်သို့ ပြေးပါရစေ။ ထိုမြို့**

သည် ငယ်သောမြို့ မဟုတ်လော။ သို့ပြေးလျှင် အသက်ချမ်းသာရပါမည်ဟု လျှောက်ဆို၏။ ၂၁ ထိုသူကလည်း၊ ကြည့်ပါ။ ဤအမှုအရာ၌လည်း သင်၏ စကားကို ငါနားထောင်စေခြင်းငှါ ထိုမြို့အတွက် တောင်းပန်သောကြောင့်ငါမဖျက်ဆီး။ ၂၂ ဘေးလွတ်ခြင်းငှါ ထိုမြို့သို့ အလျင်အမြန်ပြေး လော့။ ထိုမြို့သို့ မရောက်မှီ ငါသည် အဘယ်အမှုကိုမျှမပြုနိုင်ဟုဆိုလေ၏။ ထိုကြောင့် ထိုမြို့ကို ဇောရမြို့ဟု သမုတ်ကြ၏။ ၂၃ လောတသည် ဇောရမြို့သို့ ဝင်သောအခါ၊ မြေကြီးပေါ်မှာ နေထွက်ချိန်ဖြစ်သတည်း။ ၂၄ထိုအခါ ထာဝရဘုရားသည် ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါမောရမြို့အပေါ်သို့ ကန့်နှင့် မီးမိုယ်းကို ရွာစေတော်မူ၏။ ၂၅ ထိုမြို့တို့ကိုရင်း၊ ချိုင့်အရပ် တရှောက်လုံးကိုရင်း၊ မြို့သားအပေါင်းတို့ကိုရင်း မြေ၌ ပေါက်သမျှကိုရင်း၊ မှောက်လဲတော်မူ၏။ ၂၆ **လောတ၏ မယားမူကား နောက်သို့ လှည့်ကြည့် ၍ ဆားတိုင်ဖြစ်လေ၏။**

## ယောဘမယား၏အသက်တာ

ယောဘသည် ဘုရားသခင်ရှေ့၌စုံလင်သောသူဖြစ်သည်။ ဘုရားသခင်၏ ဝါကြွားခြင်းကြောင့် စာတန်၏စုံစမ်းခြင်းကိုခံရသောအခါ၊ သူ၏မိန်းမသည် ယောဘကို အားပေးသောစကားကိုမပြောဘဲ၊ သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော။ ဘုရားသခင်ကို စွန့်ပယ် ၍ သေလော့ဟုဆိုသည်။ ထို့ကြောင့် မိန်းမများကိုယ်ခင်ပွန်း အားနည်းသောအခါ၊ အထောက်အမဖြစ်ဖို့လိုသည်။

ယောဘ၊ ၁း၁-၃ယောဘအမည်ရှိသောသူ တယောက်သည် ဥဇပြည်၌နေ၏။ ထိုသူသည်စုံလင်ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်၏။ ၂ **သားခုနစ်ယောက်နှင့် သမီးသုံးယောက်ရှိ၏။** ၃ သူ၏ဥစ္စာကား၊ သိုးခုနစ်ထောင်၊ ကုလားအုပ်သုံးထောင်၊ နွားယှဉ်ငါးရာ၊ မြည်းမငါးရာ၊ ငယ်သား အတိုင်းမသိများသည်ဖြစ်၍၊ ထိုသူသည် အရှေ့မျက်နှာအရပ်သားတကာတို့ထက် သာ၍ကြီးသောသူဖြစ်၏။

ယောဘ၊ ၂း၇-၁၀ စာတန်သည် ထာဝရဘုရားထံတော်မှထွက်သွား၍ ယောဘ၏ခြေဘဝါးမှသည် ဦးထိပ်တိုင်အောင် ဆိုးသောအနာစိမ်းများ တိုးပေါက်စေ၏။ ၈ ယောဘသည် ကိုယ်ကိုခြစ်စရာ အိုးခြမ်းကို ကိုင်ယူ၍ မီးဖိုပြာထဲမှာ ထိုင်လေ၏။ ၉ **ထိုအခါမယား**က၊ သင်သည် ဖြောင့်မတ်သောတရားကို စွဲလမ်းသေးသလော။ ဘုရားသခင်ကို စွန့်ပယ် ၍ သေလော့ဟုဆို၏။ ၁၀ ယောဘကလည်း၊ မိန်းမမိုက်ပြောတတ်သကဲ့သို့ သင်သည်ပြော၏။ အဘယ်သို့နည်း။ ငါတို့သည် ဘုရားသခင်၏လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍၊ ဒုက္ခဆင်းရဲကို မခံမယူရာသလောဟုဆို၏။ ယောဘ သည် ဤအမှုများနှင့် တွေ့ကြုံသော်လည်း နှုတ်ဖြင့်မျှမမှားယွင်း။

# ဇေရက်၏အသက်တာ

ဇေရက်သည် ဟာမန်၏မိန်းမဖြစ်သည်။ ဟာမန်သည် မော်ဒကဲကိုသတ်ချင်

သောအခါ၊ သူ၏မိန်းမဖြစ်သော ဇေရက်သည် ဟာမန်ကိုမကောင်းသောအကြံကို ပေးသည်။ သူကိုလည်ဆွဲ၍သတ်ဖို့ရန် လည်ဆွဲတိုင်အတောင်ငါးဆယ်မြင့်သောတိုင်ကိုလုပ်ဖို့အကြံပေးသည်။ ဟာမန်သည်လည်း သူ့မိန်းမပေးသောအကြံကို လက်ခံ၍လုပ်သည်။ နောက်ဆုံး၌ မော်ဒကဲအတွက်လုပ်ထားသောလည်ဆွဲတိုင်ပေါ်မှာဟာမန်ကို လည်ဆွဲ၍သတ်ကြသည်။ ဇေရက်ကဲ့သို့ မကောင်းသောအကြံကို ကိုယ့်ခင်ပွန်းအားမပေးသင့်ချေ။

**သေတာဝတ္တု ၅း၁၄ ထိုအခါ မယားဇေရက်နှင့်အဆွေခင်ပွန်း ရှိသမျှတို့က၊ အတောင်ငါးဆယ်မြင့်သော လည်ဆွဲချစေ မည်အကြောင်း နက်ဖြန်သံတော်ဦးတင်လော့။ ထိုနောက် မှစိတ်ရွှင်လန်းလျက် ရှင်ဘုရင်နှင့်အတူ ပွဲသို့ဝင်လော့ဟု ပြောဆိုသောစကားကို ၏ဟာမန်သည် နှစ်သက်၍၊ လည်ဆွဲ ချတိုင်ကို လုပ်စေ၏။**

## ယေဇဗေလ၏အသက်တာ

အာဟပ်မင်းသည် ဣသရေလရှင်ဘုရင်ဖြစ်သည်။ အာဟပ်မင်းသည် ဘုရားကိုသိသောသူမဟုတ်။ သူ၏မိန်းမသည် ယေဇဗေလဖြစ်သည်။ ယေဇဗေလသည်လည်းဘုရားကိုသိသောသူမဟုတ်၊ အာဟပ်ကိုမကောင်းသောအကြံကိုပေး၍အာဟပ်သည်လည်းနားထောင်သည်။ ထို့ကြောင့် အာဟပ်အမျိုးကိုဘုရားသခင်က ကျိန်ကြောင်းသိရသည်။ ထို့ကြောင့် မိခင်များ ယေဇဗေလကဲ့သို့ မကောင်းသောအကြံများကို ကိုယ်ခင်ပွန်းအားမပေးရ။

၃ရာ၊ ၂၁း၁-၂၅ ထိုနောက်မှ ယေဇရေလမြို့သား နာဗုတ်ပိုင်သော စပျစ် ဥယျာဉ်သည် ယေဇရေလမြို့တွင်၊ ရှမာရိ မင်းကြီးအာဟပ်၏နန်းတော်နားမှာ ရှိသည် ဖြစ်၍၊၂အာဟပ်မင်းက၊ သင့်စပျစ်ဥယျာဉ်သည် နန်းတော်နားမှာရှိသောကြောင့် ယာ လုပ်စရာဘို့ပေးပါ။ သာ၍ကောင်းသော ဥယျာဉ်ကို ငါပေးမည်။ သို့မဟုတ် သင် အလိုရှိလျှင် အဘိုးကိုပေးမည်ဟု နာဗုတ်အား ဆိုလျှင်၊၃နာဗုတ်က၊ ဘိုးဘေးလက်မှ အမွေခံသောမြေကို ကိုယ်တော်အား ပေးရသောအမှုကို ထာဝရဘုရား ဆီးတားတော် မူပါစေသောဟု ပြန်လျှောက်၏။၄ဘိုးဘေးမှ အမွေခံသော မြေကို မပေးရဟု ယေဇ ရေလမြို့သား နာဗုတ်လျှောက်သော စကား ကြောင့် အာဟပ်မင်းသည် ညစ်ညူးသော စိတ်နှင့် ညှိုးငယ်လျက်၊ နန်းတော်သို့သွား၍ အစာကိုမစား၊ မျက်နှာကို လှဲ၍သာလွန် ပေါ်မှာ အိပ်လျက်နေ၏။၅ခင်ပွန်းယေဇဗေလသည်လာ၍၊ အစာကို မစားနိုင်အောင် စိတ်တော်သည် အဘယ်ကြောင့် ညှိုးငယ် တော်မူသနည်းဟုမေးလျှင်၊ ၆မင်းကြီးက၊ ယေဇရေလမြို့သားနာဗုတ်ကို ငါခေါ်၍ သင့်စပျစ်ဥယျာဉ်ကို ရောင်းပါ။ သို့မဟုတ် သင်အလို ရှိလျှင် အခြားသောဥယျာဉ်ကို ငါပေးမည်ဟုဆိုသော်၊ ထိုဥယျာဉ်ကို ကိုယ်တော်အားမပေးရဟု ပြန်ပြော သောကြောင့် စိတ်ညှိုးငယ်သည်ဟုဆို၏။ ၇ခင်ပွန်းယေဇဗေလက၊ ကိုယ်တော်သည် ဣသ ရေလနိုင်ငံကို အစိုးရတော်မူသည် မဟုတ်လော။ ထ၍ ရွှင်လန်းသောစိတ်နှင့် စားတော်ခေါ်ပါ။ ကျွန်မသည် ယေဇရေလ မြို့သားနာဗုတ်၏ စပျစ်ဥယျာဉ်ကို ဆက်ပါ မည်ဟုဆိုသည်အတိုင်း၊ ၈အာဟပ်မင်း၏ အခွင့်နှင့်စာရေး၍ တံဆိပ် တော်နှင့် ခတ်ပြီးမှ၊ နာဗုတ်နေရာမြို့၌ သူနှင့်အတူ နေ

သော အသက်ကြီးသူနှင့်မှူးမတ်များထံသို့ ပေးလိုက် လေ၏။၉စာချက်ဟူမူကား၊ အစာရှောင်ရာအချိန်ကို ကြွေးကြော်၍၊ နာဗုတ်ကို လူများရှေ့မှာ မြှောက်ထား ကြလော့။၁၀သူ့ရှေ့မှာ အဓမ္မလူနှစ်ယောက်ကိုထား၍၊ သင်သည် ဘုရားသခင်နှင့်ရှင်ဘုရင်ကိုစွန့်ပယ်ပြီဟု သက်သေခံပါလေစေ။ သို့ပြီးမှ ကို ထုတ်၍ သေစေခြင်း ငှါ ကျောက်ခဲနှင့်ပစ်ကြလော့ဟု ပါသတည်း။ ၁၁ယေဇဗေလပေးလိုက်သော စာ၌ပါသည် အတိုင်း၊ နာဗုတ်နေသောမြို့သား အသက်ကြီးသူနှင့် မှူးမတ်တို့သည် ပြုလျက်၊ ၁၂အစာရှောင်ရာအချိန်ကို ကြွေးကြော်၍ နာဗုတ် ကို လူများရှေ့မှာ မြှောက်ထားကြ၏။၁၃အဓမ္မလူနှစ်ယောက်သည် လာ၍သူ့ရှေ့မှာ ထိုင်လျက်၊ နာဗုတ်သည် ဘုရားသခင်နှင့်ရှင်ဘုရင်ကို စွန့်ပယ်ပြီဟု လူများရှေ့တွင် နာဗုတ်တဘက်၌ သက်သေ ခံကြလျှင်၊ နာဗုတ်ကို မြို့ပြင်သို့ ထုတ်၍ သေအောင် ကျောက်ခဲနှင့်ပစ်ကြ၏။ ၁၄ထိုအခါ နာဗုတ်သည် ကျောက်ခဲနှင့် ပစ်ခြင်း ကိုခံရ၍ သေပါပြီဟု ယေဇဗေလထံသို့ စေလွှတ်၍ ကြားလျှောက်ကြ၏။၁၅ထိုအကြောင်းကို ယေဇဗေလသည် ကြားလျှင်၊ ယေဇရေလမြို့ သားနာဗုတ် မရောင်းလိုသော စပျစ် ဥယျာဉ်ကို ထ၍ သိမ်းယူတော်မူပါ။ နာဗုတ်အသက်မရှိ၊ သေပါပြီဟု ဆို၏။ ၁၆ နာဗုတ်သေကြောင်းကို အာဟပ်သည် ကြားလျှင်၊ ယေဇရေလမြို့ သားနာဗုတ်၏ စပျစ်ဥယျာဉ်ကို သိမ်းယူခြ င်း ငှါ ထ သွား ၏ ။ ၁ ၇ ထို အ ခါ တိ ရှ ဘိ မြို့ ဧ လိ ယ သို့ ရော က်လာ သော ထာဝရဘုရား၏နှုတ်ကပတ်တော်က၊၁၈သင်သည်ရှမာရိမြို့၌နေသော ဣသရေလရှင်ဘုရင်အာဟပ်ကို ကြိုဆိုအံ့သောငှါ ထသွားလော့။ သူသည်နာဗုတ်၏ စပျစ်ဥယျာဉ်

ကို သိမ်းယူခြင်းငှါ သွား၍ ယခုဥယျာဉ်၌ရှိ၏။၁၉ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်သည် လူအသက်ကို သတ်၍သူ့ဥစ္စာကို သိမ်းယူပြီလော။ တဖန် မိန့်တော်မူသည်ကား၊ ခွေးတို့သည် နာဗုတ်အသွေးကို လျက်သောအရပ်၌ သင့်အသွေးကိုပင် လျက်ကြလိမ့် မည်ဟု မိန့်တော်မူကြောင်းကို ဆင့်ဆိုလော့ဟု မှာထား တော်မူ၏။၂၀ အာဟပ်ကလည်း၊ အချင်းရန်သူ၊ ငါနှင့်တွေ့ပြီ လောဟု ဧလိယအားဆိုလျှင်၊ ဧလိယ ကသင်သည် ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကို ပြုလို၍ ကိုယ်ကို ရောင်းသောကြော င့် သင်နှင့်ငါတွေ့ပြီ။၂၁ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင့်အပေါ်သို့ ဘေးဥပဒ် ရောက်စေမည်။ ဣသရေလမြို့၌ချုပ်ထားသောသူဖြစ်စေ၊ အလွတ်ပြေးသောသူ ဖြစ်စေ၊ အာဟပ်အမျိုး ယောက်ျားများကိုပယ်ဖြတ်မည်။၂၂ငါ့အမျက်ကို နှိုးဆော် သောအပြစ်နှင့် ဣသ ရေလအမျိုးကို ပြစ်မှားစေသောအပြစ်ကြောင့်၊ သင့်အမျိုး ကို နေဗတ်၏သား ယေရောဗောင်အမျိုးနှင့် အဟိယ၏ သားဗာရှာအမျိုးကဲ့သို့ ငါဖြစ် စေမည်။ ၂၃ယေဇဗေလအမှုမှာ ထာဝရဘုရားမိန့်တော်မူ သည်ကား၊ ယေဇရေလ မြို့ရိုးနားမှာ ခွေးတို့သည် ယေဇ ဗေလကို စားကြလိမ့်မည်။၂၄ အာဟပ်အမျိုးသည် မြို့ထဲမှာ သေလျှင်ခွေးစား လိမ့်မည်။ မြို့ပြင်မှာသေလျှင် မိုယ်းကောင်းကင်ငှက် စား လိမ့်မည်ဟု မိန့်တော်မူကြောင်းကို အာဟပ်အား ဆင့်ဆို၏။၂၅ အာဟပ်နှင့်တူသော သူတယောက်မျှမရှိ။ ခင်ပွန်းယေဇဗေလသည် တိုက်တွန်းသဖြင့်၊ ထာဝရ ဘုရားရှေ့ တော်၌ ဒုစရိုက်ကို ပြုလို၍ ကိုယ်ကို ရောင်း သောသူဖြစ်၏။

# မိရိအံ၏အသက်တာ

အာရုန်သည်မောရှေ၏အစ်ကိုဖြစ်၍ မိရိအံသည် မောရှေ၏အစ်မ ဖြစ်သည်။ မောရှေ၏မိန်းမကြောင့် အာရုန်နှင့်မိရိအံက မောရှေကိုပုန်ကန်ကြသည်။ ဘုရားသခင်သည် မောရှေကိုသာ ဗျာဒိတ်ပေးသည်မဟုတ်၊ ငါတို့ကိုလည်းပေးသည် ဟုဆိုကြသည်။ မောရှေသည် ဘုရားသခင်ရွေးချယ်ခြင်းကိုခံသောသူဖြစ်သောကြော င့် ဘုရားသခင်သည် မိရိအံကိုဒဏ်ခတ်၍ သူ၌အနူရောဂါဖြစ်စေသည်။ အကျွန်ုပ် တို့သည်လည်း မိရိအံကဲ့သို့ ဘုရားလူကိုမပစ်မှားဖို့အရေးကြီးသည်။

**တော၊ ၁၂း၁-၁၆ မောရှေသည် ကုရှအမျိုးသားမိန်းမနှင့် စုံဘက် သည် ဖြစ်၍၊ ထိုမိန်းမကြောင့် မိရိအံနှင့် အာရုန်သည် မောရှေကို အပြစ်တင်လျက်၊ ၂အကယ်၍ ထာဝရဘုရားသည်၊ မောရှေအား ဖြင့်သာ ဗျာဒိတ်ပေးတော်မူသလော။ ငါတို့အားဖြင့်လည်း ပေးတော်မမူလောဟု ဆိုကြ၏။ ထိုစကားကို ထာဝရ ဘုရား ကြားတော်မူ၏။ ၃မောရှေသည် မြေကြီးပေါ်မှာရှိနေသော သူ အပေါင်းတို့ထက် သာ၍ နူးညံ့သိမ်မွေ့သော သဘော ရှိ၏။ ၄ထာဝရဘုရားကလည်း၊ သင်တို့သုံး ယောက် သည် ပရိသတ်စည်းဝေးရာ တဲတော်သို့ ထွက်သွားကြ လော့ဟု မောရှေ၊ အာ ရုန်၊ မိရိအံတို့အား ချက်ခြင်း မိန့်တော်မူ၍ သူတို့သည် ထွက်သွားကြ၏။ ၅ထာဝရဘုရားသည် မိုဃ်းတိမ်တိုင်ဖြင့် ဆင်း သက်၍၊ ပရိသတ်စည်းဝေးရာ တဲ တော်တံခါးဝ၌ ရပ် လျက်၊ အာရုန်နှင့် မိရိအံကို ခေါ်တော်မူ၍၊ သူတို့သည် ချဉ်းကပ် ကြ၏။ ၆ထာဝရဘုရားကလည်း၊ ငါ့စကားကို နားထောင် ကြလော့။ သင်တို့တွင် ပ**

ရောဖက်ရှိလျှင်၊ ငါထာဝရဘုရား သည် ထိုသူ၌ ထူးဆန်းသော ရူပါရုံအားဖြင့် ကိုယ်ကို ပြမည်။ သို့မဟုတ် အိပ်မက်အားဖြင့် ဗျာဒိတ်ပေးမည်။ ၇အိမ်တော်တအိမ်လုံး၌ သစ္စာစောင့်သော ငါ့ ကျွန်မောရှေသည် ထိုသို့မဟုတ်။ ၈သူ၌ ဗျာဒိတ်ပေးသောအခါ၊ နက်နဲသောစကား အားဖြင့် မပေး၊ ကိုယ်တိုင်ကိုယ်ကြပ် ထင်ရှားစွာ ဗျာဒိတ် ပေးမည်။ သူသည် ထာဝရဘုရား၏ ပုံသဏ္ဍာန်ကိုလည်း မြင်ရမည်။ သို့ဖြစ်၍ သင်တို့သည် ငါ့ကျွန်မောရှေကို အဘယ့်ကြောင့် အပြစ်တင်ဝံ့သနည်းဟု မိန့်တော်မူလျက်၊ ၉အမျက်တော်ထွက်၍ ထာဝရဘုရား ကြွသွား တော်မူသဖြင့်၊ ၁၀မိုယ်းတိမ်သည် တဲတော်အပေါ်မှ ကွာသွား၏။ မိရိအံသည်လည်း၊ နူနာစွဲ၍ မိုယ်းပွင့်ကဲ့သို့ ဖြူလေ၏။ အာရုန်ကြည့်၍ မိရိအံနူသည်ကိုမြင်လျှင်၊ ၁၁အို အကျွန်ုပ်သခင်၊ အကျွန်ုပ်တို့သည် မိုက်သောအမှုကို ပြုမိ၍ ပြစ်မှားသောအပြစ်ကို အကျွန်ုပ်တို့အပေါ်မှာ တင်တော်မမူပါနှင့်၊ အကျွန်ုပ်တောင်းပန်ပါ၏။ ၁၂ဘွားစကပင် ကိုယ်အသား တဝက်ပျက်သော အသေကောင်ကဲ့သို့ သူသည် မဖြစ်ပါစေနှင့်ဟု တောင်း ပန်လျှင်၊ ၁၃မောရှေက၊ အို ဘုရားသခင်၊ သူ၏အနာကို ပျောက်စေတော်မူပါ။ အကျွန်ုပ် တောင်းပန်ပါ၏ဟု ထာဝရဘုရားအား အော်ဟစ်လေ၏။ ၁၄ ထာဝရဘုရားကလည်း၊ သူ၏ အဘသည် သူ၏ မျက်နှာကို တံထွေးနှင့် ထွေးရုံမျှသာပြုလျှင်၊ သူသည် ခုနစ်ရက်ပတ်လုံး အရှက်ကွဲခြင်းကို ခံရမည် မဟုတ်လော။ ယခုတွင် သူ့ကိုနှင်ထုတ်၍ ခုနစ်ရက်ပတ်လုံး တပ်ပြင်မှာ နေစေ။ ထို့နောက်မှ တပ်ထဲသို့ တဖန်ဝင်စေဟု မောရှေ အား မိန့်တော်မူသည်အတိုင်း၊ ၁၅မိရိအံကို နှင်ထုတ်၍ သူသည် ခုနစ်ရက်ပတ်လုံး တပ်ပြင်

**မှာ နေရ၏။ မိရိအံ့အနာမပျောက်မှီတိုင်အောင် လူများတို့သည် ခရီးမသွားဘဲ နေကြ၏။ ၁၆ထို့နောက် ဟာဇရုတ် အရပ်မှ ပြောင်း၍ ပါရန် တော၌ တဲဆောက်ကြ၏။**

# ရှိဖရနှင့်ပုအာတို့၏အသက်တာ

ရှိဖရနှင့်ပုအာတို့၏အသက်တာသည် ပုံသက်သေကောင်းသောအသက်တာဖြစ်သည်။ အဲဂုတ္တုရှင်ဘုရင်၏အမိန့်တော်ကို နားမထောင်ဘဲ၊ အဲဂုတ္တုရှင်ဘုရင်ထက် ဘုရားသခင်ကိုကြောက်ရွံ့ကြကြောင်းတွေ့ရသည်။ ထို့ကြောင့် ကျွန်တော်၊ ကျွန်မတို့သည်လည်း လူကိုကြောက်ရွံ့တာထက် ဘုရားသခင်ကို သာ၍ကြောက်ရွံ့ကြစို့။

**ထွက်၊ ၁း ၁၅-၂၂ ရှိဖရနှင့်ပုအာအမည်ရှိသော ဟေဗြဲဝမ်းဆွဲမ တို့ကို၊ အဲဂုတ္တုရှင်ဘုရင်က၊၁၆ သင်တို့သည် ဟေဗြဲမိန်းမတို့အား ဝမ်းဆွဲလုပ်၍ မွေးရာအရပ်၌စောင့်နေသောအခါ၊ ယောကျ်ားဖြစ်လျှင် သေစေ၊ မိန်းမဖြစ်လျှင် အသက်ရှင်စေဟု အမိန့်တော် ရှိ၏။၁၇ဝမ်းဆွဲမတို့သည်ဘုရားသခင်ကိုကြောက်ရွံ့၍၊အဲဂုတ္တုရှင်ဘုရင် မိန့်တော်မူသည်အတိုင်းမပြု၊ယောကျ်ားတို့ကို အသက်ချမ်းသာပေးကြ၏။ ၁၈ အဲဂုတ္တုရှင်ဘုရင်သည်လည်း၊ဝမ်းဆွဲမတို့ကို ခေါ်၍ သင်တို့သည် အဘယ်ကြောင့် ဤသို့ပြုသနည်း။ ယောကျ်ားတို့ကိုအဘယ်ကြောင့် အသက်ချမ်းသာပေးသနည်းဟု မေးစစ်သော်၊ ၁၉ဝမ်းဆွဲမတို့က၊ ဟေဗြဲမိန်းမတို့သည်၊ အဲဂုတ္တု မိန်းမကဲ့သို့မဟုတ်၊ သန်စွမ်းသောကြောင့်၊ ဝမ်းဆွဲမ မရောက်မှီ သားကိုဘွားတတ်ကြ၏ဟု ပြန်လျှောက်လေ၏။ ၂၀ ထိုကြောင့် ဘုရားသခင်သည် ဝမ်းဆွဲမတို့ကို ကျေးဇူးပြုတော်မူ၏။ ထို**

**လူအမျိုးသည်လည်း များပြား၍ အလွန်အားကြီးကြလေ၏။ ၂၁ ဝမ်းဆွဲမတို့သည် ဘုရားသခင်ကို ကြောက်ရွံ့သောကြောင့်၊ သူတို့အိမ်သူအိမ်သားများကို ပြုစုတော်မူ၏။ ၂၂ ဖာရောဘုရင်ကလည်း၊ ဣသရေလအမျိုးသားတို့တွင်၊ ဘွားမြင်သော သူငယ် ယောက်ျားအပေါင်းတို့ကို မြစ်ထဲသို့ချပစ်စေ။ မိန်းမကိုမူကား အသက်ရှင်စေ ဟု မိမိလူအပေါင်းတို့ကို မှာထားတော်မူ၏။**

## ဟန္န၏အသက်တာ

ဟန္နသည် လေကာန၏မိန်းမဖြစ်သည်။ ဟန္နသည် ကလေးမရနိုင်သောကြောင့် အလွန်ဝမ်းနည်းခဲ့ရသည်။ ထို့ကြောင့်ဘုရားသခင်ကို ကိုးစား၍ မျက်ရည်ကျလျက် ဆုတောင်းခဲ့သည်။ ကလေးကိုရဖို့ရန်တောင်းသည်၊ ရလျှင် ကိုယ်တော်ကိုပြန်၍ပေးမည်ဟု ကတိပေးခဲ့သည်။ တောင်းသည့်အတိုင်းလည်း ဘုရားကသားရှမွေလကိုပေးသည်။ ဘုရားသခင်ကို ကတိပေးသည့်အတိုင်း သားရှမွေလကို ယဇ်ပုရောဟိတ် ဧလိထံသို့ပေးလိုက်သည်။ ဟန္နသည်သစ္စာကတိတည်သောသူဖြစ်သည်။ ထို့နည်းတူစွာယုံကြည်သူများသည် သစ္စာတည်၍ကတိတည်ဖို့လိုသည်။

**၁ ရာ၊ ၁း၁၁-၂၀အိုကောင်းကင် ဗိုလ်ခြေအရှင်ထာဝရဘုရား၊ ကိုယ်တော်၏ ကျွန်မကို မေ့လျော့တော်မမူဘဲ၊ ကိုယ်တော် ကျွန်မ၏ ဆင်းရဲခြင်းကို ကြည့်ရှုအောက်မေ့သဖြင့်၊ သားယောက်ျားကို ပေးသနားတော်မူလျှင်၊ သူ၏ ဆံပင်ရိတ်ခြင်း**

ကို အလျှင်းမပြု။ တသက်လုံး ထာဝရဘုရား၏ ကျွန်ဖြစ်စေခြင်းငှါ ကျွန်မအပ်ပါ မည်ဟု သစ္စာဂတိပြုလေ၏။ ၁၂ ဟန္နသည်ထာဝရဘုရားရှေ့တော်၌ ကြာမြင့်စွာ ဆုတောင်းစဉ်၊ ဧလိသည် သူ၏ နှုတ်ကို ကြည့်မှတ် လေ၏။၁၃ စိတ်နှလုံးနှင့် ဆုတောင်း၍ နှုတ်ခမ်းလှုပ်သော်လည်း၊ စကားသံမထွက်သောကြောင့်၊ ယစ်မူးသည် ဟု ဧလိထင်လျက်၊ ၁၄ သင်သည် အဘယ်မျှကာလပတ်လုံး ယစ်မူးလိမ့်မည်နည်း။ သင်၏ စပျစ်ရည်ကို ပယ်ရှောင်လော့ ဟု ဆို၏။၁၅ ဟန္နကလည်း၊မဟုတ်ပါအရှင်။ ကျွန်မသည် ညှိုးငယ်သော မိန်းမဖြစ်ပါ၏။ စပျစ်ရည်ကို မသောက် ပါ၊ သေရည်သေရက်ကို မသောက်ပါ၊ ထာဝရဘုရားရှေ့တော်၌ စိတ်နှလုံးကို သွန်းလောင်းလျက် နေပါ၏။၁၆ ကိုယ်တော်၏ ကျွန်မကို အဓမ္မ မိန်းမဟူ၍ မမှတ် ပါနှင့်။ မြည်တမ်းစရာ အကြောင်း၊ ဝမ်းနည်းစရာ အကြောင်းများသည်ဖြစ်၍၊ ယခု တိုင်အောင် လျှောက်နေပါသည်ဟု ပြန်ပြောသော်၊ ဧလိက၊ ငြိမ်ဝပ်စွာသွားလော့။ ၁၇ယခု ဆုတောင်းသည်အတိုင်း၊ ဣသရေလအမျိုး၏ ဘုရားသခင် ပေးသနား တော် မူပါစေသောဟု မြွက်ဆို၏။ ၁၈ ဟန္နကလည်း၊ ကိုယ်တော်၏ ကျွန်မသည် ရှေ့တော်၌ မျက်နှာရပါစေသောဟု လျှောက်ပြီးမှ၊ ခြားနား သော မျက်နှာနှင့် သွား၍ အစာစားလေ၏။ ၁၉ ထိုသူတို့သည် နံနက်စောစောထ၍ ထာဝရဘုရားရှေ့တော်၌ ကိုးကွယ်ပြီးလျှင်၊ ရာမမြို့မှာရှိသော မိမိတို့အိမ်သို့ ပြန်သွားကြ၏။ထိုအခါလေကာ နသည်မယားဟန္နနှင့် ဆက်ဆံ၍ ထာဝရဘုရား အောက်မေ့တော်မူသဖြင့်၊- ၂၀ဟန္န နသည် ပဋိသန္ဓေယူ၍ ကာလအချိန်စေ့သောအခါ၊သားယောက်ျားကို ဘွားမြင်ပြီးလျှင်၊

ထိုသားကို ထာဝရဘုရားထံ၌ ဆုတောင်းသောကြောင့်၊ ရှမွေလအမည်ဖြင့် မှည့်လေ၏။

၁ရာ၊ ၂း ၁ တဖန် ဟန္နသည် ပဌနာစကားကို မြွက်ဆိုသည်ကား၊ ငါ့စိတ်နှလုံးသည် ထာဝရဘုရားကို အမှီပြု၍ရွှင်လန်းလျက်၊ ထာဝရဘုရားကြောင့် ငါ့ဦးချိုမြင့်လျက် ရှိ၏။ ကယ်တင်ခြင်း ကျေးဇူးတော်ကြောင့် ဝမ်းမြောက်၍၊ ရန်သူတို့အား ဝါကြွားသောစကားကို ပြောရ၏။

၁ရာ၊ ၂း၈ ဆင်းရဲသောသူကို မြေမှုန့်ထဲကရင်း၊ ဝတ်မွတ်သောသူကို နောက်ချေးပုံထဲကရင်း ချီးမြှောက်၍၊မင်းသားတို့နှင့် ထိုင်ရသောအခွင့်၊ ဘုန်းကြီးသောပလ္လင်ကို အမွေခံရသောအခွင့်ကို ပေးတော်မူ၏။ အကြောင်းမူကား၊ မြေကြီးတိုင်တို့ကို ထာဝရဘုရားပိုင်၍ ထိုတိုင်တို့အပေါ်မှာ လောကဓာတ်ကို တည်တော်မူပြီ။

၁ရာ၊ ၃း ၁၉-၂၁ ရှမွေလသည် အစဉ်အတိုင်း ကြီး၍၊ ထာဝရဘုရားသည် သူနှင့်အတူ ရှိတော်မူသဖြင့်၊ သူ၏ စကား တခွန်းမျှ ပျက်စေခြင်းငှါ အခွင့်ပေးတော်မမူ။- ၂၀ သူသည် ထာဝရဘုရား၏ ပရောဖက်စစ် ဖြစ်ကြောင်းကို ဣသရေလအမျိုးသားအပေါင်းတို့သည်၊ ဒန်မြို့မှစ၍ ဗေရရှေဘမြို့တိုင်အောင် သိကြ၏။ ၂၁ထာဝရဘုရားသည် ရှိလောမြို့၌ အထပ်ထပ်ထင်ရှားတော်မူ၍၊ ထာဝရဘုရား၏ နှုတ်ကပတ်တော် အားဖြင့် ရှမွေလအား ဗျာဒိတ်ပေးတော်မူ၏။ ရှမွေလ စကားသည်လည်း၊ ဣသရေလအမျိုးတရှောက် လုံးကို နှံ့ပြားလေ၏။

# ရှုနင်မြို့၌ရှိသောမိန်းမ၏အသက်တာ

ရှုနင်မြို့သူမိန်းမတစ်ယောက်သည် ဘုရားလူဖြစ်သော ပရောဖက် ဧလိရှဲ အတွက် အခန်းများကိုပြင်ဆင်ပေး၍၊ ထိုင်ခုံ၊ ကုတင်၊ မီးခုံ များကိုထား၍ ဧလိရှဲနှင့် သူ၏ကျွန် ဂေဟာဇိကိုဧည့်ခံသည်။ ထိုမိန်းမသည် ကလေးမရနိုင်သောသူဖြစ်သည်။ ဧလိရှဲက ငါကို၍မျှလောက်ပြုစုသော ထိုမိန်းမသည် ဘာကိုလိုသနည်းအဘယ်အရာ ကိုတောင်းပေးရမည်နည်းဟုမေးခိုင်းသည်။ မိန်းမကလည်းကျွန်မအဆွေအမျိုး များနှင့်အတူနေပါအုံးမည်ဟုဆိုသည်။ သို့သော်လည်း ဘုရားလူ ဧလိရှဲက မိန်းမ၌ကလေးမရနိုင်ကြောင်းကို သိသောကြောင့် နောက်၍အချိန်၌သားရလိမ့်မည် ဟု ကောင်းကြီးပေးခဲ့သည်။ ဧည့်သည်ကို လက်ခံခြင်းသည် သူ၌ကောင်းကြီး ဖြစ်သည်။ အကျွန်ုပ်တို့အသက်တာ၌လည်း ဧည့်သည်ကိုပြုစုစောင့်ရှောက်တတ်သော သူများဖြစ်ဖို့လိုသည်။

**၄ရာ၊ ၄း ၈-၁၇ တနေ့သ၌ ဧလိရှဲသည်ရှုနင်မြို့သို့ သွားရာတွင်၊ထိုမြို့၌ထင်ရှား သောမိန်းမတယောက်သည် ဧလိရှဲကိုကျွေးခြင်းငှါ ခေါ်ပင့်လေ၏။ နောက်မှထိုလမ်း သို့ သွား သောအခါ၊ ကျွေးခြင်းကို ခံအံ့သောငှါ ထိုအိမ်သို့ ဝင်တတ်၏။ ၉ မိန်းမက လည်း၊ ငါတို့နေရာလမ်းဖြင့်အစဉ် သွားလာသော ဤသူသည် ဘုရားသခင်၏သန့် ရှင်းသူ ဖြစ်သည်ကို ကျွန်ုပ်ရိပ်မိ၏။ ၁၀ ဝင်ရိုးအပေါ်မှာ အခန်းငယ်တခုကို လုပ်ကြ ကုန်အံ့။ သူ့အဘို့ ခုတင်၊စားပွဲ၊ ထိုင်ခုံ၊ မီးခုံတို့ကို ထားကြ ကုန်အံ့။ သို့ဖြစ်၍၊သူသည် ငါတို့ ဆီသို့ရောက်သောအခါ၊ထိုအခန်းထဲသို့ ဝင်လိမ့်မည်ဟု မိမိခင်ပွန်းအား ဆို၏။**

၁၁တနေ့သဉ္ဇ လေိရှဲသည်ရောက်သဖြင့်၊ ထိုအခန်း ထဲသို့ဝင်၍ အိပ်နေ၏။ ၁၂ ထိုရှု နင်မြို့သူမိန်းမကို ခေါ်လော့ဟု မိမိကျွန် ဂေဟာဇိအားဆိုသည်အတိုင်းခေါ်၍၊ မိန်းမ သည် လေိရှဲ ရှေ့မှာ ရပ်နေ၏။ ၁၃ လေိရှဲက၊ သင်သည်ငါတို့အဘို့ ဤမျှလောက် လုပ်ကြွေးပြုစုသည်အတွက်၊ သင့်အဘို့အဘယ်သို့ ပြုရ မည်နည်း။ သင့်အဘို့ ရှင်ဘုရင်ထံ၊ ဗိုလ်ချုပ်မင်းထံ၌ ငါပြောရမည်လောဟု ဂေဟာဇိမေးမည်အကြောင်း စီရင် သော်၊ မိန်းမက၊ ကျွန်မသည် ကိုယ်အဆွေအမျိုးတို့တွင် နေပါဦးမည်ဟု ပြန်ပြော၏။ ၁၄ လေိရှဲကလည်း၊ ဤမိန်းမအဘို့ အဘယ်သို့ ပြုစရာရှိသနည်းဟု မေးပြန်လျှင်၊ ဂေဟာဇိက၊ ဤမိန်းမ ၌ သားသမီးမရှိပါ။ သူ့ခင်ပွန်းလည်း အိုလှပြီ ဟု ဆိုသော်၊၁၅ တဖန်ခေါ်ဦးလော့ဟုဆိုသည်အတိုင်း ခေါ်၍၊ မိန်းမသည် တံခါးဝမှာ ရပ်နေ၏။ ၁၆ လေိရှဲကလည်း၊ သင်သည် နောင်နှစ်အချိန် အရွယ်စေ့သောအခါ သားကို ဘက်ယမ်းရလိမ့်မည်ဟု ဆိုလျှင်၊ မိန်းမကအိုအရှင်၊ဘုရားသခင်၏လူ၊ ကိုယ်တော်ကျွန်မကို မုသာမသုံးပါနှင့်ဟု ပြန်ပြော၏။ ၁၇ထိုနောက်မိန်းမသည် ပဋိသန္ဓေယူ၍ လေိရှဲ ချိန်းချက်သောအချိန်အရွယ်စေ့သောအခါ သားကို ဘွားမြင် လေ၏။

# ဇရတ္တာမြို့၌ရှိသောမုတ်ဆိုးမ၏အသက်တာ

ဇရတ္တာမြို့၌ရှိသော မုတ်ဆိုးမသည် အိုးထဲမှာ မုန့်ညက်တလက်ဆုပ်နှင့်၊ ဘူး၌ ဆီအနည်းငယ်သာ ရှိသည် ထိုမုန့်ကိုဖုတ်၍စားပြီးမှ သူနှင့်သူ၏သားသေဖို့ရန်

အတွက်ထင်းခွေနေသည်ဟုဆိုသည်။ ဘုရားလူဧလိယသည်သူဆီးသို့ရောက်လာ၍ သောက်ဖို့ရေကိုတောင်းသည်။ ထို့နောက်မုန့်ကိုလည်းတောင်းသည်။ မုတ်ဆိုးမက လည်း မုန့်အနည်းငယ်နှင့်ဘူး၌ဆီအနည်းငယ်သာရှိသည်ဟုပြန်၍ပြောသည်။ ဧလိ ယကလည်းထိုမုန့်ကိုဖုတ်၍ အရင်ဦးဆုံးငါ့ကိုပေးပါဟုပြန်၍ပြောသည်။ အစာ ခေါင်းပါးသည့်ကာလ၌ သင့်အိုးထဲမှာရှိသောမုန့်မကုန်နိုင်၊ ဘူးထဲ၌ရှိသောဆီလည်း မကုန်နိုင်ဟုကောင်းကြီးပေးသည်။ ကောင်းကြီးပေးသည့်အတိုင်း မုန့်မကုန်နိုင်၊ဆီ လည်းမကုန်နိုင်ဖြစ်သည်။ ထို့နည်းသူ မုတ်ဆိုမကဲ့သို့ ရှိသမျှကို ဘုရားသခင်ကိုပေး လျှင် ထိုကဲ့သို့ကောင်းကြီးများကိုပေးမည်ဖြစ်သည်။

**၃ရာ၊ ၁၇း၁၀-၁၆ ဧလိယသည်ထ၍ ဇရတ္တာမြို့သို့သွား၏။ မြို့တံခါး သို့ ရောက်သောအခါ၊ မုတ်ဆိုးမသည် ထင်းခွေလျက်ရှိ၏။ ဧလိယက၊ ငါသောက်စရာ ရေအနည်းငယ်ကို ခွက်နှင့် ယူခဲ့ပါလော့ဟု ဟစ်၍ဆို၏။ ၁၁မိန်းမသည်ရေကိုယူခြ င်းငှါ သွားစဉ်တွင်၊ တဖန်ဟစ်၍ မုန့်တဖဲ့ကိုလည်း သင့်လက်၌ ယူခဲ့ပါလော့ဟု ဆိုပြန် လျှင်၊ ၁၂ မိန်းမက၊ သင်၏ဘုရားသခင်ထာဝရဘုရား အသက်ရှင်တော်မူသည် အတိုင်း၊ မုန့်ပြားတပြားမျှမရှိ။ အိုးထဲမှာ မုန့်ညက်တလက်ဆုပ်၊ ဘူး၌ ဆီ အနည်းငယ်သာ ရှိ၏။ကျွန်မနှင့်သားငယ်အဘို့ဖုတ်၍ စားလိုသော ငှါရင်း၊ စားပြီးမှ သေလိုသောငှါရင်း၊ ထင်းစနှစ်ခုကို ယခုခွေပါ၏ဟုပြန်ပြော၏။ ၁၃ဧလိယကလည်း မစိုးရိမ်နှင့်။သင်ဆိုသည်အတိုင်းသွား၍ ပြုလော့။သို့ရာတွင်ငါ့အဘို့ မုန့်ပြားငယ်တ ပြားကိုအရင်လုပ်၍ ယူခဲ့လော့။ နောက်မှသင်နှင့်သင်၏သားငယ်အဘို့လုပ်လော့။**

**၁၄ ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ထာဝရဘုရားသည် မြေပေါ်မှာ မိုယ်းရွာစေတော်မမူမှီတိုင်အောင်၊ အိုးခွက်ရှိသောမုန့်ညက်မကုန်။ ဘူးခွက်ရှိသော ဆီမလျော့ရဟု မိန့်တော်မူကြောင်း ကို ဆင့်ဆို၏။ ၁၅ ထိုမုတ်ဆိုးမသည်သွား၍ ဧလိယစကားအတိုင်း ပြုသဖြင့်၊ ဧလိယနှင့်တကွ ကိုယ်တိုင်မှ စ၍၊ အိမ်သားတို့ သည် အင်တန်ကာလပတ်လုံးစားရကြ၏။ ၁၆ထာဝရဘုရားသည် ဧလိယအားဖြင့်မိန့်တော်မူသောစကားအတိုင်း၊ အိုးခွက်ရှိသော မုန့်ညက်မကုန်၊ ဘူးခွက်ရှိသော ဆီမလျော့။**

## ရာခပ်၏အသက်တာ

ရာခပ်သည် ပြည့်တန်ဆာမိန်းမတစ်ယောက်ဖြစ်သည်။ သို့သော်လည်း ယောရှုစေလွှတ်သော သူလျှိုနှစ်ယောက်ကို အသက်နှင့်ရင်းပြီး ကာကွယ်၍၊ ဝှတ်ထားပေးသောကြောင့် ယောရှုသည် ယေရိခေါမြို့စစ်တိုက်သောအခါ၊ အရင်ဦးဆုံး ရာခပ်၏အဆွေအမျိုးများကို ကယ်တင်ကြသည်။ ရာခပ်သည် တပါးအမျိုးသမီးဖြစ်သော်လည်း ဣသရေလလူမျိုးဖြစ်သော စာလမုန်နှင့်အိမ်ထောင်ကျ၍၊ သားဗောဇ၊ ဗောဇသား ယေရှဲ၊ ယေရှဲသား ဒါဝိဒ်မင်းကြီးဖြစ်လာသည်။ ရာခပ်ကဲ့သို့ ဘုရားလူများကိုပြုစုစောက်ရှောက်ကာကွယ်ကြဖို့ရန်သင်ခန်းစာယူသင့်သည်။

**ယောရှု၊ ၂း၁ နန်၏သားယောရှုသည် သူလျှိုနှစ်ယောက်ကို ရှိတ္တိမ်မြို့မှ တိတ်ဆိတ်စွာစေလွှတ်လျက်၊ခါနာန်ပြည်ယေရိခေါမြို့ကို သွား၍ ကြည့်ရှုကြလော့ဟု**

**မှာထားလိုက် သည့်အတိုင်း၊ သူတို့သည် သွားပြီးလျှင် ရာခပ်အမည်ရှိ သော ပြည်တန်ဆာမိန်းမအိမ်သို့ ဝင်၍နေလေ၏။**

**ယောရှု၊ ၆း၂၅ ယောရှုသည်လည်း၊ ပြည်တန်ဆာ ရာခပ်နှင့် သူ့ပေါက်ဘော်၊ သူ၌ရှိသမျှတို့ကို အသက်ချမ်းသာပေး၍၊ သူသည် ဣသရေလအမျိုးသားတို့တွင် ယနေ့တိုင်အောင် နေရလေ၏။ အကြောင်းမူကား၊ ယေရိခေါ်မြို့ကို စူးစမ်းစေခြင်းငှါ၊ ယောရှုစေလွှတ်သော တမန်တို့ကို သူသည် ဝှက်ထားသောကြောင့်တည်း။**

**မဿဲ၊ ၁း ၅ စာလမုန်သည် မိမိခင်ပွန်း ရာခပ်တွင်မြင်သော သားဗောဇ။ ဗောဇသည် မိမိခင်ပွန်းရုသတွင် မြင်သောသားဩဗက်။ ဩဗက်သားယေရှဲ။ ယေရှဲသား ဒါဝိဒ်မင်းကြီးတည်း။**

# ရုသ၏အသက်တာ

ရုသသည် သူ၏ယောက်ျားသေသောနောက် သူ့ယောက္ခမနောက်ကို စိတ်ပျက်ခြင်းမရှိဘဲ၊ လိုက်သောသူဖြစ်သည်။ ယောက္ခမသည် ရုသကိုမလိုက်ဖို့ရန် အကြိမ်ကြိမ်ဆီးတားသော်လည်း ကိုယ်တော်အမျိုးသည် ကျွန်မအမျိုး၊ ကိုယ်တော်ဘုရားသည် ကျွန်မဘုရားဖြစ်ပါစေဟုဆိုသည်၊၊ ကိုယ်တော်သေသောအရပ်ကျွန်မသေပါစေ၊ ကိုယ်တော်ကိုသင်္ဂြိုဟ်ခံသောအရာ၌ ကျွန်မခံပါစေဟု ခိုင်ခံသောစိတ်နှလုံးရှိသောကြောင့် သူ့ယောက္ခမဖြစ်သော နောမိသည် ရုသကိုမဆီးတားဘဲနေလေသည်။ ရုသသည် ဘုရားသခင်၏နောက်ကို စိတ်နှလုံးခိုင်စွာဖြင့်လိုက်သော

ကြောင့် တပါးအမျိုးသမီးဖြစ်သော်လည်း ဣသရေလလူမျိုးဖြစ်သော ဗောဇနှင့် အိမ်ထောင်ကျ၍ သားဩဗက်၊ ဩဗက်သား ယေရှဲ၊ ယေရှဲသား ဒါဝိဒ်မင်းကြီး၊ ဒါဝိဒ် မင်းကြီးမှသည် ခရစ်တော်၊ ခရစ်တော်မှသည်၊ ယုံကြည်သူများအထိကောင်းကြီး မင်္ဂလာခံစားရရှိကြသည်။ ထို့ကြောင့် ယုံကြည်သူများသည်လည်း ရုသကဲ့သို့ စိတ်ပျက်ခြင်း၊ အားငယ်ခြင်းမရှိဘဲ၊ ဘုရားနောက်ကို စိတ်နှလုံးခိုင်ခန့်စွာဖြင့်လိုက် ကြပါစို့။ ထိုသို့ဖြစ်လျှင် အကျွန်ုပ်တို့၏သားသမီးများကိုလည်း ဘုရားသခင်သည် ကောင်းကြီးပေးမည်ဖြစ်သည်။

**ရုသ၊ ၁း ၁၄-၁၈ သူတို့သည်တဖန်အသံကိုလွှင့်၍ငိုကြွေးကြ၏။ ထိုအခါ ဩရပသည်ယောက္ခမကိုနမ်း၍မိမိအမျိုးသား တို့ထံသွားသို့ပြန်သွား၏။ ရုသမူကား၊ ယောက္ခမဌ်မှီဝဲဆည်းကပ်လျက်နေသေး၏။ ၁၅ နောမိကလည်း၊ သင့်အစ်မသည် အမျိုးသားရင်းဘုရားရင်းတို့ထံသို့ပြန်သွားပြီ။ အစ်မနောက်သို့ လိုက်သွားပါဟုဆို သော်၊ ၁၆ ရုသက၊ကျွန်မသည် ကိုယ်တော်ကိုမစွန့်ပါရစေနှင့်။နောက်တော်သို့မလိုက် ဘဲ ပြန်သွားစေခြင်းငှါ မပြုပါနှင့်။ ကိုယ်တော်သွားလေရာရာသို့ကျွန်မလိုက်ပါ မည်။ ကိုယ်တော်အိပ်လေရာရာ၌ကျွန်မအိပ်ပါမည်။ ကိုယ်တော်အမျိုးသည် ကျွန်မ အမျိုး၊ ကိုယ်တော်ဘုရားသည်ကျွန်မဘုရားဖြစ်ပါစေ။ ၁၇ ကိုယ်တော်သေရာအရပ်၌ ကျွန်မသေ၍ သင်္ဂြိုဟ်ခံပါမည်။ သေခြင်းမှတပါး၊ အခြားသောအမှုကြောင့်ကိုယ်တော် နှင့်ကျွန်မကွာလျှင်၊ ထာဝရဘုရားသည် ကျွန်မ၌ထိုမျှမကပြုတော် မူပါစေသောဟု ပြန်ဆို၏။ ၁၈ ရုသသည်လိုက်ခြင်းငှါခိုင်ခံ့သောစိတ်ရှိသည်ကိုနောမိသည်သိမြင်**

**သော်တိတ်ဆိတ်စွာနေလေ၏။**

**ရုသ၊ ၃း၁၁ မစိုးရိမ်နှင့်ငါ့သမီး။ တောင်းသမျှကို ငါပြုမည်။ သင်သည် သီလနှင့်ပြည့်စုံသောမိန်းမဖြစ်ကြောင်းကို ငါ့လူမျိုးနေသော တမြို့လုံးသိ၏။**

**မဿဲ၊ ၁း ၅ စာလမုန်သည် မိမိခင်ပွန်း ရာခပ်တွင်မြင်သော သားဗောဇ။ ဗောဇသည် မိမိခင်ပွန်းရုသတွင် မြင်သောသားဩဗက်။ ဩဗက်သားယေရှဲ။ ယေရှဲ သား ဒါဝိဒ်မင်းကြီးတည်း။**

# ဩရပ၏အသက်တာ

ဩရပသည်လည်း ယောက္ခမနောမိနောက်ကိုလိုက်သည်။ သို့သော်လည်း သူ့ယောက္ခမသည် မလိုက်ဖို့ရန်ပြောသည်။ ထိုသို့ပြောသောအခါ၊ ရုသကဲ့သို့ ခိုင်ခံ့သောစိတ်မရှိသောကြောင့် နောက်သို့လှည့်၍၊ မိမိ၏ပြည်သို့ပြန်သွားသည်။ထို့ကြောင့် သူ၏အကြောင်းကိုကျမ်းစာ၌ မတွေ့ရတော့ချေ။ ကျွန်ုပ်တို့သည်လည်း စိတ်လွယ်လွယ်ပျက်တက်သောသူမဖြစ်ဖို့အရေးကြီးသည်။

**ရုသ၊ ၁း ၁၄ သူတို့သည်တဖန်အသံကိုလွှင့်၍ငိုကြွေးကြ၏။ ထိုအခါဩရပသည်ယောက္ခမကိုနမ်း၍မိမိအမျိုးသား တို့ထံသွားသို့ပြန်သွား၏။ ရုသမူကား၊ ယောက္ခမ၌မှီဝဲဆည်းကပ်လျက်နေသေး၏။**

# မာရိ၏အသက်တာ

မာရိသည် ဂုဏ်အသရေရှိ၍ မိန်းမတစ်ကာတို့ထက်၊ မြတ်သောမိန်းမ ဖြစ်သည်။ အပျိုကညာလည်းဖြစ်သည်။ သူ့ရည်းစားက ယောသပ်ဖြစ်သည်။ ဘုရားသခင်သည် ကောင်းကင်တမန် ဂါဗြေလကိုစေလွှတ်၍ မာရိ၏ကိုယ်ကို ငှါးဖို့ ရန် ခွင့်တောင်းခဲ့သည်။ မာရိသည် ဝိညာဥ်တော်အားဖြင့် ကိုယ်ဝန်ဆောင်၍သား ယောကျ်ားကိုမွေးဖွားမြင်ရမည်ကိုပြောသည်။ သူ၌လည်းသူ၏အချစ်ဆုံးသော ယောသပ်လည်းရှိသည်။ သို့သော်လည်း မာရိသည် ယောသပ်ကို မရွေးချယ်ဘဲ၊ ဘုရားကိုသာရွေးချယ်ကြောင်းသိရသည်။ ကျွန်ုပ်တို့သည်လည်း မိမိအသက်တာထဲ၌ မာရိကဲ့သို့ ဘုရားသခင်ကို အရေးအကြီးဆုံးသောနေရာ၌ထား၍ ဘုရားကိုရွေးချယ် တတ်သောသူများဖြစ်ဖို့ရန်လိုသည်။ မာရိ တစ်ယောက်သည် ဘုရားစကားကို ဝန်ခံ သောအားဖြင့် လောကီသားများသည် ကယ်တင်ခြင်းရောက်စရာအကြောင်း ဖြစ်လာ သည်။

**လုကာ၊ ၁း၂၆ -၃၈ ငါးလလွန်သောအခါ၊ ဂါလိလဲပြည်နာဇရက်မြို့၌ ဒါဝိဒ် အမျိုးသား၊ ယောသပ်အမည်ရှိသောလူနှင့် ထိမ်းမြားဆောင်နှင့်၍၊ ၂၇ မရှက်တင် သေးသော သတို့သမီးကညာဆီသို့ ဘုရားသခင်သည် ကောင်းကင်တမန်ဂါဗြေလ ကို စေ လွှ တ်တော်မူ ၏ ။ သ တို့ သ မီး က ညာ ကား ၊ မာ ရိ အ မ ည်ရှိ ၏ ။ ၂၈ ကောင်းကင်တမန်သည် ရောက်လာလျှင်၊ ကျေးဇူးတော်ကိုခံရသောမိန်းမ၊ သင့်အား မင်္ဂလာ ဖြစ်စေ သတည်း။ ထာဝရဘုရားသည် သင်နှင့်အတူရှိတော်မူ၏။ သင်သည်**

မိန်းမတကာတို့ ထက်မြတ်စွာသောမင်္ဂလာရှိသည်ဟု ပြောဆို၏။ ၂၉ မာရိသည် ထို စကားကိုကြားလျှင် စိတ်နှလုံးမငြိမ်မဝပ်ရှိ၍၊ ဤနှုတ်ဆက်ခြင်းကား အဘယ်သို့ သော နှုတ်ဆက်ခြင်းဖြစ်လိမ့်မည်နည်းဟု တွေးတောဆင်ခြင်၍နေ၏။ ၃၀ ကောင်းကင်တမန် ကလည်း၊ မာရိ၊ ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်သည် ဘုရားသခင်ရှေ့တော်၌ မျက်နှာ ရပြီ။ ၃၁ သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ား ကိုဘွားမြင်လိမ့်မည်။ ထိုသားကို ယေရှုအမည်ဖြင့် မှည့်ရ မည်။ ၃၂ထိုသား သည်ကား၊ ကြီးမြတ်သောသူ ဖြစ်လိမ့်မည်။ အမြင့်ဆုံးသော ဘုရား၏သားတော်ဟု ခေါ်ဝေါ် သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရ အရှင်သခင်သည် သူ့အားပေးတော်မူ မည်။ ၃၃ ထိုသူသည်လည်း ယာကုပ်အမျိုး အနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံး ခြင်းမရှိရဟု ပြောဆို၏။ ၃၄ မာရိကလည်း၊ ဤအမှုအရာသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။ အကျွန်ုပ်ယောကျ်ားနှင့် မဆက်ဆံ ပါဟု ကောင်းကင်တမန်အား ပြန်ပြော၏။ ၃၅ ကောင်းကင်တမန်ကလည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍အမြင့်ဆုံးသောဘုရား၏တန်ခိုးအာနုဘော်တော်သည် သင့်ကို လွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ ၃၆ ထိုမှတပါး၊ အမြုံမဟူ၍ခေါ်ဝေါ်သောသင်၏ အဆွေအမျိုးဧလိရှဗက်သည် ပဋိသန္ဓေစွဲယူ၍ ယခု ခြောက်လအဝင်ရှိပြီ။ ၃၇ ဘုရားသခင်တတ်နိုင်တော်မမူသောအမှုမရှိဟု ပြောဆို

**လျှင်၊ ၃၈မာရိက၊ အကျွန်ုပ်သည်ထာဝရဘုရား၏ ကျွန်မဖြစ်ပါ၏၊ကိုယ်တော်၏စ ကားအတိုင်း အကျွန်ုပ်၌ ဖြစ် ပါစေသောဟု ဝန်ခံပြီးမှ၊ ကောင်းကင်တမန်သည် မာ ရိထံမှသွားလေ၏။**

## မာသ၏ညီမ မာရိ၏အသက်တာ

ခရစ်တော်ကို မိမိအိမ်သို့ဖိတ်ခေါ်သောသူသည် မာသဖြစ်သည်။ သို့သော်လည်း ခရစ်တော်ဟောပြောသော တရားကိုနားထောင်သောသူသည် မာရိဘဲဖြစ်သည်။ မာရိကဲ့သို့ နှုတ်ကပတ်တော်ကို အဓိကထား၍ နာထောင်သောသူများဖြစ်ဖို့ရန် အရေးကြီးသည်။ နှုတ်ကပတ်တော်ကိုအချိန်ပေးမှသာလျှင် နှုတ်တော်ရမည်ဖြစ်သည်။

**လုကာ၊ ၁၀း၃၈-၃၉ ယေရှုသည် တပည့်တော်တို့နှင့် ခရီးသွားကြစဉ် ရွာတရွာသို့ဝင်သော်၊မာသအမည်ရှိသော မိန်းမတဦး သည် မိမိအိမ်၌ ကိုယ်တော်ကိုဧည့်ခံလေ၏။ ၃၉ ထိုမိန်းမ၌ မာရိအမည်ရှိသော ညီမတယောက်ရှိ၏။ ထိုမာရိသည် ယေရှု၏ခြေတော်ရင်း၌ ထိုင်၍ စကားတော်ကို နားထောင်လျက်နေ၏။**

## မာသ၏အသက်တာ

မာသသည် ခရစ်တော်ကို အိမ်၌ ဖိတ်ခေါ်သော သူ ဖြစ်သော်လည်း ခရစ်တော်၏တရားကိုမနာဘဲ၊ ခရစ်တော်စားဖို့ သောက်ဖို့ အစားအစာများနဲ့

အလုပ်များနေသည်။ မာရိသည် မိမိကိုမကူညီကြောင်း ခရစ်တော်အားပြောသောအခါ၊ယေရှုက၊ မာသ၊ မာသ၊ သင်သည် များစွာသောအမှုတို့၌ စိုးရိမ်၍နှောင့်ရှက်ခြင်းကို ခံရ၏။ လိုသော အရာတခုတည်းရှိ၏။ မာရိမူကား၊ ကောင်းသောအ ဘို့ကို ရွေးယူပြီ။ ထိုအဘို့ကို အဘယ်သူမျှ မနှုတ်မယူရာဟု မာသအားဆိုသည်။ အကျွန်ုပ်တို့သည်လည်း မာသကဲ့သို့မဟုတ်ဘဲ၊ မာရိကဲ့သို့ဖြစ်ဖို့ရန်လိုသည်။

**လုကာ၊ ၁၀း ၄၀-၄၂ မာသမူကား၊ လုပ်ကျွေးခြင်းအမှုများ၌ စိတ်ပူပန်ခြင်းရှိသဖြင့် အထံတော်သို့ချဉ်းကပ်၍၊ သခင်၊ အကျွန်ုပ်မ၏ညီမသည်၊ ကျွန်မတယောက်တည်း လုပ်ကျွေးစေခြင်းငှါ ကျွန်မပစ်ထားသည်အရာကို လျစ်လျူသောစိတ်ရှိတော်မူသလော။ သူသည် ကျွန်မကို ကူညီမည့်အကြောင်း အမိန့်တော်မူပါဟု လျှောက်သော်၊ ၄၁ ယေရှုက၊ မာသ၊ မာသ၊ သင်သည် များစွာသောအမှုတို့၌ စိုးရိမ်၍နှောင့်ရှက်ခြင်းကို ခံရ၏။ လိုသော အရာတခုတည်းရှိ၏။ ၄၂ မာရိမူကား၊ ကောင်းသော အ ဘို့ကို ရွေးယူပြီ။ ထိုအဘို့ကို အဘယ်သူမျှ မနှုတ်မယူရာဟု မိန့်တော်မူ ၏။**

# မုတ်ဆိုးမ၏အသက်တာ

ဤမုတ်ဆိုးမ၏အသက်တာသည် အတုယူစရာ၊ သင်ယူစရာဖြစ်သည်။ ဗိမာန်တော်၌ အလှူဒါနကိုပေးကြသောအခါ၊ လူများတို့သည် ကြွယ်ဝသော ဥစ္စာထဲကနှုတ်၍ပေးကြသည်။ သို့သော်လည်း မုတ်ဆိုးမမူကား ရှိသမျှ ကြေးနီဒင်္ဂါးနှစ်ပြားကိုယူ၍အလှူကိုပေးသည်ကို ခရစ်တော်သည် မြင်သောအခါ၊ မုတ်ဆိုးမသည်

သာ၍များသောအလှူကိုပေးသည်ဟုဆိုသည်။ ကျွန်ုပ်တို့သည်လည်း ရှိသမျှကိုနမြော ခြင်းမရှိဘဲ၊ ဘုရားသခင်ကိုပေးဖို့ရန်လိုသည် ကိုသင်ယူ၍ရသည်။

**လုကာ၊ ၂၁း ၁ -၄ထိုနောက် ကိုယ်တော်သည် မျှော်ကြည့်၍၊ ငွေရတတ်သော သူတို့သည် အလှူဒါနကို ဘဏ္ဍာတိုက် ထဲသို့ သွင်းချသည်ကို မြင်တော်မူ၏။၂ ဆင်းရဲ သော မုတ်ဆိုးမတယောက်သည်လည်းကြေးနီဒင်္ဂါးနှစ်ပြား သွင်းချသည်ကိုမြင်တော် မူလျှင်၊၃ငါအမှန်ဆိုသည်ကား၊ထိုဆင်းရဲသော မုတ်ဆိုးမသည်အခြားသောသူ အပေါင်းတို့ထက် သာ၍သွင်းချပြီ။၄အကြောင်းမူကား၊ ထိုသူအပေါင်းတို့သည် မိမိ တို့ကြွယ်ဝသော စည်းစိမ်ထဲကနှုတ်၍ ဘုရားသခင်၏ အလှူတော်စုထဲသို့ သွင်းချ ကြ၏။ ထိုမိန်းမမူကား၊ အလွန်ဆင်းရဲလျက်ပင် မိမိအသက်မွေးစရာ ဥစ္စာရှိသမျှကို သွင်းချလေပြီဟု မိန့်တော်မူ၏။**

# အာနနိနှင့်ရှဖိရေ၏အသက်တာ

ပင်တေကုတ္တေပွဲနေ့မှာတမန်တော်များ၏အပေါ် ၌သန့်ရှင်းသော ဝိညာဉ် တော် ဆင်းသက်သဖြင့် တမန်တော်များတို့သည် ဧဝံဂေလိတရားကိုဟောပြောကြ သည်။ ယေရုရှလင်မြို့၌နိုးထမှုရှိသောအခါ၊ လူများစွာကယ်တင်ခြင်းသို့ရောက်ကြ သည်။ ယုံကြည်သူများသည် မိမိ၏လယ်ယာမြေများကို ရောင်းပြီးလျှင်၊ ရရှိသော ဥစ္စာများကို တမန်တော်တို့ကိုပေးကြသဖြင့် များစွာသောယုံကြည်သူများသည် အတူတကွသုံးဆောင်ကြသည်။ ငါ့ဥစ္စာဟူ၍ဇင်း၊ သူ့ဥစ္စာဟူ၍ဇင်း၊ မဆိုကြ။

သို့သော်လည်း အာနနိနှင့်ရှိဖိရ လင်းမယားသည် ဥစ္စာတစုံတခုကိုရောင်းပြီးလျှင်၊ အဘိုးထဲက တဘို့ကိုဝှက်ထားသဖြင့် ဘုရားသခင်ကိုဎင်း၊ သန့်ရှင်းသောဝိညာဥ်တော်ကိုဎင်း၊ တမန်တော်တို့ကိုဎင်း၊ လှည့်စားသောကြောင့် အာနနိသည်လဲ၍သေသွားသည်။ မကြာသေမှာပင် သူ၏မိန်းမသည်လည်းရောက်လာ၍၊ ထိုနည်းတူ သေလေသည်။ အကျွန်ုပ်တို့မိသားစုများသည်လည်း အာနနိနှင့်ရှိဖိရလင်မယားကဲ့သို့ အဘိုးထဲက တဘို့ကိုဝှက်ထားသောသူများမဖြစ်ဖို့အရေးကြီးသည်။

**တမန်၊ ၅း၁- ၁၁ သို့ရာတွင် အာနနိနှင့်ရှိဖိရေ အမည်ရှိသော လင်မယား နှစ်ယောက်တို့မူကား၊ ဥစ္စာတစုံတခုကို ရောင်းပြီးလျှင်၊ ၂ထိုသူသည် မိမိခင်ပွန်းနှင့်သဘောတူလျက်၊ အဘိုးတဘို့ကို ထိမ်ဝှက်သဖြင့်၊ တဘို့ကိုသာယူဆောင်ခဲ့၍တမန်တော်တို့၏ ခြေရင်း၌ ထားလေ၏။ ၃ပေတရုကလည်း၊ အာနနိ၊ သင်သည်သန့်ရှင်းသော ဝိညာဉ် တော်ကို လှည့်စား၍၊ မြေကိုရောင်းသော အဘိုး၏တဘို့ကိုထိမ်ဝှက်မည် အကြောင်း၊စာတန်သည် သင်၏စိတ်နှလုံးကို အဘယ်ကြောင့် ပြည့်စေရသနည်း။ ၄ထိုမြေရှိစဉ်တွင် ကိုယ်ပိုင်သည် မဟုတ်လော။ ရောင်း၍ရသော အဘိုးသည် ကိုယ်ဥစ္စာဖြစ်သည် မဟုတ်လော။ အဘယ်ကြောင့် ဤသို့ကြံ စည်သနည်း။ လူကိုသာ မုသာပြောပြီမဟုတ်၊ ဘုရားသခင်ကိုလည်း မုသာပြောပြီဟုပေတရုဆို၏။. ၅ ထိုစကားကိုကြားလျှင်၊ အာနနိသည်လဲ၍ သေ၏။ ထိုအကြောင်းအရာကို ကြားသောသူအပေါင်း တို့သည် အလွန်ကြောက်လန့်ခြင်း သို့ရောက်ကြ၏။ ၆လုလင်တို့သည်လည်းထ၍ အလောင်းကောင် ကိုအဝတ်နှင့် ပတ်ရစ်ပြီးလျှင် ဆောင်သွား၍ သင်္ဂြိုဟ်**

ကြ၏။၇ ထိုနောက်သုံးနာရီခန့်လောက်ကြာလျှင်၊ သူ၏ ခင်ပွန်းသည် ဖြစ်ခဲ့ပြီးသော အမှုအရာကို မသိဘဲလျက် ဝင်လာ၏။ ၈ပေတရုကလည်း၊ ဤမျှလောက်နှင့်မြေကို ရောင်းသလော၊ ငါ့အားပြောလောဟုမေးလျှင်၊ ထိုမိန်းမက၊ ဟုတ်ပါ၏။ ဤမျှ လောက်နှင့်ပင် ရောင်းပါသည်ဟုဆို၏။ ၉ ပေတရုကလည်း၊ ထာဝရဘုရား၏ ဝိညာဉ် တော်ကို စုံစမ်းမည်ဟု သဘောတူနှင့် အဘယ်ကြောင့် ကြံစည်ကြသနည်း။ ကြည့်ရှုလော့။ သင်၏ ခင်ပွန်းကို သင်္ဂြိုဟ်သော သူတို့၏ခြေသည်တံခါးနားမှာ ရှိ သည် ဖြစ်၍၊ သင့်ကိုလည်းဆောင်သွားလေဦးမည်ဟု ဆိုသော ခဏခြင်းတွင်၊ ၁၀ ထိုမိန်းမသည် ပေတရု၏ ခြေရင်း၌ လဲ၍ သေလေ၏။ လုလင်တို့ သည်လည်းဝင်၍ ထိုမိန်းမသေ သည်ကိုတွေ့လျှင်၊ ဆောင်သွား၍သူ၏ ခင်ပွန်းအနားမှာ သင်္ဂြိုဟ် ကြ၏။ ၁၁ သင်းဝင်သူအပေါင်းမှစ၍ ထိုအကြောင်းအရာ ကို ကြားရသော သူ အပေါင်းတို့သည် အလွန်ကြောက် လန့်ခြင်းသို့ ရောက်ကြ၏။

# ဖြစ်ကီလနှင့်အာကုလ၏အသက်တာ

ပြစ်ကီလနှင့်အာကုလလင်မယားသည် ရှင်ပေါလုနှင့်အတူ သမ္မာ တရား၌ရပ်တည်သော လင်မယားဖြစ်သည်။ ရှင်ပေါလုအသက်အတွက် အသေခံဖို့ ရန်လည်း အဆင်သင့်ရှိသော လင်မယားဖြစ်သည်။ ရှင်ပေါလုကို မစကြသဖြင့် တက် နိုင်သလောက်ပံ့ပိုးသောလင်မယားဖြစ်သည်။ ရှင်ပေါလုနှင့်အလုပ်ချင်းလဲ တူသော ကြောင့် အတူတူအလုပ်လုပ်ကြသည်။ အာပေါလုကိုလည်း သမ္မာတရားကို သေချာ

စွာ သင်ကြားပေးသော လင်မယားလည်းဖြစ်သည်။ အကျွန်ုပ်တို့သည်လည်း အမှုတော်ဆောင်များကို ဆုတောင်းပေးခြင်းအားဖြင့်သော်၎င်း၊ပေးကမ်းခြင်းအားဖြင့်သော်၎င်း၊ လူများတို့ကို သမ္မာတရားသင်ကြားပေးခြင်းအားဖြင့် သော်၎င်း၊ ဘုရားသခင်အမှုတော်၌ပါဝင်ကြပါစို့။

**ရောမ၊ ၁၆း ၃-၅ငါနှင့်အတူယေရှုခရစ်၏ အမှုတော်ကို ဆောင်ရွက်သောသူ၊ ပြစ်ကီလနှင့်အာကုလကို နှုတ်ဆက်ကြ လော့။ ၄ထိုသူတို့သည် ငါ့အသက်အတို့မိမိတို့လည်ပင်းကိုချထားသော သူဖြစ်ကြ၏။သူတို့ကျေးဇူးရှိသည်ဟု ငါ တယောက်တည်းသာ ဝန်ခံသည်မဟုတ်။ တပါးအမျိုးသားအသင်းတော်အပေါင်းတို့သည် ဝန်ခံကြ၏။ ၅ သူတို့အိမ်၌ ရှိသောအသင်းတော်ကိုလည်း နှုတ်ဆက်ကြလော့။ အာရှိပြည်တွင် ခရစ်အတို့အဦးသီးသော အသီးဖြစ်သော ငါ့ချစ်သားဧပဲနက်ကိုနှုတ်ဆက်ကြလော့။**

**တမန်၊ ၁၈း၁-၃ထိုနောက် ပေါလုသည် အာသင်မြို့မှ ထွက်သွား ၍ ကောရိန္တု မြို့သို့ရောက်လေ၏။ ၂ထိုအခါယုဒလူ အပေါင်းတို့သည် ရောမမြို့မှ ထွက်သွားရမည်အကြောင်း၊ကလောဒိမင်း အမိန့်တော်ရှိ သည်ဖြစ်၍၊ ပုန္တုပြည်သား အာကုလအမည်ရှိသော ယုဒလူတယောက်သည် ဣတလိပြည်မှလာ၍၊ မိမိမယား ပြစ်ကီလနှင့် တကွမကြာမမြင့်မှီ ရောက်လာသည်ကို ပေါလုတွေ့လျှင်သူတို့ဆီသို့ဝင်၍၊ ၃ အလုပ်ချင်းတူသောကြောင့်၊ သူတို့နှင့်နေ၍ အလုပ်လုပ်လေ၏။ ထိုသူတို့သည် တဲရှင်ကိုချုပ်တတ် သော အချုပ်သမားဖြစ်ကြ၏။ ၄ ပေါလုသည်လည်း ဥပုသ်နေ့မပြတ်**

တရားစရပ်၌ ဆွေးနွေး ဟောပြော၍၊ ယုဒလူနှင့်ဟေလသလူတို့ကို ဖြားယောင်း သွေးဆောင်လေ၏။ ၅ သိလနှင့် တိမောသေတို့သည် မာကေဒေါနိပြည်မှ ရောက်လာ သောအခါ၊ ပေါလုသည် သူတို့နှင့်တကွ တရားဟောခြင်းအမှုကိုသာ ဆောင်ရွက်၍၊ ယေရှုခရစ်၏ အကြောင်းကို ယုဒလူတို့အား ကြိုးစား၍ သက်သေခံလေ၏။ ၆ ယုဒ လူတို့သည် ငြင်းခုံဆဲရေးခြင်းကို ပြုသည် ရှိသော်၊ ပေါလု သည် မိမိအဝတ်ကို ခါ လိုက်လျက်၊ သင်တို့၏ အသွေးသည် သင်တို့၏ ခေါင်းပေါ်၌တည်စေ။ ငါမူကား ကင်းလွတ်၏။ ယခုမှစ၍ တပါးအမျိုးသားတို့ဆီသို့ သွားမည်ဟု ဆိုပြီးလျှင်၊၇ ထို အရပ်မှထွက်၍ဘုရားသခင်ကို ကိုးကွယ် သောယုတ္တုအမည်ရှိသောသူ၏ အိမ်သို့ သွား၏။ ထိုအိမ်သည် တရားစရပ်နှင့် စပ်လျက်ရှိသတည်း။

တမန်၊ ၁၈း ၂၄ - ၂၆အာပေါလုအမည်ရှိသော အာလေဇန္ဒြိမြို့သား၊ယုဒလူ တယောက်သည် ဧဖက်မြို့သို့ရောက်လာ၏။ ထိုသူသည် နှုတ်သတ္တိနှင့် ပြည့် စုံ၍ကျမ်းစာ၌အားကြီးသောသူဖြစ်၏။၂၅သခင်ဘုရား၏ဘာသာ၌လေ့ကျက်၍ စိတ် အား ကြီးသဖြင့်၊သခင်ဘုရား၏အကြောင်းများကို စေ့စေ့ဟောပြော၍ ဆုံးမ သြဝါဒပေး၏။ သို့သော်လည်း၊ ယောဟန်၏ ဗတ္တိဇံကိုသာသိ၏။ ၂၆ ထိုသူသည် တရားစရပ်၌ ရဲရင့်စွာ ဟောပြောစပြုသဖြင့်၊ အာကုလနှင့် ပြစ်ကိလတို့သည် သူ၏စကားကိုကြားသောအခါ၊ သူ့ကိုယူ၍ဘုရားသခင်၏ ဘာသာတရားကိုသာ၍ သေချာစွာ သင်ကြားကြ၏။

**၁ကော၊ ၁၆း၁၉အာရှိပြည်၌ အသင်းတော်များတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။ အာကုလနှင့်ပြစ်ကိလတို့သည်သူတို့ အိမ်၌ရှိသော အသင်းတော်နှင့်တကွ၊ သခင်ဘုရားကို ထောက်၍ သင်တို့ကို များစွာနှုတ်ဆက်ကြ၏။**

## လောဣနှင့် ဥနိတ်၏အသက်တာ

တိမောသေသည် ငယ်ရွယ်သောအချိန်ကစပြီး သမ္မာတရားကိုသေချာစွာ သင်ကြားပေးခြင်းကိုခံသောသူဖြစ်သည်။ သူ၏အဖွားလောဣနှင့် အမိဥနိတ်က သင်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် တိမောသေသည် ငယ်ရွယ်သောသူဖြစ်သော်လည်းဘုရားသခင်၏အမှုတော်ဆောင်ဖြစ်သည်။ ထို့နည်းတူ အကျွန်ုပ်တို့သည်လည်း သမ္မာတရားကို သေချာစွာသင်ယူပြီးလျှင် သားသမီးများကိုလည်း သမ္မာတရားနှင့်အညီကျမ်းစာကိုသင်ပေးဖို့ရန်လိုသည်။

**၂တိ၊ ၁း ၃-၅သင်၏မျက်ရည်ကို ငါအောက်မေ့သောအခါ၊ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံမည်အကြောင်း၊ သင့်ကိုတွေ့မြင်ခြင်းငှါ အလွန်လွမ်းသောစိတ်ရှိသဖြင့်ရင်း၊ ၄ သင်၏အဘွားလောဣ၊ အမိဥနိတ်၌ အရင်တည်သော ယုံကြည်ခြင်းတည်း ဟူသော၊ ငါသဘောကျသည်အတိုင်း၊ သင်၌လည်းတည်သောယုံကြည်ခြင်းစစ်ကို မှတ်မိသဖြင့်ရင်း၊ ၅နေ့ညဉ့်မပြတ်ဆုတောင်း ပဌနာပြုသည်တွင်၊ သင့်ကိုမခြားမလပ် အောက်မေ့သည်ဖြစ်၍၊ ငါ့ဘိုးဘေးကိုးကွယ်သည်အတိုင်း၊ ကိုယ်ကိုကိုယ်သိသော စိတ်စင်ကြယ်ခြင်းနှင့်တကွ ငါကိုးကွယ်သော ဘုရား သခင်၏ ကျေး**

**ဒူးတော်ကို ငါချီးမွမ်း၏။**

**ဝတိ၊ ၄း ၆ ဤစကားများကို သင်သည် ညီအစ်ကိုတို့အား ကြားပြောလျှင်၊ ယုံကြည်ချက်စကား၊ ကိုယ်တိုင် ရှာဖွေလေ့ကျက်သော သမ္မာသြဝါဒစကားနှင့် မွေးမြူခြင်းကို ခံသောယေရှုခရစ်၏ ဓမ္မဆရာကောင်း ဖြစ်လိမ့်မည်။**

**တမန်၊ ၁၆း၁ ထိုနောက်မှ ပေါလုသည် ဒေရဗေမြို့နှင့် လုတ္တရမြို့သို့ရောက်လေ၏။ လုတ္တရမြို့၌ တိမောသေအမည်ရှိသော တပည့်တော်တယောက် ရှိ၏။ သူ၏အမိကား၊ ယုံကြည်သောယုဒမိန်းမဖြစ်၏။ အဘကား၊ ဟေလသလူဖြစ်၏။**

# ခါနန်အမျိုးသမီးအသက်တာ

ခါနန်အမျိုးသမီးသည် သူ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကိုခံရသောကြောင့် ခရစ်တော်ထံသို့သွား၍၊ ဒါဝိဒ်၏သားတော်အရှင် ကျွန်မကိုသနားတော်မူပါဟု တောင်းဆိုသည်။ သို့သော်လည်း ခရစ်တော်သည် စကားတခွန်းမှပြန်မပြောဘဲနေသည်။ နောက်ဆုံး၌ ခရစ်တော်က သား၏အစာကိုယူ၍ ခွေးအားမပေးမချအပ်ဟု ပြန်ပြောသော်လည်း ထိုမိန်းမသည် စိတ်ပျက်ခြင်းမရှိဘဲ၊ခွေးသည် မိမိသခင်၏စားပွဲမှကျသော စားနုပ်စားပေါက်ကို စားမြဲထုံးစံရှိပါ၏ဟု ပြန်ပြောသောအခါ၊ ခရစ်တော်က ယုံကြည်အားကြီးသောသူ သင်၏ယုံကြည်ခြင်းသည် အားကြီးလှသည်။ သင်အလိုရှိသည့် အတိုင်းသင်၌ဖြစ်ပါစေဟု ကောင်းကြီးပေးသည်။ သူ၏သမီးသည်လည်း ကျန်းမာခြင်းသို့ရောက်လေသည်။ ထို့နည်းတူ

အကျွန်ုပ်တို့သည်လည်း မည်သည့်ပြသနာဘဲရှိရှိ၊ ခါနန်အမျိုးသမီးကဲ့သို့ ယုံကြည်ခြင်းဖြင့် ဆက်တိုးဝင်လျှင် ထိုသို့သောကောင်းကြီးများကိုရရှိမည်ဖြစ်သည်။

**မဿဲ၊ ၁၅း၂၁-၂၈ ယေရှုသည် ထိုအရပ်မှထွက်၍ တုရုမြို့နှင့် ဇိဒုန်မြို့၏ ကျေးလက်သို့ကြွတော်မူလျှင်၊၂၂ ခါနာန်အမျိုးဖြစ်သောမိန်းမတစ်ယောက်သည် ထိုနယ်စပ်မှ ထွက်လာ၍၊ ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မကိုသနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံရပါသည်ဟု ဟစ်ကြော်သော်လည်း စကားတခွန်းမျှ ပြန်တော်မမူ။ ၂၃ တပည့်တော်တို့သည်ချဉ်းကပ်၍၊ထိုမိန်းမပြန်သွားရသောအခွင့်ကို ပေးတော်မူပါ။ ငါတို့နောက်သို့ လိုက်၍ ဟစ်ကြော်လျက်နေပါသည်ဟု တောင်းလျှောက်ကြ၏။ ၂၄ ကိုယ်တော်ကလည်း၊ ဣသရေလအမျိုးအဝင် ပျောက်လွင့်သောသိုးများမှတပါး အခြားသောအမျိုးရှိ ရာသို့ ငါ့ကိုမစေလွှတ်ဟု မိန့်တော်မူ၏။ ၂၅ ထိုမိန်းမသည် ချဉ်းကပ်၍ပြပ်ဝပ်လျက် ကျွန်မကိုကယ်တော်မူပါသခင်ဟု လျှောက်ပြန်လျှင်၊ ၂၆ ကိုယ်တော်က၊ သား၏အစာကိုယူ၍ ခွေးအားမပေးမချအပ်ဟု ပြန်ပြောတော်မူ၏။ ၂၇ မိန်းမကလည်းမှန်ပါ၏သခင်၊ ခွေးမည်သည်ကား မိမိသခင်၏စားပွဲမှကျသော စားနုပ်စားပေါက်ကို စားမြဲထုံးစံရှိပါ၏ဟု လျှောက်ပြန် လျှင်၊၂၈ အိုမိန်းမ၊ သင်သည်ယုံကြည်အားကြီးလှပြီ။ သင့်အလိုရှိသည်အတိုင်းသင်၌ဖြစ်စေဟုမိန့်တော်မူ၏။ ထိုအချိန်မှစ၍ ထိုမိန်းမ၏သမီးသည် ကျန်းမာပကတိဖြစ်လေ၏။**

# သွေးသွန်အနာစွဲသောမိန်းမ၏အသက်တာ

တစ်ဆယ့်နှစ်နှစ်ပတ်လုံးသွေးသွန်အနာစွဲသော မိန်းမတစ်ယောက်သည် ဆေးသမားတို့လက်၌ အလွန်ဥစ္စာရှိသမျှကိုပေး၍၊ ကုသမှုခံသော်လည်း မကျန်းမာနိုင်ချေ။ သို့သော် ယုံကြည်ခြင်းဖြင့် ခရစ်တော်၏အဝတ်ကိုသာတို့လျှင် ကျန်းမာမည်ဟု ယုံကြည်၍ ခရစ်တော်၏အဝတ်ကိုယုံကြည်ခြင်းဖြင့် တို့သောကြောင့် သူသည် ကျန်းမာခြင်းသို့ရောက်သည်။ အကျွန်ုပ်တို့၏ဆရာဝန်သည် ခရစ်တော်ဖြစ်သည်။

**မာကု၊ ၅း၂၅-၃၄ထိုအခါ တဆယ်နှစ်နှစ်ပတ်လုံး သွေးသွန်အနာ စွဲသောကြောင့်၊ ၂၆များစွာသော ဆေးသမားတို့လက်၌ အလွန်ခံရ၍၊ ဥစ္စာရှိသမျှကုန်သော်လည်း သက်သာမရသည် သာမက၊ အနာတိုးသောမိန်းမတယောက်သည်၊ ၂၇ယေရှု၏သိတင်းတော်ကို ကြားသည်ရှိသော်၊  ၂၈ ငါသည် အဝတ်တော်ကိုသာတို့လျှင် ချမ်းသာရမည်ဟု ဆိုသည်နှင့်၊ လူအစုအဝေးထဲ၌ နောက်တော်သို့ လာ၍အဝတ်တော်ကို တို့လေ၏။  ၂၉ ထိုခဏခြင်းတွင် အသွေးစုဝေးရာ ခန်းချောက်သည်ဖြစ်၍၊ ထိုရောဂါနှိပ်စက်ခြင်းနှင့် ကင်းလွတ်ပြီဟု မိမိကိုယ်၌သိလေ၏။ ၃၀ ယေရှုသည် မိမိကိုယ်မှ တန်ခိုးထွက်သည်ကို ချက်ခြင်းသိတော်မူလျှင် လူအစုအဝေး၌ နောက်သို့လှည့် ၍၊ ငါ့အဝတ်ကို အဘယ်သူတို့သနည်းဟု မေးတော်မူ၏။ ၃၁တပည့်တော်တို့က၊ လူအစုအဝေးသည် ကိုယ်တော်အားထိခိုက်ကြသည်ကိုမြင်လျက်ပင်၊ငါ့ကို အဘယ်သူတို့သနည်းဟုမေးတော်မူပါသည်တကားဟု လျှောက်ကြသော်လည်း၊ ၃၂ ကိုယ်တော်သည် ထိုသို့ပြုသောသူကို မြင်ခြင်းငှါ၊ ပတ်လည်သို့ ကြည့်ရှုတော်မူ၏။  ၃၃ ထိုမိန်းမ**

သည်    ကိုယ်၌အဘယ်သို့ဖြစ်သည်ကိုသိသောကြောင့် ကြောက်ရွံ့တုန်လှုပ်လျက် အထံတော်သို့ လာပြီးလျှင်၊ ပြပ်ဝပ်၍ ထိုအကြောင်းရှိသမျှကို အဟုတ်အမှန် ကြားလျှောက်လေ၏။ ၃၄ ကိုယ်တော်ကလည်း၊ ငါ့သမီး၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ။ ငြိမ်ဝပ်စွာ သွား လော့။ ရောဂါနှိပ်စက်ခြင်းနှင့် ကင်းလွတ်စေဟု မိန့်တော်မူ၏။

# ခရစ်ယာန်အိမ်ထောင်မိဘနှစ်ပါးတို့၏တာဝန်ဝတ္တရားများ

၁။ ဘွားမြင်သော သားသမီးတို့သည် ဘုရားဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြောင်းကိုနားလည်မှတ်ယူရမည်။ ( ဆာ၊ ၁၂၇း၃ )

၂။ မိသားစုစီမံကိန်း (သို့မဟုတ်)ကျွေးမွေးနိုင်သလောက် သားသမီးကို ကန့်သတ်၍ မွေးဖွားသင့်ပါသည်။ ကိုယ်ဝန်ဖျက်ချရန် လုံးဝမဆိုလိုပါ။ ( မဿ၊ ၁၈း၁၄ )

၃။ သားသမီးတို့အား စားဝတ်နေရေးဖူလုံစွာ ထောက်ပံ့၍ ပြုစုစောင့်ရှောက်ရမည်။ ( ၁တိ၊ ၅း၈ )

၄။ သားသမီးတို့အား ဘုရားသခင်၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးရမည်။ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ် ( ဧ၊ ၆း၄ )

၅။ တိကျမှန်ကန်သော စည်းမျဉ်း၊ စည်းကမ်းချမှတ်ပေးပြီး ကြိမ်လုံးကိုလည်း လိုအပ်သောအချိန်နှင့် လိုအပ်သောနေရာ၌သာ အသုံးပြုလျက် ဆုံးမသွန်သင်ရမည်။ ( သု၊ ၁၃း၂၄၊ ဟေဗြဲ၊ ၁၂း၇-၁၁ )

၆။ သားသမီးများလိုက်နာစရာ စံပြအသက်တာနှင့်ဆုံးမသွန်သင်ရမည်။ ( သု၊ ၂၀း၇၊ ၁ကော၊ ၁၁း၁ )အသင်းတော်မိတ်သဟာယအစီအစဉ်တိုင်း မပျက်မကွက်ခေါ် ဆောင်သွားရမည် အိမ်၌ သမ္မာကျမ်းစာသင်ပေးခြင်းပြုရမည်။ (တရားဟော၊ ၆း၅၊ မဿဲ၊၁၈:၁၄။ ဆုတောင်းခြင်း သင်ပေးရမည်။

(မဿဲ၊ ၆း၅-၁၅) စစ်မှန်သောခရစ်ယာန်တို့၏ ယုံကြည်ခြင်းနှင့်မြင့်မြတ်သော ဝုဏ်အင်္ဂါလက္ခဏာ ရုပ်များ အကြောင်းကို သင်းပေးရမည်။ ( ဧ၊ ၆း၄၊ ဟေဗြဲ၊ ၁၂း၅-၁၁ )

၇။ မိမိကိုယ်ကိုချစ်သကဲ့သို့ သားသမီးတို့အား ချစ်ရမည်။ သို့သော်လည်း ချစ်သော ကြောင့် အပြစ်ဖုံးအုပ်ပေးခြင်း မရှိရ ။ နေရာတကာအလိုလိုက်ခြင်း မရှိရ။ ကြီးပြင်း လာသောအခါ ပျက်စီးစရာဖြစ်လာလိမ့်မည်။ (သု၊ ၁၃:၂၄)

၈။ မိဘနှစ်ပါး၏ ကိုယ်ကျင့်တရားအားဖြင့် သားသမီးတို့အား ဆုံးမပဲ့ပြင်ရမည်။ (၁ကော၊ ၁၁:၁)

၉။ သားသမီးတို့အား သူတစ်ပါးကိုရိုသေလေးစားတတ်ရန်၊ ချီးမွမ်းခြင်း၊ ချီးကျူး ခြင်းနှင့် ဝမ်းမြောက်တတ်ခြင်း အသက်တာရှိအောင် သင်ပေးရမည်။ ( ဖိ၊ ၂း၂-၄ )

၁၀။ သားသမီးတို့အား အချိန်တိုင်းသူတစ်ပါးလက်သို့အပ်နှံထိန်းကျောင်းစေခြင်း ကိုမပြုသင့်ပါ။ မိမိကိုယ်တိုင်ပြုစုစောင့်ရှောက်ဆုံးမရမည်။ သူတစ်ယောက်တည်း

အုပ်ထိန်းသူမပါပဲ လျှောက်သွားစေခြင်းငှါ မပြုသင့်ပါ။ (ဧဖေး၄၊သု၊၂၂း၆)

၁၁။ အသင်းတော်နှင့် ကျောင်း၊ မိသားစု ပတ်ဝန်းကျင်နှင့် ပေါင်းသင်းထိတွေ့ ဆက်ဆံရာ၌ သူတစ်ပါးအားရိုသေလေးစားတန်ဖိုးထားတတ်သော အသက်တာရှိ အောင်သင်ပေးရမည်။ (ဖိ၊ ၂း၂-၄)

၁၂။ သားသမီးများရှေ့တွင် လိမ်လည်ခြင်းမပြုရ ။ (မဿဲ၊၅း၃၇ ၊ ယာကုပ်၊ ၅း၁၂)

၁၃။ ငယ်ရွယ်သေးသော သားသမီးတို့အား ငွေနှင့်အဖိုးတန်ရတနာပစ္စည်းများဖြင့် ချော့ခြင်း၊ စည်းရုံးခြင်း၊ ပေးအပ်သုံးစွဲစေခြင်းငှါမပြုရ။

၁၄။ အနာဂတ်ခေါင်းဆောင်ကောင်းဖြစ်လာရန် တရားသဖြင့်ဆုံးမသွန်သင်ခြင်း၊ စည်းကမ်းကျစွာ လမ်းညွှန်မှုပေးခြင်းဖြင့်သွန် သင်ပါ။ (သု၊ ၁၃း၂၄၊၂၂း၆)

၁၅။ သားသမီးတို့ရှေ့မှောက်၌ မိဘနှစ်ပါး အချင်းချင်းရန်မဖြစ်ရ။ (သု၊ ၂၂း၄၊ ၂၀း၃ )

၁၆။ သားသမီးတို့က အတုယူရလောက်အောင် ကောင်းမွန်စွာ အသက်ရှင်ပါ။ (မဿဲ၊ ၅း၄၈)

၁၇။ သားသမီးတို့အားမလုပ်စေလိုသောအရာများကို မိမိကိုယ်တိုင်ဦးစွာ ရှောင်ကြဉ် ရမည်။ (၄၊၅း၁၈၊ ၁ကော၊ ၁၁း၁)။ ဥပမာ၊ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်

ခြင်း၊ လောင်းကစားလုပ်ခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ ရန်ဖြစ်ဆဲဆိုခြင်း၊ ခိုးခြင်း၊ ကာ မဂုဏ်လိုက်စားခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း စသည်ဖြင့်။

၁၈။ သားသမီးတို့အတွက် ပြောပြဆုံးမခြင်းထက်လက်တွေ့အသက်ရှင် ကျင့်သုံးခြင်းက သာ၍ ထိရောက်မှုရှိသောကြောင့် မှန်ကန်တိကျသော အသက်တာအားဖြင့် သင်ပေး ခြင်း ရှိရမည်။ (မဿဲ၊၅း၁၆)

၁၉။ သားသမီးများအား အလဟသအချိန်ဖြုန်းခြင်း မရှိရလေအောင် ငယ်သော အရွယ်မှစ၍ နိုင်ရာအလုပ်ကိုသင်ပေးရမည်။ (ဆာ၊၈၄:၁၁)

၂၀။ အိပ်ရာဝင်နောက်ကျသောကြောင့် အိပ်ရာထနောက်ကျခြင်းမရှိစေရန် လမ်းညွှန်သင့်သည်။ (သု၊၂း၁၃)

၂၁။ အကျိုးမဲ့အချိန်ဖြုန်းခြင်းနှင့် ပျင်းရိခြင်းသည် ဘဝပျက်ခြင်းနှင့်ဆင်းရဲခြင်း၏ လမ်းစ ဖြစ်ကြောင်း ကောင်းမွန်စွာသင်ပေးရမည်။ (ဧ၊၅း၁၅-၁၆)

၂၂။ သားသမီးတို့အား နာမည်အလိုက်ဆုတောင်းမေတ္တာပို့ရမည်။ (ယောဘ၊ ၁း၅ )

၂၃။ သားသမီးတို့အား မိမိကိုယ်တိုင်ဦးဆောင်ခြင်းဖြင့် ဘုရားကျောင်းကိုစိတ်စွဲ လမ်းအောင် သင်ပေးရမည်။ (ဆာ၊ ၈၄:၁၀ )

၂၄။ မိမိကိုယ်တိုင်ဆယ်ဘို့တစ်ဘို့ ပုံမှန်ပေးခြင်းအားဖြင့် သားသမီးတို့အား ဆယ်ဘို့တစ်ဘို့ ပေးခြင်းအသက်တာရှိအောင်သင်ပေးရမည်။ (မာ၊ ၃း၈၊ သု၊ ၁၁း၂၄-၂၅)

၂၅။ မိသားစုအားလုံး မနက်၊ည ဝတ်ပြုခြင်း၊ ဆုတောင်းခြင်းပုံမှန် လုပ်ပေးရမည်။ ( ၁သက်၊ ၅း၁၇)

၂၆။ ဘုရားကျောင်းသို့သွားရောက်ပြီး ယုံကြည်သူများနှင့် မိတ်သဟာယဖွဲ့ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းအချိန် မရလောက်အောင် အလုပ်လုပ်ခြင်းကို တားမြစ်ရမည်။ ( အာမုတ်၊ ၄း ၁၂-၁၃ )

၂၇။ မိမိကိုယ်တိုင် ပုံမှန်ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းအားဖြင့် သားသမီးတို့အား ကျမ်းစာဖတ်ခြင်းနှင့်ဆုတောင်းခြင်းအကျင့်ရှိအောင် သင်ပေးရမည်။ ( ယောရှု၊ ၁း၇-၈၊ ဆာ၊ ၁း၁-၃ )

၂၈။ ဆုတောင်းခြင်းကို ယုံကြည်အားကိုးရသော မိဘအဖြစ်ကိုယ်တိုင် သားသမီးတို့ ရှေ့မှောက်၌အစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုရမည်။( ဧ၊ ၆:၁၈၊ ဖိ၊ ၄း ၆-၇ )

၂၉။ သားသမီးတို့၏ ယုံကြည်စိတ်ချမှုအတွက်၄င်းတို့၏ရှေ့မှောက်၌ လိမ်လည်ပြောဆိုခြင်းကို ရှောင်ကြဉ်ရမည်။ ( မဿဲ၊ ၅း၃၇၊ ယာ၊ ၅:၁၂ )

၃၀။ စိုးရိမ်ပူပန်နေချိန်၌ လျစ်လျူရှုမထားပဲ၊ အကျိုးအကြောင်းမေးမြန်းကာ ချိုသာသော စကားဖြင့်ခွန်အားပေးနှိမ့်သိမ့်တတ်ရမည်။

၃၁။ သားသမီးတို့၏ စံပြအားကိုးရသော ဝိညာဉ်လူဖြစ်ဖို့ရန် ဝိညာဉ်သဘောနှင့် အသက်ရှင် ရမည် ။ ( ဂ၊ ၆း၁၆-၁၈၊ဖိ၊ ၂း၅ )

၃၂။ သားသမီးတို့အား ဂရုစိုက်ရမည်။ မသိနားမလည်မေးမြန်းခြင်းပြုသောအခါ စိတ်ရှည်စွာဖြင့် ရှင်းပြအဖြေပေးရမည်။ သူတို့ပြောသောစကားကို အဆုံး တိုင်အောင် နားထောင်ပေးရမည်။

၃၃။ ချီးမွမ်းခြင်း၊ ချီးကျူးခြင်းအားဖြင့် အသက်တာပြုပြင်ပေးရမည်။ တစ်စုံတစ်ခု ပြုလုပ်မှားမိခဲ့သောအရာအပေါ်၌ ပြစ်တင်ရှုတ်ချခြင်းမပြုပဲ ရှင်းပြခြင်းနှင့် နားလည် ပေးရမည်။

၃၄။ သားသမီးတို့၏ ခေါင်းပေါ်လက်တင်ကာ ဆုတောင်းပေးခြင်းနှင့် မင်္ဂလာစကား မြွက်ဆိုပေးရမည်။ ( ယော၊ ၁း၅ )

၃၅။ သားသမီးတို့အား အချိန်များများပေးလျက် ၄င်းတို့နှင့် အတူတကွနေထိုင်ရ မည်။

သင်ခန်းစာ ( ၉ )

# ခရစ်ယာန်အိမ်ထောင်မိသားစု၌ဘုရား၏အလိုတော်

## ကယ်တင်ခြင်းသို့ရောက်သောမိသားစု

ဘုရားသခင်၏အလိုတော်သည် လူအပေါင်းတို့ကယ်တင်ခြင်းသို့ရောက်၍၊ သမ္မာတရားကိုသိဖို့ရန်ဖြစ်သည်။အိမ်ထောင်ဦးစီးမှူးသည် ဖခင်ဖြစ်သည်။ထို့ကြောင့် ဖခင်နှင့်မိခင်သည် ကယ်တင်ခြင်းသို့ရောက်ဖို့လိုသည်။ ကယ်တင်ခြင်းမရောက်လျှင် ထာဝရငရဲထဲသို့ကျရောက်မည်ဖြစ်သည်။ ကယ်တင်ခြင်းသို့ မရောက်လျှင် မည်ကဲ့သို့ ကယ်တင်ခြင်းအကြောင်းကို မိမိ မိသားစုအားပြောပြသွန်သင်နိုင်မည်နည်း။ပြောပြ သွန်သင်နိုင်မည်မဟုတ်။မိသားစုကို ဘုရားသခင်၏အလိုတော်အတိုင်း ဦး ဆောင် နိုင်ဖို့ရန် ကယ်တင်ခြင်းသို့ရောက်သော ဖခင်နှင့်မိခင်ဖြစ်ရမည်။ မိဘနှစ်ပါးသည် ကယ်တင်ခြင်းသို့ရောက်ပြီးလျှင်၊ သားသမီးများကို ကယ်တင်ခြင်းရောက်အောင် ကျမ်းစာကိုသင်ပေးရမည်။ မိဘနှစ်ပါးသည် မိသားစု၌ သာသနာပြုဆရာ နှင့် ဆရာမဖြစ်သည် ကိုသိရမည်။ ကိုယ့်မိသားစုကို တာဝန်ယူကြလျှင်၊ ဧဝံဂေလိ ဆရာများစေလွှတ်စရာလိုမည်မဟုတ်။

**၁တိ၊ ၂း၄ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော်ရှိ၏။**

ယောဟန်၊ ၃း၁၆-၁၈ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏။ ၁၇ လောကီသားတို့အားအပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည်သားတော်ကို ဤလောကသို့ စေလွှတ်တော် မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း စေလွှတ် တော်မူ၏။ ၁၈ သားတော်ကိုယုံကြည်သောသူသည်အပြစ်စီရင်ခြင်းကို မခံရ၊မယုံကြည်သောသူမူကား၊ဘုရား သခင်၌တပါးတည်းသောသားတော်ကို မယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏။

ဖေက်၊ ၂း ၈-၁၀ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ၉ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။ ၁၀ အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသော အကျင့်တို့၌ငါတို့သည် ကျင်လည်ရမည် အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ။

**ယောဟန်၊ ၈း၂၄ ထိုကြောင့်သင်တို့သည် ကိုယ်အပြစ်၌သေကြလိမ့်မည်ဟုငါဆို၏။ ငါသည်ဤမည်သောသူဖြစ်သည်ကို သင်တို့သည်မယုံလျှင်၊ ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟု မိန့်တော်မူ၏။**

## သမ္မာတရားကိုသိသောမိသားစု

ကယ်တင်ခြင်းသို့ရောက်ပြီးလျှင်၊ သမ္မာတရားကိုလည်းသိဖို့လိုသည်။ သမ္မာတရားကိုမသိလျှင်၊ ဝိညာဥ်ပိုင်း၌၊ အလိမ်ခံရမည်ဖြစ်သည်။ သမ္မာတရားသည် မည်သူဖြစ်သည်ကို သေချာသိမှ၊ သမ္မာတရားနှင့်မညီသော ဩဝါဒများကို မိသားစုအားပြောပြနိုင်မည်ဖြစ်သည်။ ဖခင်သည် မိသားစုကိုခန္ဓာပိုင်း၌ကျွေးမွေးသည်သာမက ဝိညာဥ်ပိုင်း၌လည်း အစာများအစားမမှားလေအောင်ကာကွယ်၍၊ ပြုစုဖို့ရန်လိုအပ်သည်။ သမ္မာတရားသိနေလျှင် မည်သူကမှ လှည့်ဖြားနိုင်မည် မဟုတ်။ ထို့ကြောင့် မိသားစုတိုင်းသည် သမ္မာတရားကို သိသော မိသားစုဖြစ်ဖို့လိုသည်။

**၁တိ၊ ၂း၄လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော်ရှိ၏။**

## သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သောမိသားစု

ဖခင်နှင့်မိခင်သည် ကယ်တင်ခြင်းသို့ရောက်၍၊ သမ္မာတရားကိုသိယုံသာမဟုတ်ဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်ဖို့ရန်အရေးကြီးသည်။

သို့မဟုတ်လျှင်၊ မိစ္ဆာပရောဖက်များ၏နောက်သို့လိုက်သွားနိုင်သည်။ ဘုရားထံမှလာသောသမ္မာတရား ဟုတ်သည်၊ မဟုတ် သည်ကိုသိနိုင်မည့်အကြောင်း သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်ဖို့ရန်လိုသည်။ ဒါမှကိုယ့်မိသားစုကို ဘုရားအလိုတော်နှင့်အညီ ဦးဆောင်နိုင်မည်ဖြစ်သည်။မိသားစုအားလုံးသည် သမ္မာတရားကိုမှန်ကန်စွာ ပိုင်းခြားတတ်သော မိသားစုဖြစ်ဖို့ရန်လိုသည်။

**၂တိ၊ ၂း၁၅ သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက် စရာအကြောင်း မရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစား အားထုတ် လော့။**

# ဘုရားသခင်၌ကိုယ်ကိုကိုယ်ဆက်သသော မိသားစု

ဖခင်နှင့်မိခင်သည် ကယ်တင်ခြင်းသို့ရောက်၍၊ သမ္မာတရားကိုလည်းသိသဖြင့်၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားခြင်း သာမဟုတ်ဘဲ၊ မိမိကိုယ်ကို ဘုရားသခင်၌ ဆက်သသောသူဖြစ်ဖို့လိုသည်။ ဘုရားသခင်စကားကိုနားထောင်ခြင်း၊ ဘုရားသခင်ကိုကြောက်ရွံ့ခြင်း၊ ဘုရားသခင်ကိုဦးစားပေးခြင်း၊ ကျမ်းစာဖတ်ရှု့ခြင်း၊ ဆုတောင်းခြင်း၊ ဘုရားသခင်ကို အချိန်ပေး၍၊ မိတ်သဟာယဖွဲ့သောသူဖြစ်မှသာလျှင်၊ဘုရားအလိုတော်ကိုသိ၍၊ မိသားစုများကို ဝိညာဉ်ပိုင်း၌လည်းကျွေးမွေးနိုင်မည်ဖြစ်သည်။ ဖခင်သည် ခန္ဓာပိုင်း၌ ကျွေးမွေးသောသူဖြစ်သည် သာမက၊ ဝိညာဉ်ပိုင်း၌လည်း ကျွေးမွေးသောသူဖြစ်၍၊ အကောင်းဆုံးသောမိသားစု၏ ဆရာ

လည်းဖြစ်သည်။ မိသားစုအားလုံးသည် ဘုရားသခင်၌ကိုယ်ကိုကိုယ်ဆက်သသော မိသားစုဖြစ်ဖို့လိုသည်။

**၂တိ၊ ၂း၁၅ သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက် စရာအကြောင်း မရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစား အားထုတ် လော့။**

## သမ္မာတရား၌ကျင်လည်သော မိသားစု

ဖခင်နှင့်မိခင်သည် သမ္မာတရား၌ကျင်လည်ဖို့ရန် ဘုရားသခင်အလိုတော်ရှိသည်။ သမ္မာတရား၌ကျင်လည်ခြင်းသည်၊ ဘုရားကြိုက်တာကိုကြိုက်၊ မုန်းတာကိုမုန်း၊ သမ္မာတရားဘက်၌သာ ရပ်တည်လျက်၊ တည်ကြည်ခြင်းအသက်တာရှိခြင်းကိုဆိုလိုသည်။ အချို့သောသူများသည် မည်မျှပင် သမ္မာတရားကြားနာကြသော်လည်း၊ မိမိအသက်တာ၌ မတည်ဆောက်ကြသောကြောင့်အကျိုးကိုမပေး၊ သမ္မာတရားသည် ကျင့်သုံးလိုက်လျှောက်သောသူများ အတွက်သာလျှင်၊ ကောင်းကြီးဖြစ်သည်။ သမ္မာတရား၌ ကျင်လည်ခြင်းသည် ဘုရားကိုနှစ်သက်စေသောအရာဖြစ်သည်။ မိသားစုများကို ဘုရား၏အလိုတော်များကို သွန်သင်ဖို့ရန် ဖခင်နှင့်မိခင်၌တာဝန်ရှိသည်။ မိသားစုအားလုံးသည် သမ္မာတရား၌ကျင်လည်ဖို့ရန်လိုသည်။

**၃ယော၊ ၁း၃-၄သင်သည်သမ္မာတရား၌ ကျင်လည်သည်အတိုင်း သင်၌ရှိသောသမ္မာတရား၏အကြောင်းကို ညီအစ်ကိုတို့သည်လာ၍သက်သေခံကြသောအခါ၊**

**ငါသည်အလွန်ဝမ်းမြောက်ခြင်းရှိ၏။ ၄ ငါ၏သားသမီးတို့သည်သမ္မာတရား၌ကျင်လည်သည်ကို ငါကြား၍ ဝမ်းမြောက်ခြင်းထက် သာ၍ ဝမ်းမြောက်ခြင်း မရှိ။**

## ဘုရားကိုကြောက်ရွံ့သောမိသားစု

ဘုရားသခင်ကို ကြောက်ရွံ့သော မိသားစုဖြစ်ဖို့ရန်၊ သမ္မာတရားကိုသိဖို့ ရန်လိုသည်။ အဘယ့်ကြောင့် ဘုရားသခင်ကိုယခု မိသားစုတိုင်းက စွန့်ကြသနည်း၊ ကယ်တင်ခြင်းသို့မရောက်ကြသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ကြောက်စရာကောင်းကြောင်းကိုဂုဏ်၊ ချစ်စရာကောင်းကြောင်းကိုဂုဏ်၊အရာခပ်းသိမ်း တတ်နိုင်ကြောင်းကိုဂုဏ်၊ ဘုရားသခင်ကို ကြောက်ရွံ့သောသူများ၊ ဘုရားသခင်ကို ရိုသေတတ်သူများ ဖြစ်ဖို့ရန် မိဘများက ပုံသက်သေကောင်းကိုပြသဖို့ရန်လိုသည်။ သားသမီးများကိုလည်း ကျမ်းစာသင်ပေးဖို့ရန်လိုသည်။ ကောင်းကင်ပိုင်ရှင် ဖြစ်ကြောင်းနှင့် ငရဲချုပိုင်သောအရှင် ဖြစ်သည်ကို သင် ပေးသင့်သည်။ ယောဟန် သည် ဘုရားသခင်ကိုတွေ့သောအခါ၊ မည်ကဲ့သို့ဖြစ်သည်ကို၍သို့ ဖော်ပြကြောင်း တွေ့ရသည်။

**ဗျာ၊ ၁း၁၇-၁၈ ထိုသူကိုငါမြင်သောအခါ၊သေမတတ်ဖြစ်၍ ခြေတော်ရင်း၌ လဲလျက်နေ၏။ ထိုသူသည်လက်ျာလက်တော်ကို ငါ့အပေါ်သို့ တင်လျက်၊ ကြောက်ရွံ့ ခြင်းမရှိနှင့်။ ငါသည်အဦးဆုံးသောသူ၊ နောက်ဆုံးသော သူဖြစ်၏။ ၁၈ အသက်**

**ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည် ဖြစ်၍၊ ကမ္ဘာအဆက်ဆက် အသက်နှင့် ပြည့်စုံ၏။ မရဏာနှင့် မရဏာနိုင်ငံကိုလည်းငါအစိုးရ၏။**

# ဘုရားသခင်အပေါ်၌သစ္စာရှိသော မိသားစု

အကျွန်ုပ်တို့၏ မိသားစုသည် သစ္စာရှိသော မိသားစုဖြစ်ဖို့ရန်လိုသည်။ ဘုရားသခင်၏အပေါ်မှာသော်၎င်း၊မိသားစု၌သော်၎င်း၊ အသင်းတော်၏အပေါ်မှာ သော်၎င်း၊ အိမ်နီးချင်းအပေါ်မှာသော်၎င်း၊ လူတိုင်း၏အပေါ်မှာသော်၎င်း၊ သစ္စာရှိ ဖို့လိုသည်။ အဘယ်ကြောင့်ဆိုသော်၊အချို့ယောကျ်ားသော်၎င်း၊ မိန်းမသော်၎င်း၊ ဂတိသစ္စာကိုမတည်သောသူအများရှိကြသည်။ ထိုသို့သော အိမ်ထောင်ကို ဘုရား ကောင်းကြီးပေး၍ မချီးမြှောက်နိုင်၊ ထို့ကြောင့် သေးငယ်သော အမှု၌သော်၎င်း၊ ကြီးသောအမှု၌သော်၎င်း၊ သစ္စာရှိဖို့ရန် သားသမီးများကိုလည်း သင်ပေးရမည်။

**လုကာ၊ ၁၆း၁၀ အနည်းငယ်သော အမှု၌ သစ္စာရှိသောသူသည် ကြီးသော အမှု၌လည်း သစ္စာရှိလိမ့်မည်။ အနည်းငယ် သောအမှု၌ သစ္စာမရှိသောသူသည် ကြီးသောအမှု၌ သစ္စာမရှိ။**

# စည်းဝေးခြင်းအမှုကိုဦးစားပေးသော မိသားစု

လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စည်းဝေးခြင်းအမှုကို မ ရှောင်မလွှဲကြနှင့် ဟုတွေ့ရသည်။ ထို့ကြောင့်မိဘနှစ်ပါးနှင့် သားသမီးများစုံလင်စွာဖြ

င့် အသင်းတော်နှင့်ဆိုင်သော စည်းဝေးခြင်း၌၊ အားလုံးပါဝင်ဖို့ရန် ဘုရားသခင် အလိုတော်ရှိသည်။ ကာလအချိန်နီးသည်ကိုသိ၍၊ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ဖို့လိုသည်။ သားသမီးများသည် မသွားချင်သော်လည်း၊ မိဘများက နှိုးဆော်ပေးဖို့ရန်ဖြစ်သည်။ အချို့သော မိသားစုများသည် အသင်းတော်၏ စည်းဝေးခြင်းအမှုကိုတန်ဘိုးမထား၊ မထီမဲ့မြင်ပြုသောအိမ်ထောင်များလည်း ရှိကြသည်။ ထိုသို့မနေရ။ ဤစည်းဝေးခြင်းသည် ဇာတိ၌အကျိုးများစွာရရှိဖို့ရန်မဟုတ်ဘဲ၊ ဝိညာဉ်ပိုင်း၌အကျိုးများစွာရရှိဖို့ရန် ဝိညာဉ်ပိုင်းနှင့် ဆိုင်သောစည်းဝေးခြင်းဖြစ်သည်။ စည်းဝေးခြင်းအမှုကို အမြဲပါသောအိမ်ထောင်နှင့်ဂရုမစိုက်သော အိမ်ထောင်သည် အလွန်ကွာဟချက်များကိုတွေ့ရသည်။

**ဟေဗြဲ၊ ၁၀း၂၅ လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစား ကြလော့။**

**ရောမ၊ ၁၃း ၁၁-၁၄ထိုမှတပါး၊ငါတို့ကို ကယ်တင်သောကျေးဇူးတော်သည် ငါတို့ ယုံကြည်သော နေ့ရက်၌နီးသည်ထက်ယခုသာ၍ နီးသောကြောင့်၎င်း၊ ၁၂ညဥ့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လုသောကြောင့်၎င်း၊ ယခုအခါ အိပ်ပျော်ရာမှနိုးရသော အချိန် ရောက်ခဲ့ပြီဟု ငါတို့သည် သိ၍ ကာလအချိန်ကို ထောက်လျက်၊ မှောင်မိုက်၏အကျင့်ကို ပယ်ရှား၍၊ အလင်း၏လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့။ ၁၃ ပွဲလုပ်ခြင်း၊ ယစ်မျိုးသောက်ကြူးခြင်း၊ မတရားသော မေထုန်၌**

**မှီဝဲခြင်း၊ ကိလေသာညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ဝဏ်ပြိုင်ခြင်းအမှုတို့ကို ကြဉ်ရှောင်၍၊ နေ့အချိန်၌ကဲ့သို့ တင့်တယ်လျောက်ပတ်စွာကျင့်ဆောင် ပြုမူကြကုန်အံ့။ ၁၄သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်ကြလော့။ ကိုယ်ကာယ၏တပ်မက်ခြင်းအလိုငှါမကြံစည် ကြနှင့်။**

## သမ္မာတရားဖက်၌ရပ်တည်သောမိသားစု

ငါတို့သည်သမ္မာတရားကို ဆီးတားခြင်းငှါ အလျှင်းမတတ်နိုင်ကြဟုတွေ့ရသည်။ ထို့ကြောင့် အကျွန်ုပ်တို့၏ မိသားစုအားလုံးသည် သမ္မာတရားဖက်၌၊ ပြတ်ပြတ်သားသားရပ်တည်ဖို့လိုသည်။ ဘေးပတ်ဝန်ကျင်၌၊ သမ္မာတရားကို စွန့်ပစ်ကြသော်လည်း၊ သမ္မာတရားကိုစောင့်ရှောက်ဖို့ဖြစ်သည်။ လူ၏မျက်နှာကိုထောက်ထားခြင်းမရှိဘဲ၊ သမ္မာတရားဖက်၌ နေဖို့ဖြစ်သည်။ သားသမီးများကိုလည်း သမ္မာတရားကို အဓိက နားလည်အောင် မိဘများသင်ပေးဖို့လိုသည်။

**၂ ကော၊ ၁၃း၈ ငါတို့သည်သမ္မာတရားကို ဆီးတားခြင်းငှါအလျှင်းမတတ်နိုင်ကြ။ ၉ သမ္မာတရားဘက်၌နေ၍သာတတ်နိုင်ကြ၏။ ငါတို့သည်အားနည်း၍ သင်တို့သည်အားကြီးသောအခါ၊ ငါတို့သည် ဝမ်းမြောက်ခြင်းရှိကြ၏။ သင်တို့သည် စုံလင်မည်အကြောင်းကိုသာ အလိုရှိကြ၏။**

# ကျေးဇူးတော်ကိုချီးမွမ်းတတ်သော မိသားစု

အရာရာ၌ ဘုရားသခင်ပြုသော ကျေးဇူးတော်များကို ရေတွက်၍၊ ဘုရား၏ကျေးဇူးတော်ကို အစဉ်အမြဲချီးမွမ်းတတ်သောမိသားစုဖြစ်ဖို့ရန်လိုသည်။ နေကောင်းကျန်းမာခြင်း၊အလုပ်လုပ်နိုင်ခြင်း၊ စားသောက်နိုင်ခြင်း၊ ကောင်းကြီးများကိုရေတွက်လျက် ဆင်းရဲခြင်းနှင့် ပြဿနာများကြုံရသော်လည်း၊ အဆင်မပြေမှုများနှင့် ရင်ဆိုင်ရသော်လည်း၊ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိ၍၊ ဒုက္ခထဲကကိုယ်တော်ကို ချီးမွမ်းတတ်သော မိသားစုဖြစ်ဖို့ရန်လိုသည်။ ဘုရားကိုချီးမွမ်းတတ်လာအောင် သားသမီးများကို မိဘများက သင်ပေးဖို့ရန်လိုသည်။

**ဖိလိပ္ပိ၊ ၄း ၄-၆ သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့။ တဖန် ငါဆိုသည်ကား ဝမ်းမြောက်ကြလော့။၅ လူအပေါင်းတို့ရှေ့၌ သင်တို့၏ ဖြည့်ညှင်းခြင်း သဘောကို ထင်ရှားစေကြလော့။ သခင်ဘုရားသည် အနီးအပါး၌ ရှိတော်မူ၏။ ၆ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာ ပြုသောအားဖြင့်၊ သင်တို့တောင်း ပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။**

**ဆာလံ၊ ၅၀း ၂၃ ကျေးဇူးချီးမွမ်းခြင်း ယဇ်ပူဇော်သောသူသည်ငါ၏ဘုန်းကို ထင်ရှားစေသောသူဖြစ်၏။ မိမိသွားသော လမ်းကို ဆင်ခြင်သောသူအားလည်း၊**

ကယ်တင်တော်မူ ခြင်း ကျေးဇူးကို ငါပြမည်ဟု ဘုရားသခင်မိန့်တော်မူ၏။

တမန်တော်၊ ၁၆း ၂၅-၂၉ သန်းခေါင်အချိန်၌ ပေါလုနှင့်သိလတို့သည် ပဌ နာပြု၍ ဘုရားသခင်ကို ချီးမွမ်းလျက်သီခြင်းဆိုလေ၏။ ထောင်ထဲမှာ နှောင်ဖွဲ့ခြင်း ကိုခံရသော သူတို့သည် နားထောင်ကြ၏။ ၂၆ထိုခဏခြင်းတွင် မြေကြီးသည်ပြင်းစွာ လှုပ်သောကြောင့် ထောင်ခြေရင်းလည်းလှုပ်ရှား၏။ တံခါးရှိသမျှတို့သည် ချက် ခြင်းပွင့်၍ လူအပေါင်းတို့သည် နှောင်ဖွဲ့ခြင်းနှင့်လွတ်ကြ၏။ ၂၇ ထောင်မှူးသည် နိုး၍ ထောင်တံခါးများ ပွင့်လျက်ရှိသည်ကို မြင်လျှင်၊ နှောင်ဖွဲ့ခြင်းကို ခံရသော သူ တို့သည် ထွက်ပြေးကြပြီဟု ထင်မှတ်သည်နှင့်၊ ထားကို အိမ်မှဆွဲထုတ်၍ ကိုယ် အသက်ကိုသတ်မည် ပြုလေ၏။ ၂၈ ပေါလုကလည်း၊ ကိုယ်ကိုအဖြစ်မပြုနှင့်။ ငါတို့ အပေါင်းသည် ရှိကြ၏ဟုကြီးသောအသံနှင့် ဟစ်၍ ပြောဆို၏။ ၂၉ ထောင်မှူးသည် ညှို့ထွန်းသောမီးကို တောင်းပြီး မှ ပြေးဝင်၍၊ ပေါလုနှင့် သိလတို့၏ခြေရင်း၌ တုန်လှုပ် လျက် ပြပ်ဝပ်လေ၏။

# ဘုရားနဲ့အကျွမ်းဝင်မိဿဟာယဖွဲ့သော မိသားစု

ဘုရားသခင်နှင့်အကျွမ်းဝင် မိတ်ဿဟာယ ဖွဲ့သောမိသားစု ဖြစ်ဖို့ရန်အရေး ကြီးသည်။ ယခုအချိန်၌ ဘုရားသခင်နှင့် မိတ်ဿဟာယဖွဲ့ခြင်းကို ဦးစားမပေးကြ။ လောကဥ္စတိုးတက်အောင်မြင်ကျော်ကြား၍၊ စည်းစိမ် ရွှေ၊ငွေ များရရှိဖို့ရန် လောက နဲ့သာအချိန်ကုန်ကြသည်။ ယုံကြည်သူ သားသမီးများနှင့်အတူ ဘုရားသခင်နှင့် မိ

တ်သဟာယဖွဲ့၍၊ ဘုရားသခင်၏ကောင်းမြတ်ခြင်းအကြောင်း ကိုအမြဲသင်ကြား ပေးဖို့ရန်လိုအပ်သည်။ သားသမီးများသည် ဘုရားသခင်ကိုယုံကြည်၍၊ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့တတ်ဖို့ရန်လမ်းပြဖို့လိုသည်။ ဘုရားသခင်နှင့် မိ တ်သဟာယဖွဲ့ခြင်း၏ အကျိုးကျေးဇူးများကို ဤသို့ဖော်ပြထားသည်။

**ယောဘ၊ ၂၂း၂၁-၂၈ဘုရားသခင်နှင့် အကျွမ်းဝင်၍ မိသဟာယဖွဲ့လော့။ ထိုသို့ပြုမှ ကောင်းစားခြင်းသို့ ရောက်ရလိမ့်မည်။၂၂ နှုတ်တော်ထွက်တရားကို ခံယူ၍ စကားတော်ကို နှလုံး၌သွင်းပါလော့။ ၂၃ အနန္တတန်ခိုးရှင်ထံတော်သို့ ပြန်လာလျှင်၊ တည်ဆောက်ခြင်းရှိလိမ့်မည်။ သင့်အိမ်မှ ဒုစရိုက်ကိုပယ်ရှားလျှင်၊ ၂၄ ရွှေကိုမြေမှုန့် ကဲ့သို့၎င်း၊ သြဖိရရွှေကို မြစ်၌ရှိသောကျောက်စရစ် ကဲ့သို့၎င်းသိုထားရလိမ့်မည်။ ၂၅ ထိုအခါအနန္တတန်ခိုးရှင်သည် သင်၌ရွှေရတနာ၊ သင်သုံးရသော ငွေဘဏ္ဍာဖြစ် တော်မူလိမ့်မည်။ ၂၆သင်သည်အနန္တတန်ခိုးရှင်၌ မွေ့လျော်၍၊ ဘုရားသခင်ကို ဖူးမြော်ရသောအခွင့်ရှိလိမ့်မည်။ ၂၇သင်ဆုတောင်းသောအခါနားထောင်တော်မူ မည်။ သစ္စာဂတိထားသည်အတိုင်း၊သစ္စာဝတ်ဖြေရသောအခွင့်ရှိလိမ့်မည်။ ၂၈သင် ကြံစည်သောအကြံအစည်သည် ထမြောက်၍၊ သင်သွားသောလမ်း၌ ရောင်ခြည်ထွန်း လိမ့်မည်။**

ယုဒရှင်ဘုရင် ဩဇိမင်းသည် ဘုရားသခင်ကိုဆည်းကပ်သော ကာလ ပတ်လုံးအကြံထမြောက်သောအခွင့်ကိုရ၏။ (၆ရာ၊ ၂၆း ၅) ဘုရားသခင်၏ ဗျာဒိတ် ရူပါရုံကို နားလည် သော ဇာခရိလက်ထက်၌၊ ဩဇိမင်းသည် ဘုရားသခင်ကို

ဆည်းကပ်၏။ ထာဝရဘုရားကို ဆည်းကပ်သော ကာလပတ်လုံး၊ ဘုရားသခင်သည် အကြီးထမြောက် ရသော အခွင့်ကို ပေးတော်မူ၏။ ဘုရားသခင်ကို ဆည်းကပ်၍ မိတ်သဟာယဖွဲ့လျှင်၊ ဆည်းကပ်သော ကာလပတ်လုံးအကြီးထမြောက်သော အခွင့်ကို ပေးမည်။

## ဘုရားသခင်၌ခိုလှုံသော မိသားစု

ဤလောက၌၊ လုံခြုံမှုပေးနိုင်သော အရာတစုံတခုမျှမရှိ၊ ကမ္ဘာ့ကပ်ဘေးများ ထဲ က သော် ၎င်း ၊ အ စာ င တ်မွတ်ခြင်း ဘေး ထဲ က သော် ၎င်း၊ စစ်ဘေး ထဲ က သော်၎င်း၊ ရာသီဥတုဘေးထဲကသော်၎င်း၊ဆင်းရဲခြင်း ဒုက္ခအမျိုးမျိုးထဲက သော်၎င်း၊ လုံခြုံစွာကွယ်ကာပေးနိုင်သောသူသည် အမြင့်ဆုံးသော ဘုရားသခင် သာလျှင်ဖြစ်သည်။ ထို့ကြောင့် မိဘနှစ်ပါးဦးဆောင်၍ သားသမီးများနှင့်အတူ ဘုရားသခင်၌ခိုလှုံသော မိသားစုဖြစ်ဖို့လိုသည်။ သို့ပြုလျှင် မည်ကဲ့သို့အကျိုးခံစားရမည်နည်း၊ ဤသို့ဖော်ပြထားသည်။

**ဆာလံ၊ ၉၁း ၁-၁၆ အမြင့်ဆုံးသော ဘုရား၏ကွယ်ကာရာဌာန တော်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏ အရိပ်ကို ခိုရလိမ့်မည်။ ၂ထာဝရဘုရားသည် ငါခိုလှုံရာ၊ ငါ၏ရဲတိုက်၊ ငါကိုးစားသော ဘုရားသခင်ဖြစ်တော်မူသည်ဟု ငါပြော ဆို၏။ ၃အကယ်စင်စစ် မုဆိုး၏ ကျော့ကွင်းနှင့်၎င်း၊ သေတတ်သောအနာနှင့်၎င်း၊ သင့်ကို ကင်းလွတ်စေတော်မူမည်။ ၄ အတောင်တော် အမွေးနှင့်ဖုံးအုပ်တော်မူ၍၊ အတောင်**

တော်အောက်၌ သင်သည်လုံခြုံစွာ နေရလိမ့်မည်။ သစ္စာတော်သည် သင်၏ ဒိုင်းလွှား ဖြစ်လိမ့် မည်။ ၅ညဥ့်အခါဖြစ်တတ်သော ဘေးကိုရင်း၊ နေ့အချိန်၌ပစ်သောမြှား ကိုရင်း၊ ၆ မှောင်မိုက်ထဲမှာ လည်တတ်သော ကာလနာကိုရင်း၊ မွန်းတည့်အချိန်၌ ဖျက်ဆီးတတ်သော ဥပဒ်ကိုရင်း၊ သင်သည်မကြောက်ရ။ ၇ သင်၏ အနားမှာလူတ ထောင်၊ သင်၏လက်ျာ ဘက်မှာ လူတသောင်းလဲသော်လည်း၊ သင့်ကို မထိ မခိုက်ရ။ ၈သင်သည် ကိုယ်မျက်စိနှင့် ကြည့်၍၊မတရား သော သူတို့၌ ရောက်ရသော အပြစ်ကို မြင်ရုံမျှသာရှိ လိမ့်မည်။ ၉ ထာဝရဘုရားသည် ငါခိုလှုံရာဖြစ်တော်မူ၏ဟုသင်သည် ဆို၍၊ အမြင့်ဆုံးသော ဘုရား၌ နေရာကျသော ကြောင့်၊ ၁၀ သင်၌ မကောင်းသော အနိဋ္ဌရုပ်မကပ် မရောက်။ သင့်နေရာသို့ ဘေးဥပဒ်မချဉ်းရ။ ၁၁ သွားလေရာရာ၌ သ င့်ကိုစောင့်ရှောက် စေခြင်း ငှါ၊ ကောင်းကင်တမန်တို့အား သင့်အဘို့မှာထားတော် မူ သည်ဖြစ်၍၊ ၁၂သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်း ငှါ၊ သူတို့သည် သင့်ကို လက်နှင့်မစချီပင့်ကြလိမ့်မည်။၁၃ သင်သည် ခြင်္သေ့နှင့်မြွေဆိုးအပေါ်မှာ ကျော် သွား၍၊ ခြင်္သေ့ပျိုနှင့်နဂါးတို့ကို ခြေဖြင့်နင်းလိမ့်မည်။ ၁၄ သူသည် ငါ့ကို ချစ်သော ကြောင့်၊ သူ့ကို ငါကယ် နှုတ်မည်။ ငါ၏နာမကို သိသောကြောင့်၊ သူ့ကို ငါချီး မြှောက် မည်။ ၁၅ သူသည် ငါ့ကိုခေါ် သောအခါ ငါထူးမည်။ ဒုက္ခ ခံရသောအခါ သူ့ဘက်မှာ ငါ နေ၍ချမ်းသာပေးမည်။ သူ၏ဘုန်းကိုလည်း ထင်ရှားစေမည်။ ၁၆ ရှည်သော အသက်နှင့် သူ့ကိုရောင့်ရဲစေ၍၊ ငါ၏ ကယ်တင်ခြင်းကျေးဇူးကို သူ့အားပြမည်။

# ဘုရားသခင်ကိုကိုးစားသောမိသားစု

လူသည် မိမိကိုယ်ကို အားကိုး၍ ကိုးစားတတ်ကြသည်။ ကိုယ့်ဉာဏ်ကိုရင်း၊ ကိုယ့်ပညာကိုရင်း၊ ကိုယ်ပိုင်ဆိုင်ထားသော ရွှေ၊ ငွေ၊စည်းစိမ်ကိုရင်း၊ သူတပါးကိုရင်း၊ကိုးစားတတ်ကြသည်။ သို့သော် ဘုရားသခင်က လူကိုမကိုးစားဘဲ၊ သူ့ကိုကိုးစားဖို့ရန် အလိုရှိသောကြောင့် သားသမီးများကိုလည်း မိဘနှစ်ပါးမှ သင်ကြားပေးဖို့ရန်လိုအပ်သည်။ မိသားစုများ အားလုံးသည် ဘုရားသခင်ကို ကိုးစားတတ်သော မိသားစုများဖြစ်ဖို့ရန်လိုသည်။ မိမိ မိသားစု၏ခိုလှုံရာဖြစ်ဖို့ရန်လိုသည်။

**ယေရမိ၊၁၇း ၅-၈ ထာဝရဘုရား မိန့်တော်မူသည်ကား၊ လူကို ကိုးစား၍လူသတ္တဝါကို အမှီပြုသဖြင့်၊ စိတ်နှလုံးထဲ၌ ထာဝရဘုရားထံတော်မှ ထွက်သွားသော သူသည် ကျိန်အပ်သောသူဖြစ်၏။ ၆ထိုသူသည် လွင်ပြင်၌ရှိသော သစ်ပင်ခြောက်ကဲ့သို့ဖြစ်၍၊ ကောင်းကျိုးရောက်ကြောင်းကို မသိရ။ အဘယ်သူမျှမနေသောဆားမြေ၊ သွေ့ခြောက်သော လွင်ပြင်၌နေရလိမ့်မည်။၇ ထာဝရဘုရားကို ကိုးစားသောသူ၊ ထာဝရ ဘုရားကို မိမိကိုးစားရာ အကြောင်းဖြစ် စေသော သူသည် ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ၈ ထိုသူသည်ကား၊ ရေရှိသော အရပ်၌စိုက်၍ မြစ်နားမှာ အမြစ်ဖြာသဖြင့်၊ ပူသောအရှိန် ရောက်ကြောင်းကို မသိ၊ အရွက်မညှိုးနွမ်း၊ မိုယ်းခေါင်သော ကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲ အသီးကို သီးတတ် သော အပင်နှင့်အတူ၏။**

ဆာလံ၊ ၁၄၆း ၁-၅ အိုငါ့ဝိညာဉ်၊ ထာဝရဘုရားကိုချီးမွမ်းလော့။ ၂ ငါသည် အသက်ရှင်စဉ်အခါ၊ ထာဝရဘုရားကို ချီးမွမ်း မည်။ ငါဖြစ်စဉ်ကာလပတ်လုံး၊ ငါ၏ဘုရားသခင်ကို ထောမနာသီချင်းဆိုမည်။ ၃ မင်းများမှစ၍ မကယ်တင်နိုင်သော လူသားကို မကိုးစားကြနှင့်။ ၄ သူသည်အသက်ထွက်၍ မြေသို့ပြန်သွားတတ် ၏။ထို နေ့ခြင်းတွင်၊ သူ၏အကြံအစည်တို့သည်ပျက်စီး ကြ၏။ ၅ ယာကုပ်အမျိုး၏ ဘုရားသခင်မစတော်မူသော သူ၊ မိမိဘုရားသခင် ထာဝရဘုရားကို မြော်လင့်သော သူ သည် မင်္ဂလာရှိ၏။

ဟေရှာယ၊ ၃၀း ၁-၂ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ပုန်ကန် သော အမျိုးသားတို့သည် အမင်္ဂလာရှိကြ၏။သူတို့သည်ငါ့ကိုအမှီမပြုဘဲ အချင်းချင်း တိုင်ပင်ကြ၏။ငါ့ဝိညာဉ်အခွင့်မရှိဘဲ မိဿဟာယဖွဲ့၍ အထပ်ထပ်အပြစ်ရောက် ကြ၏။၂ ဖာရောဘုရင်၏ ဘုန်းကိုအမှီပြု၍၊ အဲဂုတ္တုအအ ရိပ်ကို ခိုလှုံခြင်းငှါ၊ ငါ့ နှုတ်ထွက်ကို အခွင့်မပန်ဘဲ၊ အဲဂုတ္တု ပြည်သို့ ရောက်အောင် သွားကြ၏။

ဟေရှာယ၊ ၃၁း၃ အဲဂုတ္တုပြည်သားတို့သည် ဘုရားမဖြစ်၊လူသက် သက် ဖြစ် ကြ၏။ သူတို့မြင်းသည်လည်း ဝိညာဉ် မဖြစ်၊ အသားသက်သက် ဖြစ်၏။ ထာဝရဘုရားသည် လက် တော်ကို ဆန့်တော်မူသောအခါ၊ မစတတ်သောသူသည် လဲ လိမ့်မည်။ အလုံးစုံတို့သည် အတူပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။

# အချိန်ကိုရွေးနှုတ်တတ်သော မိသားစု

ယခုချိန်သည် နောက်ဆုံးသော ကာလရောက်နေပြီဖြစ်သော ကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့နေရမည့် အချိန်ဖြစ်သည်။ ပညာမဲ့ဟု ဆိုခြင်းသည် လောကပညာမဲ့သောသူကို ဆိုလိုသည်မဟုတ်၊ ဝိညာဉ်ပိုင်း၌ ပြင်ဆင်မှုမရှိသောသူကိုဆိုလိုခြင်းဖြစ်သည်။ ပညာရှိဟု ဆိုခြင်းသည် လောကပညာတတ်ခြင်းကို ဆိုလိုသည်မဟုတ်၊ ဝိညာဉ်ပိုင်း၌ ပြင်ဆင်မှုရှိ၍၊ သတိရှိခြင်းကိုဆိုလိုသည်။ ကာလအချိန်နားလည်၍၊ ဘုရားသခင်၏အလိုတော်ကို ပိုင်းခြားတတ်ဖို့အရေးကြီးသည်။ ယခုအချိန်၌၊ ဝိညာဉ်တော်၏ ဦးဆောင်ခြင်းကို နာခံဖို့လိုသည်။ မိသားစု၌ အချိန်ကိုမဖြုန်းဘဲ၊ တန်ဘိုးရှိစွာ ဝိညာဉ်ပိုင်းအတွက်အချိန်ကိုအသုံးပြုတတ် သောမိသားစုဖြစ်ဖို့ရန်လိုသည်။

**ဧဖက်၊ ၅း ၁၅-၁၇ ထိုကြောင့် ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့ မြော်မြော်ကျင့်ဆောင်မည် အကြောင်း သတိပြုကြ လော့။ ၁၆ ယခု နေ့ရက်ကာလတို့သည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနှုတ်ကြလော့။ ၁၇ ထိုကြောင့် သတိမရှိသောသူမဖြစ်၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍ သိသောသူဖြစ်ကြ လော့။ လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။**

**၂တိ၊ ၃း၁-၅ နောင်ကာလသည် ခဲယဉ်းသော ကာလဖြစ်မည်ဟု သိမှတ်လော့။ အဘယ်သို့နည်းဟူမူကား၊ ၂ လူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကို**

တပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကို ရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊ ၃ ပကတိကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ်ဣန္ဒြေကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သူ၊ သူတော်ကောင်းကို မုန်းသောသူ၊ ၄ သစ္စာကိုဖျက်တတ်သောသူ၊ သတိပေးခြင်းကို မခံသောသူ၊ မာန်မာနနှင့်ယစ်မူးသောသူ၊ ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍၊၅မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ ဖြစ်ကြလိမ့်မည်။ ထိုသူတို့ကို ရှောင်လော့။

ဒေသနာကျမ်း၊ ၁၁း ၉အချင်းလူပျို၊အသက်ပျိုသောအခါပျော်မွေ့လော့။ အသက်ပျိုစဉ်ကာလတွင် စိတ်ရွှင်လန်းခြင်း ရှိလော့။ ကိုယ်အလိုရှိရာလမ်းနှင့်၊ ကိုယ်ဥာဏ်ပြသော လမ်းသို့လိုက်လော့။ သို့ရာတွင်၊ ထိုအမှုအလုံးစုံတို့ကိုဘုရားသခင်စစ်ကြော၍၊ သင့်ကို အပြစ်ပေးတော်မူမည် ဟု အောက်မေ့လော့။

ဗျာ၊ ၁း၃ ကာလအချိန်ရောက်လုနီးပြီဖြစ်၍၊ ဤအနာဂတ္တိကျမ်းစကားကို ကြည့်ရှု ဘတ်ရွတ်နားထောင်၍၊ ရေးထားသမျှတို့ကို စောင့်ရှောက်သော သူတို့သည် မင်္ဂလာရှိကြ၏။

## စုံစမ်းနှောင့်ရှက်ခြင်းကိုသည်းခံတတ်သော မိသားစု

စုံစမ်းနှောင့်ရှက်ခြင်းကို မိသားစု၌မကြာခဏကြုံရတတ်ကြသည်။ ယုံကြည်သူ၊ မယုံကြည်သူ ကြုံနိုင်သောအရာဖြစ်သည်။ ဘုရားသားသမီးများ၏ အိမ်ထောင်၌အဘယ်ကြောင့် ကြုံရကြသနည်း၊ ဘုရားသခင်က သာ၍ရင့်ကျက်အောင်၊ ကြုံစေတာလည်းဖြစ်နိုင်သည်။ သို့မဟုတ်၊ အကျွန်ုပ်တို့၏ယုံကြည်ခြင်းကို သိလို၍၊ စုံစမ်းသော အရာလည်းဖြစ်နိုင်သည်။ စုံစမ်းခြင်းအမျိုးမျိုးခံရသော်လည်း စိတ်မပျက်ဘဲ၊ တည်ကြည်ဖို့ရန်လိုသည်။ အကျွန်ုပ်တို့မခံနိုင်အောင် စုံစမ်းနှောင့်ရှက်ခြင်းပေးသည်မဟုတ်၊ စုံစမ်းခြင်းနှင့်တကွ၊ ထွက်မြောက်သောလမ်းကိုလည်း ပြင်ဆင်ပေးမည်ဖြစ်သည်။ စုံစမ်းခြင်းများနဲ့တွေ့ကြုံလာသောအခါ၊ တစ်ယောက်နဲ့တစ်ယောက် အပြစ်တင်ခြင်းမပြုဘဲ၊ ဘုရားကိုတိုးဝင်ချဉ်းကပ်ဖို့ရန်လိုသည်။

**၁ ကော၊ ၁၀း၁၃ လူ၌ဖြစ်တတ်သော စုံစမ်းနှောင့်ရှက်ခြင်းကိုသာ သင်တို့သည် ခံရကြ၏။ ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ သင်တို့မခံနိုင်သော စုံစမ်းနှောင့်ရှက်ခြင်းကို သင်တို့၌ ရောက်စိမ့်သောငှါ အခွင့်ပေး တော်မမူ။ သင်တို့သည်ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်းအရာနှင့်တကွ၊ ထွက်မြောက်သော လမ်းကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။**

**ရောမ၊ ၈း၃၅-၃၉ ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်ငါတို့ကို အဘယ်သူကွာစေမည်နည်း။ ၃၆အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ်အသေသတ်ခြင်းကို ခံရကြပါ၏။ သတ်ဘို့ရာထားသော သိုးကဲ့သို့**

**အကျွန်ုပ်တို့ကိုသူတပါး မှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်နှင့်အညီ၊ ဆင်းရဲငြိုငြင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊ ကွပ်မျက် ခြင်းခံရသော်လည်း၊ ထိုအမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ချစ် ခြင်းမေတ္တာတော်နှင့် ငါတို့ကို ကွာစေမည်နည်း။ ၃၇ မကွာစေသည်သာမက၊ ငါတို့ကို ချစ်တော်မူသောသူ၏ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှု ခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏။ ၃၈အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊အသက်ရှင် ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ် ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ ၃၉ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည်၊ ငါတို့သခင်ယေရှုခရစ် အားဖြင့် ခံရသောဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိ၏။**

# ဆုတောင်းသောမိသားစု

ဆုတောင်းခြင်းသည် အလွန်တန်ခိုးကြီးသည်၊၊ ဆုတောင်းခြင်းအားဖြင့် လိုအပ်သောအရာများကို ရနိုင်သည်။ ဆုတောင်းခြင်းဖြင့် မဖြေနိုင်သော ပြဿနာများကိုလည်း ပြေလည်နိုင်သည်။ ထို့ကြောင့် မိသားစု၌၊သားသမီးများအတွက် မိဘများကဦးဆောင်၍ ဆုတောင်းဖို့ရန်ဖြစ်သည်။ တောင်းကြလော့၊တောင်းလျှင်ရမည်

ဟု ဘုရားသခင် ကတိတော်ရှိသည်။ ဆုတောင်းခြင်းဖြင့် မိသားစုကို ကွယ်ကာဖို့လို သည်။

မဿဲ၊ ၇း၇-၁၁ တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ ၈တောင်းသောသူမည်သည်ကား ရ၏။ ရှာသောသူလည်း တွေ့၏။ ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏။၉ သားသည် မုန့်ကိုတောင်းလျှင်မိမိသားအား ကျောက်ကိုပေးမည်သူ၊ ၁၀ ငါးကို တောင်းလျှင် မြွေကို ပေးမည်သူ တစုံတယောက်မျှသင်တို့တွင် ရှိသလော။ ၁၁ သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား ကောင်းသောအရာကိုသာ၍ ပေးတော်မူမည် မဟုတ်လော။

ယာကုပ်၊ ၅း၁၃-၁၇သင်တို့တွင် ဆင်းရဲခံရသောသူရှိလျှင် ဆုတောင်းစေ။ ရွှင်လန်းသောသူရှိလျှင် ဆာလံသီချင်း ကိုဆိုစေ။ ၁၄ နာသောသူရှိလျှင်၊ သင်းအုပ်ကိုခေါ်၍ သူတို့ သည် သခင်ဘုရား၏ နာမတော်ကို အမှီပြုလျက်၊ လူနာကိုဆီနှင့်လူး၍ သူ့အပေါ်မှာ ဆုတောင်းကြစေ။ ၁၅ ထိုသို့ပြုလျှင်၊ ယုံကြည်ခြင်း၏ပဌနာသည် လူနာကို ကယ်ဆယ်၍၊ သခင်ဘုရားသည် သူ့ကိုထ မြောက်စေတော်မူမည်။ သူသည်အပြစ်ပြုမိသော်လည်း ထိုအပြစ်ကို လွှတ်တော်မူမည်။ ၁၆ အချင်းချင်းတယောက်နှင့်တယောက်၊ ကိုယ်အပြစ်ကို ဘော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည် အကြောင်း၊ အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီး

သောပဌနာ သည် အလွန်တန်ခိုးပါ၏။ ၁၇ဧလိယသည် ငါတို့ကဲ့သို့ လောကစံတရား၌ ကျင်လည်သောသူဖြစ်သော်လည်း၊ မိုဃ်းမရွာမည် အကြောင်း အထူးသဖြင့် ဆုတောင်းသောအခါ၊ သုံးနှစ်နှင့် ခြောက်လပတ်လုံးမြေပေါ်သို့ မိုဃ်းမရွာဘဲနေ၏။ ၁၈တဖန်ဆုတောင်းသောအခါ၊မိုဃ်းကောင်းကင်သည် မိုဃ်းရွာစေ၏။မြေကြီးသည် လည်း မိမိအသီး ကိုသီးလေ၏။

၁ပေ၊ ၃း ၁၂အကြောင်းမူကား၊ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ ကို ကြည့်ရှုတော်မူ၏။သူတို့ ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက် ပြုသော သူတို့ကိုကား၊ ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ၏။

ဟေရှာယ၊ ၃၈း ၁-၆ ထိုကာလအခါ ဟေဇကိမင်းသည် သေနာစွဲသဖြင့်၊ အာမုတ်သား ပရောဖက်ဟေရှာယသည်လာ၍၊ထာဝရဘုရား မိန့်တော်မူသည်ကား၊ ကိုယ်အိမ်အမှုကို စီရင်လော့။ သင်သည် အသက်မရှင်၊ သေရမည်ဟု အမိန့် တော် ကို ပြန်လေ၏။ ၂ ဟေဇကိမင်းသည်လည်း ထရံသို့ မျက်နှာလှည့် ၍၊ အို ထာဝရဘုရား၊ အကျွန်ုပ်သည် ရှေ့တော်၌ သစ္စာ စောင့်လျက်၊စုံလင်သော စိတ်နှလုံးန ှင့်ကျင့်၍၊နှစ်သက် တော်မူသည်အတိုင်းပြုကြောင်းကိုအောက်မေ့တော် မူပါ။အကျွန်ုပ် တောင်းပန်ပါ၏ဟု အလွန်ငိုကြွေးလျက်၊ ထာဝရဘုရားကို ဆုတောင်းလေ၏။ ၃ ဟေဇကိမင်းသည်လည်း ထရံသို့ မျက်နှာလှည့် ၍၊ အိုထာဝရဘုရား၊ အကျွန်ုပ်သည် ရှေ့တော်၌ သစ္စာ စောင့်လျက်၊ စုံလင်သော စိတ်နှလုံးနှင့် ကျင့်၍၊ နှစ်သက် တော်မူ သည်အတိုင်း ပြုကြောင်းကို အောက်မေ့တော် မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု

**အလွှန်ဝိုကြွေးလျက်၊ ထာဝရဘုရားကို ဆုတောင်းလေ၏။ ၄ တဖန် ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဟေရှာယသို့ရောက်၍၊ ၅ သင်သည် ဟေဇကိမင်းထံသို့ သွားပြီးလျှင်၊ သင့်အဘ ဒါဝိဒ်၏ ဘုရားသခင်ထာဝရဘုရား မိန့်တော် မူသည်ကား၊ သင်၏ ပဌနာစကားကို ငါကြားပြီ။ သင်၏ မျက်ရည်ကိုလည်း ငါမြင်ပြီ။ သင်၏ အသက်၌ တဆယ် ငါးနှစ်ကို ငါဆက်၍ပေးမည်။ ၆ သင်နှင့်ဤမြို့ကို အာရှုရိရှင်ဘုရင်လက်မှ ငါ ကယ်လွှတ်မည်။ ဤမြို့ကို ငါ ကွယ်ကာစောင့်မမည် အရာကို ပြောလော့ဟု မိန့်တော်မူ၏။**

# ငြိမ်သက်သည်ကဲ့သို့အသက်ရှင်သောမိသားစု

ဤလောကသည် ယုံကြည်သူများအတွက်သော်၎င်း၊ မယုံကြည်သူများအတွက်သော်၎င်း၊ ငြိမ်သည်အနေဖြင့်နေရသောနေရာဖြစ်သည်။ အချိန်တန်လျှင်၊ ယုံကြည်သူများသည် ကောင်းကင်နိုင်ငံတော်သို့၎င်း၊ မယုံကြည်သူများသည် ထာဝရငရဲသို့၎င်း၊ သွားရကြမည်။ ယာယီတဲဖြစ်သော ငါတို့မြေအိမ်သည်ပျက်လျှင်၊ ကောင်းကင်ဘုံ၌ လူလက်ဖြင့်မလုပ်ဘဲ၊ ဘုရားသခင်ဖန်ဆင်းတော်မူသော နိစ္စထာဝရအိမ်ရှိကြောင်းကိုငါတို့သိကြသည်။ ထို့ကြောင့် ယုံကြည်သူများအနေဖြင့်ဤလောကကိုမချစ်သင့်ချေ။ လူ၏အသက်သည် ခဏထင်ရှားပြီးမှကွယ်ပျောက်တတ်သောအခိုးအငွေ့ဖြစ်သောကြောင့် ဤလောကမှထွက်မသွားခင်၊ကောင်းကင်သို့ရောက်မည်လော ကိုယ်ကိုစစ်ဆေး၍၊ သားသမီးကိုလည်းစစ်ဆေးသဖြင့်၊ မိသားစု

အားလုံး ကောင်း ကင်နိုင်ငံတော်သို့ရောက်မည် ကို စိတ်ချမှုရှိဖို့လိုသည်။ ဤလောက ကိုဘုရားသခင်က မီးနှင့်ဖျက်ဆီးဖို့ရာထားကြောင်းလည်းသိရသည်။ လောကကိုချစ်သောသူသည် ဘုရားသခင်ကို ချစ်ခြင်းမေတ္တာမရှိဟုသိရသည်။ ဤလောကကို သုံးသောသူသည် မသုံးသကဲ့သို့ ဖြစ်ရမည်။ အကြောင်းမူကား၊ ဤလောက၏ အဆင်းသဏ္ဌာန်သည်ရွေ့သွားကွယ်ပျောက်တတ်သည်ဟုဆိုသည်။ ထို့ကြောင့် ဘုရားသခင်၏အမြင်ကို လက်ခံဖို့လိုသည်။

**၂ကော၊ ၅း ၁-၄ ယာယီတဲဖြစ်သော ငါတို့မြေအိမ်သည်ပျက်လျှင်၊ ကောင်းကင်ဘုံ၌ လူလက်ဖြင့်မလုပ်ဘဲ၊ ဘုရားသခင် ဖန်ဆင်းတော်မူသော နိစ္စထာဝရအိမ်ရှိကြောင်းကို ငါတို့ သိကြ၏။၂ ငါတို့သည် မြေအိမ်၌ရှိစဉ်တွင်၊ ကောင်းကင်အိမ် ထဲသို့ဝင်စားခြင်းငှါ အလွန်တောင့်တလိုချင်သော စိတ်ရှိ၍၊ ညည်းတွားမြည်တမ်းလျက်၊နေကြ၏။ ၃ ထိုသို့ဝင်စားလျှင်နေရာမဲ့ဖြစ်မည်မဟုတ်။ ၄ဤတဲ၌နေသောငါတို့သည် လေးသောဝန်ကို ထမ်း၍ညည်းတွားမြည်တမ်းကြ၏။ နေရာထဲက ထွက်ချင်သောကြောင့် ညည်းတွားသည်မဟုတ်။ သေတတ်သောအရာကို အသက်ရှင်ခြင်း၌ ဆုံးရှုံးစေခြင်းငှါ၊မြဲသောနေရာထဲသို့ ဝင်စားချင်သောကြောင့် ညည်းတွားကြ၏။**

**ယာကုပ်၊ ၄း ၁၃ ယနေ့ နက်ဖြန် ဤမည်သောမြို့သို့ သွားကြကုန်အံ့။ ထိုမြို့၌ တနှစ်ပတ်လုံးနေ၍ ကုန်သွယ်သဖြင့်အမြတ်ရအောင် ပြုကြကုန်အံ့ဟု ဆိုတတ်သောသူတို့၊ နားထောင်ကြလော့။ ၁၄ နက်ဖြန်နေ့၌အဘယ်သို့ ဖြစ်မည်ကိုသင်တို့ မသိ**

ကြ။ သင်တို့ အသက်သည်အဘယ်သို့သောအရာ ဖြစ်သနည်း။ ခဏထင်ရှားပြီးမှ ကွယ်ပျောက်တတ်သောအခိုးအငွေ့ဖြစ်၏။

၁ယော၊ ၂း၁၅-၁၇လောကကိုရင်း၊ လောက၌ရှိသောအရာတို့ကိုရင်း၊ မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား၊ ခမည်းတော်ကို ချစ်ခြင်းမေတ္တာမရှိ။ ၁၆ လောက၌ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီ စည်းစိမ်၌ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏။ ၁၇ လောကနှင့်လောကီတပ်မက်ခြင်းသည် ရွေ့သွား ကွယ်ပျောက်တတ်၏။ ဘုရားသခင်၏ အလိုတော်နှင့် အညီ ကျင့်သောသူမူကား၊နိစ္စထာဝရတည်၏။

၁ကော၊ ၇း ၂၉-၃၁ ညီအစ်ကိုတို့ ငါဆိုသည်ကား၊ ကျန်ကြွင်းသော ကာလသည် ကျဉ်းကျပ်သည်ဖြစ်၍၊ မယားရှိသော သူသည် မယားမရှိသကဲ့သို့ ဖြစ်ရမည်။ ၃၀ ငိုကြွေးသောသူသည် မငိုကြွေးသကဲ့သို့ ဖြစ်ရမည်။ ဝမ်းမြောက်သောသူသည် ဝမ်းမမြောက်သကဲ့သို့ ဖြစ်ရမည်။ ဥစ္စာဝယ်သောသူသည် အလျှင်းမရှိသကဲ့သို့ ဖြစ်ရမည်။ ၃၁ ဤလောကကို သုံးသောသူသည် မသုံးသကဲ့သို့ ဖြစ်ရမည်။ အကြောင်းမူကား၊ ဤလောက၏ အဆင်း သဏ္ဌာန်သည်ရွေ့သွား ကွယ်ပျောက်တတ်၏။

၂ပေ၊ ၃း ၁၀-၁၃ သူခိုးသည် ညဉ့်အခါလာသကဲ့သို့၊ ထာဝရ ဘုရား၏ နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌ မိုဃ်းကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွ

ပျောက် သွားလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာ ပြုလုပ် သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။ ၁၁ သို့ဖြစ်၍၊ ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သော ကြောင့်၊ ၁၂မိုယ်းကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓာတ်တို့သည် ပူအားကြီးလျက်၊ အရည်ကျိုခြင်းကို ခံရသောနေ့တည်းဟူသော၊ ဘုရားသခင် ၏ နေ့ရောက် လိမ့်မည်ဟုသင်တို့သည် မျှော်လင့်တောင့်တလျက်၊သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့်၊ အဘယ်သို့သောသူ ဖြစ်အပ် ကြသနည်း။ ၁၃ ယခုရှိသမျှသောအရာတို့သည် ပျက်ရသော် လည်း၊ ဖြောင့်မတ်ခြင်းတရားတည်နေရာ မိုယ်းကောင်း ကင်သစ်နှင့် မြေကြီးသစ်ကို ငါတို့သည် ဂတိတော် နှင့်အညီ မျှော်လင့်ကြ၏။

ကောလောသဲ၊ ၃း ၁-၅ အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ ဘုရား သခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေ တော်မူရာအရပ်၌ရှိသော အထက်အရာတို့ကို ရှာကြလော့။၂ မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြလော့။ ၃ အကြောင်းမူကား၊ သင်တို့သည် သေသောသူ ဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရား သခင်၌ ဝှက်ထားလျက်ရှိ၏။ ၄ ငါတို့အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ၊ ငါတို့သည်လည်း ထိုသခင်နှင့် အတူဘုန်းကြီး၍ ထင်ရှားကြလတံ့။ ၅ ထိုကြောင့် မတရားသော မေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာ

**ပူပန်ခြင်း၊ ဆိုးညစ် သော တပ်မက်ခြင်း၊ ရုပ်တုကို ကိုးကွယ်ခြင်းဖြစ်သော လောဘ လွန်ကျူးခြင်းတည်းဟူသော၊ မြေကြီးပေါ်မှာ ရှိသော သင်တို့၏ ကိုယ်အင်္ဂါတို့ကို သေစေကြလော့။**

## ချီဆောင်ခြင်းကိုမျှော်လင့်သောမိသားစု

ယခုကာလသည် နောက်ဆုံးသောကာလဖြစ်သောကြောင့် အသင့်ပြင်ဆင်ထားဖို့ရန်လိုသည်။ မိသားစုအားလုံးကယ်တင်ခြင်းသို့ ရောက်၍၊ ချီဆောင်ခြင်း၌၊ မိသားစုစုံလင်စွာဖြင့်ပါဖို့ရန်လိုသည်။ ချီဆောင်ခြင်း၌မပါဘဲ၊ ကျန်ခဲ့လျှင်၊ ဘေးဒဏ်ကြီးကာလထဲသို့ဝင်သွားမည်ဖြစ်သည်။ ချီဆောင်ခြင်းသည် ဘယ်နှစ်၊ ဘယ်လ၊ ဘယ်နေ့ ဘယ်အချိန်၌ဖြစ်မည်ကို မည်သူမျှမသိသော ကြောင့်ပြင်ဆင်လျက်နေဖို့ရန်လိုသည်။ အဘယ်ကြောင့်ဆိုသော်၊ အကျွန်ုပ်တို့မထင်မမှတ်သော အချိန်နာရီ၌ လူသားသည်ကြွလာမည်ဖြစ်သည်။

**မဿဲ၊ ၂၄း ၃၆ ထိုအချိန်နာရီကိုကား အဘယ်သူမျှမသိ။ကောင်းကင်တမန်မသိ။ ငါ့ခမည်းတော်တပါးတည်းသာ သိ တော်မူ၏။**

**မဿဲ၊ ၂၄း ၄၄ ထိုကြောင့် သင်တို့သည်ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား၊ သင်တို့ မထင်မမှတ်သော အချိန်နာရီ၌ လူသားသည်ကြွလာလိမ့်မည်။**

**မာကု၊ ၁၃း ၃၅ အိမ်ရှင်သည် ညဦးအချိန်၊သန်းခေါင်အချိန်၊ကြက်ဦးတွန်**

ချိန်၊ နံနက်အချိန်တို့တွင် အဘယ်အချိန်၌လာမည်ကို သင်တို့မသိသောကြောင့် စောင့်နေကြလော့။

၁သက်၊ ၅း ၁-၄ ညီအစ်ကိုတို့၊ ကပ်ကာလအချိန်များကို သင်တို့အား ရေး၍ပေးလိုက်စရာအကြောင်းမရှိ။၂အဘယ်ကြောင့်နည်းဟူမူကား၊သူခိုးသည် ညဉ့်အခါလာသကဲ့သို့၊ သခင်ဘုရား၏ နေ့ရက်သည် လာလိမ့်မည်ကို သင်တို့သည် သေချာစွာသိကြ၏။ ၃ ငြိမ်ဝပ်ခြင်းရှိ၏၊ ဘေးအန္တရာယ်နှင့် ကင်းလွတ်၏ဟု ဆိုစဉ်တွင်၊ ကိုယ်ဝန်ဆောင်သော မိန်းမ၌သားဘွားခြင်းဝေဒနာ ရောက်သကဲ့သို့၊ သူတို့အပေါ်၌ လျင်မြန်စွာသော ပျက်စီးခြင်းရောက်၍ လွတ်ခြင်းအခွင့် မရှိရကြ။ ၄ သို့သော်လည်း၊ ညီအစ်ကိုတို့၊ထိုနေ့ရက်သည်သူခိုးကဲ့သို့ သင်တို့အပေါ်သို့ ရောက်လာမည် အကြောင်း၊သင်တို့သည် မှောင်မိုက်၌နေကြသည်မဟုတ်။

၁သက်၊ ၄း ၁၃-၁၇ ညီအစ်ကိုတို့၊ မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့၊ သင်တို့သည်ဝမ်းမနည်းမည်အကြောင်း၊ အိပ်ပျော်သော သူတို့၏ အမှုအရာကို မသိဘဲနေစေခြင်းငှါ ငါတို့အလိုမရှိ၊ ၁၄ ယေရှုသည် သေပြီးမှ တဖန်ထမြောက်တော်မူသည်ကို ငါတို့သည် ယုံလျှင်၊ ထိုနည်းတူ ယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း၊ ထိုသခင်နှင့်အတူ ဘုရားသခင် ပို့ဆောင်တော်မူလိမ့်မည်။ ၁၅ သခင်ဘုရား၏ ဗျာဒိတ်တော်အားဖြင့် တဖန် ငါတို့ဆိုသည်ကား၊ သခင်ဘုရားကြွလာတော်မူသော အခါ၊ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အိပ်ပျော်ပြီးသော သူတို့၏ အရင်အဦးနေရာ ကျရကြ မည်မဟုတ်။ ၁၆ သခင်ဘုရားသည်

ကြွေးကြော်ခြင်း၊ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုင်တိုင် ဆင်းသက်တော်မူ၍၊ ခရစ်တော်၌ သေလွန်သောသူတို့သည် အဦးထမြောက်ကြ လိမ့်မည်။ ၁၇ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည်အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှါ၊ ထိုသူတို့နှင့်တကွမိုဃ်းတိမ်ပေါ်သို့ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့် အတူ အစဉ်မပြတ် နေရကြလိမ့်မည်။

၁ကော၊ ၁၅း ၅၁-၅၇ နက်နဲသော အရာတခုကိုငါပြဦးမည်။ ငါတို့ ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။၅၂ သို့သော်လည်း၊ နောက်ဆုံးသော တံပိုးမှုတ်သောအခါ၊တခဏခြင်းတွင် မျက်စိတမှိတ်၌ ငါတို့ရှိသမျှ သည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊ သေလွန်သောသူတို့သည်၊ မပုပ်နိုင် သောအဖြစ်၌ တည်လျက်ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ၅၃ ယခုမျက်မှောက်ပုပ်တတ်သော အရာသည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက် သေတတ်သော အရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။ ၅၄ ဤပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ရင်း၊ ဤသေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ရင်း၊ ဝင်စားသောအခါ၊သေခြင်းသည် အောင်ခြင်း၌နစ်မြုပ်ပြီဟု ကျမ်းစာ၌လာချက်ပြည့် စုံလိမ့်မည်။ ၅၅ အိုသေမင်း၊ သင်၏လက်နက်သည်၊ အဘယ်မှာ ရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း။ ၅၆ သေမင်း၏လက်နက်

**ကား၊ ဒုစရိုက်အပြစ်ပေတည်း။ ဒုစရိုက်အပြစ်၏ တန်ခိုးကား၊ ပညတ်တရား ပေတည်း။ ၅၇ ငါတို့သခင် ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွာတကား။**

# ဝိညာဉ်သဘောရှိသော မိသားစု

ဝိညာဉ်သဘောရှိဖို့ရန် ခရစ်တော်၌တည်ဖို့လိုသည်။ ခရစ်တော်၌တည်ခြင်းသည်ခရစ်တော်၏အထဲ၌ရှိခြင်းကို ဆိုလိုသည်။ ခရစ်တော်အထဲ၌ရှိနေမှသာလျှင် ခရစ်တော်ကပြုပြင်မည်ဖြစ်သည်။ ခရစ်တော်၏ပြုပြင်ခြင်းကို ခံသောသူများသည် ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်၍၊ အပြစ်စီရင်ခြင်းမှလွတ်ကြောင်းတွေ့ရသည်။ ဇာတိပကတိစိတ် သဘောသည် သေခြင်းအကြောင်းဖြစ်၍၊ ဝိညာဉ်ပကတိ စိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းဖြစ်သည်။ ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်ဟုသိရသည်။ ထို့ကြောင့် အိမ်ထောင်မိသားစု၌၊ ဇာတိစိတ်ကိုဖယ်ရှား၍၊ ဝိညာဉ်ပကတိ စိတ်သဘောကိုသာရှိဖို့ရန်လိုအပ်သည်။ သားသမီးများကိုလည်းဝိညာဉ်သဘောရှိလာဖို့ရန် ကျမ်းစာကိုနေ့တိုင်းသင်ပေးဖို့လိုသည်။ မည်သည့်အမှုများကိုမဆို ဝိညာဉ်မျက်စိနဲ့သာမြင်၍၊ စီရင်ဆုံးဖြတ်ဖို့ရန်လိုသည်။

**ရောမ၊ ၈း၁-၁၁ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍၊ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ် ပကတိအတိုင်း ကျင့်သောသူ**

တို့သည် အပြစ်စီရင်ခြင်း နှင့် လွတ်ကြ၏။ ၂ ယေခရစ်၌တည်၍ အသက်ရှင်စေသော ဝိညာဉ်တော်၏တရားသည် အပြစ်တရား၏ လက်မှရင်း၊ သေခြင်းတရား၏လက်မှရင်း၊ ငါ့ကိုကယ်လွှတ်ပြီ။ ၃ဇာတိပကတိကြောင့် ပညတ်တရားသည် အားနည်း၍ မတတ်နိုင်သောအမှုကိုဘုရားသခင်ပြု တော်မူခြင်းငှါ၊ အပြစ်နှင့်ပြည့်စုံသော ဇာတိပကတိ၏ သဏ္ဌာန်ကို ဆောင်သော မိမိသားတော်ကို စေလွှတ် တော်မူ၍၊ အပြစ်ဖြေဘို့ရာဇာတိပကတိ၌အပြစ်ကို ဒဏ်ပေးတော်မူ၏။ ၄ အကြောင်းမူကား၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောငါတို့သည်၊ တရား၌ ပါသောပညတ်တို့ကို စောင့်ရှောက်မည်အကြောင်းတည်း။ ၅ ဇာတိပကတိရှိသောသူတို့သည် ဇာတိပကတိ နှင့် စပ်ဆိုင်သော အရာတို့ကိုစွဲလမ်းသော စိတ်သဘော ရှိကြ၏။ဝိညာဉ်ပကတိရှိသော သူတို့မူကား၊ဝိညာဉ် ပကတိနှင့်စပ်ဆိုင်သောအရာတို့ကို စွဲလမ်းသော စိတ်သဘောရှိကြ၏။ ၆ ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်၏။ ၇ အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏တရားတော်အလို သို့မလိုက်တတ်။ထိုမျှမကမလိုက်နိုင်။ ၈ ထိုကြောင့် ဇာတိပကတိ၌ ကျင်လည်သော သူတို့သည် ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်ကြ။ ၉ သို့သော်လည်း ဘုရားသခင် ဝိညာဉ်တော်သည် သင်တို့အထဲ၌ကျိန်းဝပ်တော်မူလျှင်၊သင်တို့သည် ဇာတိပကတိဘက်၌ရှိကြသည်မဟုတ်။ ဝိညာဉ်ပကတိဘက်၌ ရှိကြ၏။

ခရစ်တော်၏ဝိညာဉ်ကိုမရသော သူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။ ၁၀
ခရစ်တော်သည် သင်တို့အထဲ၌ရှိတော်မူလျှင်၊ ကိုယ်ကာယသည် အပြစ်ကြောင့်
အသေဖြစ်သော်လည်း ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်
ရှိ၏။၁၁ ထိုမျှမက၊ ယေရှုကိုသေခြင်းမှထမြောက်စေတော်မူသော ဘုရား၏ဝိညာဉ်
တော်သည် သင်တို့ အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ
ထမြောက်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ ကျိန်းဝတ်သောမိမိဝိညာဉ်
တော်အားဖြင့်၊ သေတတ်သော သင်တို့၏ ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်။

ဂလာတိ၊ ၅း၁၉-၂၆ ဇာတိပကတိအကျင့်တို့သည်ထင်ရှားကြ၏။ ထိုအကျ
င့်တို့ မူကား၊ သူ့မယားကိုပြစ်မှားခြင်း၊ မတရား သောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာ
ကျင့်ခြင်း၊ ကိလေသာ လွန်ကျူးခြင်း၊ ၂၀ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတပါးကိုပြုစား
ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဝဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊
အချင်းချင်း ကွဲပြားခြင်း၊ သင်းခွဲခြင်း၊ ၂၁ သူ့အကျိုးကိုငြူစူခြင်း၊ လူအသက်ကို
သတ်ခြင်း၊ ယစ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သော အကျင့်ပေ
တည်း။ ထိုသို့သော အကျင့်ကို ကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို
အမွေ မခံကြရဟု အထက်ကငါပြောနှင့်ခဲ့ပြီးသည်အတိုင်း ယခုပင်လည်း ငါပြောနှ
င့်၏။ ၂၂ ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်
ခြင်း၊စိတ်ရှည်ခြင်း၊ ကျေးဇူး ပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊
၂၃ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကို

**အဘယ်တရားမျှ မမြစ်တား။ ၂၄ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုရင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများ ကိုရင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ ၂၅ သို့ဖြစ်၍ ငါတို့သည်ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြကုန်အံ့။ ၂၆ အချည်းနှီးသော ကျော်စောကီတ္တိကို တပ်မက်ခြင်း၊ အချင်းချင်းချုပ်ချယ်နှောင့်ရှက်ခြင်း၊ အချင်းချင်း ငြူစူခြင်းတို့ကို ရှောင်၍နေကြကုန်အံ့။**

# ဆယ်ဘို့တဘို့ကိုမှန်မှန်ပေးသော မိသားစု

ဆယ်ဘို့ထဲတဘို့သည် ဘုရားသခင်ကငါ့ဥစ္စာဟုဆိုသည်။ ထို့ကြောင့် ဆယ်ဘို့တဘို့ကိုမှန်မှန်ပေးဖို့ရန်ဖြစ်သည်။ အချို့သော မိသားစုများသည် ဆယ်ဘို့တဘို့ကိုပေးဖို့ရန်နှမြော၍ မပေးသောသူများလည်းရှိကြသည်။ ဆယ်ဘို့တဘို့ပေးခြင်းဖြင့်မဆင်းရဲပါ။ ဆယ်ဘို့တဘို့ မပေးသော မိသားစုများသည် သူခိုးမိသားစုဟုဆိုနိုင်သည်။ ထိုသို့သော မိသားစုသည် ကောင်းကြီးမခံစားဘဲ၊ကျိန်ခြင်းအမင်္ဂလာကို ခံရကြမည်ဟုတွေ့ရသည်။ ထို့ကြောင့် ဆယ်ဘို့တဘို့ကိုမှန်မှန်ပေးသော မိသားစုဖြစ်ဖို့လိုသည်။ သားသမီးများကိုလည်း သင်ပေးဖို့ရန်လိုသည်။

**မာလခိ၊ ၃း ၇-၁၂ ဘိုးဘေးတို့ လက်ထက်မှစ၍ သင်တို့သည် ငါစီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်၊ တိမ်းရှောင်ကြပြီ။ ငါထံသို့ပြန်လာကြလော့။ ငါသည်လည်း သင်တို့ဆီသို့ ပြန်လာ မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့် တော်**

မူ၏။ အကျွန်ုပ်တို့သည် အဘယ်သို့ ပြန်လာရပါ မည်နည်းဟု သင်တို့ မေးကြသည်
တကား။ ဧလူသည် ဘုရားသခင်၏ဥစ္စာတော်ကို လုယူရ မည်လော။ သို့သော်လည်း၊
သင်တို့သည် ငါ့ဥစ္စာကို လုယူ ကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့ လုယူပါသနည်း
ဟု သင်တို့မေးလျှင်၊ ဆယ်ဘို့တဘို့ကိုရင်း၊ ပူဇော်သက္ကာတို့ ကိုရင်း လုယူကြပြီ။ ၉
သင်တို့သည် ကျိန်ခြင်းအမင်္ဂလာကို ခံရကြ၏။ အကြောင်းမူကား၊ ပြည်သူပြည်သား
အပေါင်းတို့သည် ငါ့ ဥစ္စာကို လုယူကြပြီ။ ၁၀ ဆယ်ဘို့တဘို့ရှိသမျှကို ဘဏ္ဍာတိုက်
ထဲသို့ သွင်း ၍၊ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှါ ပြုကြလော့။ ငါသည် မိုဃ်း
ကောင်းကင်ပြတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင်
သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့ဟု ကောင်း ကင်
ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။၁၁ ကိုက်စားတတ်သော အကောင်ကို
သင်တို့ အတွက် ငါဆုံးမ၍၊ သင်တို့၏ မြေအသီးအနှံကို မဖျက်ဆီး ရ။ သင်တို့၏စ
ပျစ်ဥယျာဉ်သည် အသီးမသီးဘဲ မနေရဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား
မိန့်တော်မူ၏။၁၂ လူမျိုးအပေါင်းတို့သည် သင်တို့ကို မင်္ဂလာရှိ သောသူဟူ၍ခေါ်ဝေါ်
ကြလိမ့်မည်။ သင်တို့ ပြည်သည် လည်းနှစ်သက်ဘွယ်သော ပြည်ဖြစ်လိမ့်မည်ဟု
ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။

တမန်တော်၊ ၅း ၁-၁၁သို့ရာတွင်အာနနိနှင့်ရှိဖိရေအမည်ရှိသော လင်မယား
နှစ်ယောက်တို့မူကား၊ ဥစ္စာတစုံတခုကို ရောင်း ပြီးလျှင်၊ ၂ ထိုသူသည် မိမိခင်ပွန်းနှင့်
သဘောတူလျက်၊အဘိုးတဘို့ကို ထိမ်ဝှက်သဖြင့်၊တဘို့ကိုသာယူဆောင်ခဲ့၍ တမန်

တော်တို့၏ ခြေရင်း၌ ထားလေ၏။ ၃ ပေတရုကလည်း၊ အာနနိ၊ သင်သည်သန့် ရှင်း သော ဝိညာဉ် တော်ကို လှည့်စား၍၊မြေကိုရောင်းသော အဘိုး၏တဘို့ကို ထိမ်ဝှက်မည် အကြောင်း၊စာတန်သည် သင်၏စိတ်နှလုံးကို အဘယ်ကြောင့် ပြည့်စေ ရသနည်း။ ၄ ထိုမြေရှိစဉ်တွင် ကိုယ်ပိုင်သည် မဟုတ်လော။ ရောင်း၍ရသော အဘိုး သည် ကိုယ်ဥစ္စာဖြစ်သည် မဟုတ်လော။ အဘယ်ကြောင့် ဤသို့ကြံ စည်သနည်း။ လူ ကိုသာ မုသာပြောပြီမဟုတ်၊ ဘုရားသခင်ကိုလည်း မုသာပြောပြီဟု ပေတရုဆို၏။ ၅ထိုစကားကိုကြားလျှင်၊ အာနနိသည်လဲ၍ သေ၏။ ထိုအကြောင်းအရာကို ကြား သောသူအပေါင်း တို့သည် အလွန်ကြောက်လန့်ခြင်း သို့ရောက်ကြ၏။ ၆ လုလင် တို့သည်လည်းထ၍ အလောင်းကောင် ကို အဝတ်နှင့် ပတ်ရစ်ပြီးလျှင် ဆောင်သွား၍ သင်္ဂြိုဟ်ကြ၏။ ၇ထိုနောက်သုံးနာရီခန့်လောက်ကြာလျှင်၊ သူ၏ ခင်ပွန်းသည် ဖြစ်ခဲ့ပြီးသော အမှုအရာကို မသိဘဲလျက် ဝင်လာ၏။ ၈ ပေတရုက လည်း၊ ဤမျှလောက်နှင့်မြေကိုရောင်းသလော၊ ငါ့အားပြောလောဟုမေးလျှင်၊ ထို မိန်းမက၊ ဟုတ်ပါ၏။ ဤမျှလောက်နှင့်ပင် ရောင်းပါသည်ဟုဆို၏။ ၉ ပေတရုက လည်း၊ ထာဝရဘုရား၏ ဝိညာဉ် တော်ကို စုံစမ်းမည်ဟု သဘောတူနှင့် အဘယ်ကြော င့် ကြံစည်ကြသနည်း။ ကြည့်ရှုလော့။သင်၏ ခင်ပွန်းကို သင်္ဂြိုဟ်သော သူ တို့၏ခြေသည်တံခါးနားမှာ ရှိသည် ဖြစ်၍၊ သင့်ကိုလည်းဆောင်သွားလေဦးမည်ဟု ဆိုသော ခဏခြင်းတွင်၊ ၁၀ ထိုမိန်းမသည် ပေတရု၏ ခြေရင်း၌ လဲ၍ သေလေ၏။ လုလင်တို့ သည်လည်းဝင်၍ ထိုမိန်းမသေ သည်ကိုတွေ့လျှင်၊ဆောင်သွား၍သူ၏

ခင်ပွန်းအနားမှာ သင်္ဂြိုဟ်ကြ၏။ ၁၁ သင်းဝင်သူအပေါင်းမှစ၍ ထိုအကြောင်းအရာကို ကြားရသော သူအပေါင်းတို့သည် အလွန်ကြောက် လန့်ခြင်းသို့ ရောက်ကြ၏။

ရောမ၊ ၁၄း၇-၈ငါတို့တွင် အဘယ်သူမျှကိုယ်အဘို့အလို့ငှါ အသက်မရှင်။ အဘယ်သူမျှကိုယ်အဘို့အလို့ငှါမသေ။ ၈အသက်ရှင်လျှင်၊ သခင်ဘုရားအဘို့ အလိုငှါ ရှင်၏။ သေလျှင်လည်း၊ သခင်ဘုရား အဘို့အလိုငှါ သေ၏။ ထိုကြောင့်အသင်ရှင်သည်ဖြစ်စေ၊ သေသည် ဖြစ်စေ၊ သခင်ဘုရားဆိုင်တော်မူ၏။

# သမ္မာတရားမျိုးစေ့ကိုကြဲသောမိသားစု

၁ကော၊ ၃း၆-၈ ငါသည်စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည် ရေလောင်းသော သူဖြစ်၏။ အပင်ကိုကြီးပွါးစေသော သူကား၊ ဘုရားသခင်ပေတည်း။ ၆ စိုက်ပျိုးသောသူမတတ်နိုင်။ ရေလောင်းသော သူလည်း မတတ်နိုင်။ ကြီးပွါးစေတော်မူသော ဘုရား သခင်သာလျှင် တတ်နိုင်တော်မူ၏။ ၈သို့သော်လည်း၊ စိုက်ပျိုးသောသူနှင့် ရေလောင်း သောသူသည် တလုံးတဝတည်းဖြစ်၍၊ အသီးအသီး မိမိ လုပ်သည်အတိုင်း မိမိအကျိုးကို ခံရလိမ့်မည်။

၁တိ၊၄း၂-၄ နှုတ်ကပတ်တရားတော်ကို ပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။ ၃ အကြောင်းမူကား၊ နောင်ကာလ၌လူတို့သည် စင်ကြယ်သော ဩဝါဒကိုနားမခံနိုင်

ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့ နောက်သို့ လိုက်ကြလိမ့်မည်။ ၄ သမ္မာတရားကို နားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်။

ဆာလံ၊ ၁၁၈း၁၇ ငါမသေရသေး။ အသက်ရှင်၍ ထာဝရဘုရား ၏ အမှု တော်တို့ကို ကြားပြောရဦးမည်။

ဆာလံ၊ ၁၂၆း၅-၆ မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူတို့သည် ရွှင်လန်း လျက် စပါးရိတ်ကြလိမ့်မည်။ ၆ မျက်ရည်ကျလျက် ကြဲရန် မျိုးစေ့ကို ဆောင်၍ ထွက် သွားသော သူသည်၊ ကောက်လှိုင်းများကိုဆောင်လျက် ရွှင်လန်းသောစိတ်နှင့် အမှန် ပြန်လာလိမ့်မည်။

ဟေရှာယ၊ ၅၅း၁၀-၁၁ မိုဃ်းရေနှင့် မိုဃ်းပွင့်တို့သည် မိုဃ်းကောင်းကင် မှ ဆင်းသက်၍ နောက်တဖန်မပြန်၊ မြေသည် မျိုးစေ့ကြဲ သောသူအား မျိုးစေ့ ကိုရင်း၊အစာစားသောသူအား အစာကိုရင်းပေးမည်အကြောင်း၊မြေကို စိုစေသဖြင့်၊ အပင်ပေါက်စေ၍၊ အသီးကို သီးစေသကဲ့သို့၊ ၁၁ထိုအတူ ငါ၏နှုတ်ကပတ်စကား သည် ဖြစ်လိမ့် မည်။ အကျိုးမရှိဘဲငါ့ထံသို့ မပြန်ရ။ငါ့အလိုကို ပြည့်စုံစေမည်။ ငါ စေခိုင်းသော အမှု၌ အောင်လိမ့်မည်။

# မျိုးစေ့ကိုကြဲတတ်သောမိသားစု

အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရ

မည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြလော့ဟုသိရသည်။ ထို့ကြောင့် ဘုရားသခင်၏နိုင်ငံတော် ကျယ်ပြန့်ဖို့ရန် များများကြဲသောသူသည် များများရိတ်ရမည်ဖြစ်သည်။နည်းနည်းကြဲသောသူသည် နည်းနည်းတဲ ရိတ်ရမည်ဖြစ်သည်။ ထိုသို့ကြဲသော အခါ နှမြောသောစိတ်နှင့် မကြဲရ၊ စေတနာစိတ်နှင့်စွန့်ကြဲသောသူမှ သာလျှင် ဘုရားသခင်ကလက်ခံသည်။ ထို့ကြောင့် မိသားစုအားလုံး သည် ဘုရားသခင်ကို စွန့်ကြဲတတ်သောသူများဖြစ်ဖို့ရန်လိုသည်။ သားသမီးများကိုလည်း သင်ပေးဖို့လိုသည်။မျိုးစေ့ကြဲသည့် အတိုင်းရိတ်ရလိမ့်မည်။

**၂ကော၊ ၉း ၈-၁၀ အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြလော့။ ၇လူတိုင်း ကိုယ်အလိုအလျှောက်လှူရ၏။ နှမြောသောစိတ်နှင့် မလှူရ၊ မလှူဘဲမနေရဟု စိတ်ထင်နှင့် မလှူရ၊ အကြောင်းမူကား၊ စေတနာစိတ်နှင့်လှူသော သူကိုသာဘုရားသခင်နှစ်သက်တော်မူ၏။ ၈ကျမ်းစာလာသည်ကား၊ သူသည်စွန့်ကြဲပြီ၊ ဆင်းရဲသောသူတို့အား ပေးကမ်းပြီ။ ၉ သူ၏ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲတည်တတ်၏ဟုလာသည်နှင့်အညီ၊ သင်တို့သည်အရာရာ၌ သုံးလောက်သောဥစ္စာအမျိုးမျိုးနှင့် အစဉ်ရှိ၍၊ ကောင်းသော အကျင့်အမျိုးမျိုးနှင့်ထူးသဖြင့်ပြည့်စုံမည်အကြောင်း၊အမျိုးစုံသောမင်္ဂလာကျေးဇူးနှင့် အထူးသဖြင့် ပြည့်စုံစေခြင်းငှါဘုရားသခင်တတ်နိုင်တော်မူ၏။ ၁၀ မျိုးစေ့ကြဲသော သူအားမျိုးစေ့ကိုရင်း၊ အစာအဟာရကိုရင်း၊ ပေးတော်မူသောသူသည်၊ သင်တို့အား မျိုးစေ့ကိုပေး၍ ပွါးများစေ**

တော်မူမည်။ သင်တို့၏ဖြောင့်မတ်ခြင်းကိုလည်းကြွယ်ဝစေတော်မူမည်။

ဂလာတိ၊ ၆း၇-၉အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကို ခံတော်မမူ။ လူသည်မျိုးစေ့ကြဲသည် အတိုင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူသည် ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကိုရိတ်ရလိမ့် မည်။ ဝိညာဉ်ပကတိ၌ မျိုးစေ့ကြဲသောသူသည် ဝိညာဉ်ပကတိအားဖြင့် ထာဝရအသက်ရှင်ခြင်း အသီးအနှံကိုရိတ်ရလိမ့်မည်။ ၉ ငါတို့သည်အားမလျော့၊ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည်။ ၁၀ထိုကြောင့်ငါတို့သည် အဆင်သင့်သည်အတိုင်းယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။

သုတ္တံ၊ ၃း ၉ သင်သည်ကိုယ်ဥစ္စာနှင့် အဦးသီးသော အသီး အနှံရှိသမျှကို ထာဝရဘုရားအား ပူဇော်လော့။ ၁၀ သို့ပြုလျှင်၊ သင်၏စပါးကျီတို့သည် ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာ တန်ဆာတို့ကို အသစ်သော စပျစ်ရည် လျှံလိမ့်မည်။ ၁၁ ငါ့သား၊ ထာဝရဘုရားဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။ သင်၏အပြစ်ကို စစ်ဆေးတော်မူသော အခါ စိတ်မပျက်စေနှင့်။

သုတ္တံ၊ ၂၈း ၂၇ ဆင်းရဲသားတို့အား စွန့်ကြဲသောသူသည် ကိုယ် တိုင်မဆင်းရဲရာ။ လွှဲရှောင်သောသူမူကား၊ များစွာသော ကျိန်ဆဲခြင်းကို ခံရလိမ့်မည်။

သုတ္တံ၊ ၁၁း ၂၅ စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။ သူတပါး

ကို ရေလောင်းသော သူသည် ကိုယ်တိုင် ရေလောင်းခြင်း အကျိုး ကို ခံရလိမ့်မည်။

မဿဲ၊ ၅း၇ သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ထိုသူတို့သည် သနားစုံမက်ခြင်းကို ခံကြလတံ့။

တရားဟောရာကျမ်း၊ ၁၅း ၇ သင်၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူ သောပြည်တွင်၊ မြို့တစုံတမြို့၌ဆင်းရဲသော ညီအစ်ကို ချင်း ရှိလျှင်၊ထိုဆင်းရဲသောညီအစ်ကို၌ သင်သည် သနားသောစိတ်ကို မချုပ်တည်းရ။ လက်ကိုလည်းမပိတ်ရ။ ၈ သင်၏လက်ကို သူ့အဘို့ ကျယ်ကျယ်ဖွင့်၍၊ သူ၏ ဆင်းရဲ ပျောက်လောက်အောင် ချေးငှားရမည်။ ၉ သင့်စိတ်နှလုံး၌ ဆိုးညစ်သော သဘောရှိ၍၊ သတ္တမနှစ်တည်းဟူသော လွှတ်ရာနှစ်နီးပြီဟု အောက်မေ့ လျက်၊ ထိုဆင်းရဲသော ညီအစ်ကိုကို မနာလိုသောစိတ်ရှိ ၍၊ ဘာမျှမပေးဘဲနေလျှင် သူသည် ထာဝရဘုရားအား အော်ဟစ်သဖြင့်၊ သင်၌ အပြစ်မရောက်မည် အကြောင်း သတိပြုလော့။ ၁၀ အကယ်စင်စစ်သူ့အားပေးရမည်။ ပေးသော အခါ နှမြောသောစိတ်မရှိရ။ အကြောင်းမူကား၊ ထိုဒါနကြောင့် သင်၏ဘုရားသခင် ထာဝရဘုရားသည်၊ သင်ပြု လေရာရာ၊ လုပ်ဆောင်လေရာရာ၌ ကောင်းကြီးပေးတော်မူ မည်။ ၁၁ သင့်နေရာပြည်၌ ဆင်းရဲသားမပြတ်ရ။ ထို့ကြောင့်၊ သင့်ပြည်၌ ဆင်းရဲငတ်မွတ်သော ညီအစ်ကိုချင်းတို့အား သင်၏လက်ကို ကျယ်ကျယ်ဖွင့်ရမည်အကြောင်း ငါမှာ ထား၏။

သုတ္တံ၊ ၁၉း ၁၇ ဆင်းရဲသားကို သနားသောသူသည် ထာဝရ ဘုရားအား ချေးငှါးသောသူဖြစ်၍၊ သူပြုသောအမှု၏ အကျိုးကိုဆပ်ပေးတော်မူလိမ့် မည်။

# ဝတ်ပြုကိုးကွယ်ခြင်းရှိသောမိသားစု

ကိုးကွယ်ခြင်းသည် မိသားစုမှအစပြုဖို့ရန်ဖြစ်သည်။ မိဘနှစ်ပါးမှ ဦးဆောင်၍၊ သားသမီးများနှင့်အတူ ဘုရားသခင်ကို ကိုးကွယ်ကြဖို့ရန်လိုအပ်သည်။

ဘုရားသခင်အသက်ရှင်ကြောင်းနှင့်၊ကိုးကွယ်ဖို့ရန်ထိုက်တန်သော ဘုရားဖြစ်ကြောင်း သားသမီးများအား သေချာစွာရှင်းပြ၍၊ သွန်သင်ဖို့ရန်လိုအပ်သည်။ သားသမီးများငယ်စဥ်တွင်ပင် အသက်ရှင်သော ဘုရားနှင့် မမိတ်ဆက်ပေးလျှင်၊ သားသမီးများကြီးလာသောအခါ၊ ဘုရားသခင်ကို မေ့လျော့၍၊ ဘုရားသခင်ကိုမည်ကဲ့သို့ ကိုးကွယ်ရမည်ကို သိကြမည်မဟုတ်၊ မိဘတိုင်းက ကျမ်းစာမဖတ်၊ ဆုမတောင်း၊ ဘုရားသခင်ကိုမသိ၊ ဦးစားမပေး ၊ ဘုရားသခင်ကိုမကြောက်မရွံ့၊ ဘု ရားသခင်ကို မကိုးကွယ်ဘဲ နေလျှင်၊ မည်ကဲ့သို့သားသမီးများက ဘုရားကိုသိနိုင်ကြမည်နည်း၊ မိဘနှစ်ပါးသည်သားသမီးများအတွက် ပုံသက်သေကောင်းကိုပြသ၍၊ မိမိမိသားစု၌ ဘုရားကိုးကွယ်သောသူများဖြစ်ဖို့ရန်လိုသည်။ကိုးကွယ်ခြင်းနှင့်ပတ်သက်၍၊ ယောရှုက ငါနှင့် ငါ့အိမ်သားဖြစ် လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုရမည်ဟု ဆိုသကဲ့သို့ အကျွန်ုပ်တို့မိသားစုသည်လည်းဆုံးဖြတ်ချက်ချ၍၊ ထာဝရဘုရားကိုသာ ကိုးကွယ်ဖို့လိုသည်။

**ယောရှု၊ ၂၄း ၁၄-၁၆ ယခုမှာ ထာဝရဘုရားကို ကြောက်ရွံ့၍ ကြည်ဖြူခြင်း၊ သစ္စာစောင့်ခြင်းနှင့်တကွ ဝတ်ပြုကြလော့။ မြစ်ကြီး တဘက်၌ရင်း၊ အဲဂုတ္တုပြည်၌ရင်း၊ ဘိုးဘေးတို့ဝတ်ပြု သော ဘုရားများကို ပယ်၍ ထာဝရဘုရားကိုသာ**

**ဝတ်ပြု ကြလော့။ ၁၅ သို့မဟုတ် ထာဝရဘုရားအား ဝတ်မပြုကောင်း ဟု သင်တို့ထင် လျှင်၊ မြစ်ကြီးတဘက်၌ ဘိုးဘေးတို့ဝတ်ပြု သောဘုရား၊ သင်တို့နေရာ အာမောရိ ပြည်သားတို့၏ ဘုရားများတွင်၊ အဘယ်မည်သော ဘုရားတို့အား ဝတ်ပြု မည်အရာ ကိုယနေ့ ရွေးကြလော့။ ငါနှင့် ငါ့အိမ်သားဖြစ် လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည် ဟု ဆိုလေသော်၊ ၁၆ လူများတို့က အခြားတပါးသောဘုရားတို့ကို ဝတ်ပြုခြင်းငှါ ထာဝရဘုရားကို စွန့်သောအမှုသည် အကျွန်ုပ်တို့နှင့် ဝေးပါစေသော။**

ဘုရားသခင်ကိုကိုးကွယ်သောအခါ၊ မည်ကဲ့သို့ကိုးကွယ်ရမည်နည်း၊ ကြောက်ရွံ့သောစိတ်နှင့် ကိုးကွယ်ရမည်။ ယခုအချိန်၌၊ ကိုးကွယ်ခြင်းကို ပေါ့ဆလာကြသည်။ ဘုရားသခင်ကိုကြောက်ရွံ့သော စိတ်နှင့်မကိုးကွယ်ကြတော့ချေ။ ဘုရားကျောင်း၌လည်းအချင်းချင်းစကားပြောခြင်း၊ ဖုန်းများကိုခဏခဏကြည့်ခြင်း၊ မက်ဆေ့များပို့ခြင်းဖြင့်၊ တရားမနာဘဲ၊ အလုပ်ရှုပ်နေကြသည်။ ထို့သို့မရှိလေအောင် မိသားစုမှစ၍သင်ယူဖို့လိုသည်။ ဘုရားသခင်ကို ကိုးကွယ်သောအခါ၊ မည်သည့် နှလုံးသားနှင့်ကိုးကွယ်ရမည်နည်း၊ ကြည်ဖြူခြင်း၊ သစ္စာစောင့်ခြင်းနှင့် ဝတ်ပြု ကိုးကွယ်ရမည်။ ဘုရားသခင်ကို ကိုးကွယ်သောအခါ၊ မည်သည့်အရာအားဖြင့် ကိုးကွယ်ရမည်နည်း၊ အကျင့်အားဖြင့်သော်ငင်း၊ ကောင်းမှုကုသိုလ်အားဖြင့် သော်ငင်း၊ ပေးကမ်းခြင်းအားဖြင့်သော်ငင်း၊ ပညတ်တရားအားဖြင့်သော်ငင်း၊ ကိုးကွယ်ရမည်လော။ ထိုသို့သောအားဖြင့်မကိုးကွယ်ရ၊ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်သောကြောင့် နံဝိညာဉ်အားဖြင့်သာ ကိုးကွယ်ရမည်။

**ယောဟန်၊ ၄း ၂၄ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်၊ နံဝိညာဉ်နှင့် ရင်း၊ သစ္စာနှင့်ရင်း ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။**

ဘုရားသခင်သည် နံဝိညာဉ်ဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ကိုးကွယ်သောသူမှန်သမျှတို့သည်၊ နံဝိညာဉ်နှင့်ရင်း၊ သစ္စာတည်းဟူသော သမ္မာတရားနှင့်ရင်း၊ ကိုးကွယ်ရမည်ဟုဆိုသည်။ ယခုဘုရားသခင်ကို ကိုးကွယ်ကြသောအခါ၊ မိမိစိတ်တိုင်းကျကိုးကွယ်ကြသည်။ အမျိုးမျိုးဖြင့်ကိုးကွယ်ကြသည်၊၊ မိမိကြိုက်နှစ်သက်သလိုမကိုးကွယ်ရ၊မည်ကဲ့သို့ကိုးကွယ်ရမည်နည်း၊ ခရစ်တော်၏ဝိညာဉ်ကိုရမှသာလျှင်၊ ဘုရားသခင်ကို ကိုးကွယ်နိုင်မည်ဖြစ်သည်။

**ရောမ၊ ၈း ၉ သို့သော်လည်း ဘုရားသခင် ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ သင်တို့သည် ဇာတိပကတိဘက်၌ရှိကြသည်မဟုတ်။ ဝိညာဉ်ပကတိဘက်၌ ရှိကြ၏။ခရစ်တော်၏ဝိညာဉ်ကိုမရသော သူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။**

ခရစ်တော်၏ဝိညာဉ်ကိုမရလျှင်၊ ခရစ်တော်နှင့်မဆိုင်၊ ခရစ်တော်နှင့်မဆိုင်လျှင်၊ မည်ကဲ့သို့ နံဝိညာဉ်ဖြင့် ဘုရားသခင် ကိုကိုးကွယ်နိုင်မည်နည်း။ ထို့ကြောင့် ခရစ်တော်၏ဝိညာဉ်ကို အရင်ရမှသာလျှင် ဘုရားသခင်ကို နံဝိညာဉ်နှင့်ရင်း၊ သမ္မာတရားနှင့်ရင်း၊ ကိုးကွယ်နိုင်မည်ဖြစ်သည်။ ထိုသမ္မာတရားကို မိသားစု၌စ၍၊သင်ယူဖို့

ရန်ဖြစ်သည်။ သားသမီးများကိုလည်းသမ္မာတရားကိုသေချာစွာ သင်ပေးဖို့ ဖြစ်သည်။

**ကောလောသဲ၊ ၂း ၈ ခရစ်တော်၏တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနကို လိုက်၍၊လောကီပညာနှင့် အချည်းနှီးသောပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ မလုယူမဖျက်ဆီး စေခြင်းငှါ သတိပြုကြလော့။**

## လူမျိုးရေးစွဲသောမိသားစုမဖြစ်ရ

ကယ်တင်ခြင်းသို့ရောက်သောသူများသည် လူမျိုးရေးစွဲ၍ လူမျိုးခွဲခြားသင့်ပါသလား။အချို့သောသူများသည်ကယ်တင်ခြင်းသို့ရောက်သော်လည်း၊လူမျိုးရေးစွဲသောသူများ ရှိကြသည်။ ထိုသူများသည် ဘုရားသခင်၏ကောင်းကြီးပေးခြင်းကိုခံရမည်မဟုတ်။ စစ်မှန်သော ယုံကြည်သူများ၌၊လူမျိုးရေးမရှိတော့ချေ။ ခရစ်တော်၌၊ လူမျိုးရေးမရှိတော့ချေ။ ခရစ်တော်၌၊ ခွဲခြားခြင်း၊ အဆင့်အတန်းမရှိတော့ချေ။ ထို့ကြောင့် ယုံကြည်သူ ဘုရားသားသမီးများ လူမျိုးရေးစွဲ စိတ်ဓါတ်မရှိရ။ လူမျိုးတစ်မျိုးတည်းဖြစ် သော နောမေဆင်းသက်လာသောသူများကို ဘုရားသခင်သည် ဤကဲ့သို့သူတို့၏စကားကိုရှုပ်ထွေးစေ၍ကွဲကွဲပြားပြားဖြစ်ဖို့ ကျိန်ဆိုကြောင်း သိရသည်။

**က၊ ၁၁း၁-၉ မြေကြီးသားအပေါင်းတို့သည် ဘာသာတမျိုးတည်း။ စကားတ**

မျိုးတည်းရှိကြသည်ဖြစ်၍၊ ၂ အရှေ့မျက်နှာမှ ခရီးသွားသဖြင့်၊ ရှိနာပြည်၌ မြေညီ ရာအရပ် ကိုတွေ့၍ နေရာချကြ၏။ ၃သူတို့ကလည်း လာကြ။ အုတ်လုပ်၍ ခိုင်မာစွာ ဖုတ်ကြကုန်အံ့ဟု၊ တယောက်ကို တယောက် ပြောကြ၏။ ထိုသို့ ကျောက်အရာ၌ အုတ်ကိုရင်း၊ သရွတ်အရာ၌ ရေညှိတမျိုးကိုရင်း ရပြီးလျှင်၊ ၄လာကြ၊ မြေကြီးတ ပြင်လုံး၌ အရပ်ရပ်ကွဲပြားမည်ကို စိုးရိမ်၍၊ မြို့ကိုရင်း၊ မိုဃ်းကောင်းကင်သို့မှီရသော ရဲတိုက်ကိုရင်း တည်လုပ်သဖြင့်၊ ကျော်စောကီတ္တိရှိစေခြင်းငှါ ပြုကြကုန်အံ့ဟု ပြောဆို ကြ၏။ ၅ ထိုသို့ လူသားတို့တည်လုပ်သော မြို့နှင့် ရဲတိုက်ကို ကြည့်ရှုခြင်းငှါ၊ ထာဝရဘုရားသည် ဆင်းသက်တော် မူ၏။ ၆ထာဝရဘုရားက ကြည့်ရှုလော့။ လူတ မျိုးတည်း၊ စကားတမျိုးတည်း ရှိသည်ဖြစ်၍၊ သူတို့သည် ဤအမှုကို အဦးပြုကြ၏။ ယခုကြံစည်သမျှတို့ကို အဆီးအတားမရှိ၊ သူတို့ပြုကြလိမ့်မည်။ ၇လာကြ၊ ဆင်းသက် ကြကုန်အံ့။ သူတို့သည် အချင်းချင်း နားမလည်စေခြင်းငှါ၊ သူတို့စကားကို ရှုပ်ထွေး ကြကုန်အံ့ဟု မိန့်တော်မူ၏။ ၈ ထိုသို့ထာဝရဘုရားသည် သူတို့ကို မြေကြီးတပြင် လုံး၌ အရပ်ရပ်ကွဲပြားစေတော် မူသဖြင့်၊ သူတို့သည် မြို့ကိုမတည်ပဲ နေကြ၏။ ၉ သို့ ဖြစ်၍ ထိုမြို့၌ ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့၏ စကားကိုရှုပ်ထွေး၍၊ သူတို့ကိုမြေကြီးတပြင်လုံး၌အရပ်ရပ် ကွဲပြားစေတော်မူသောကြောင့် ထိုမြို့သည်ဗာဗု လုံမြို့ဟူ၍ တွင်သတည်း။

ဃ၊ ၂း ၁၄-၂၀အဘယ်သို့နည်းဟူမူကား၊ ထိုသခင်သည် ငါတို့ ရန်ငြိမ်းခြင်း အကြောင်း ဖြစ်တော်မူ၏။ ၁၅ ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သော ပညတ်တရား

တည်းဟူသော ရန်ငြိုးဖွဲ့ခြင်း၏အကြောင်းကို ကိုယ် ခန္ဓာတော်တွင် ပယ်ရှင်းတော်မူ သဖြင့်၊ ပိုင်းခြားလျက်ရှိသော စပ်ကြားအုတ်တန်တိုင်းနံရံကို ဖြိုဖျက်၍ လူမျိုး နှစ်စု တို့ကို တစုတည်းဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ရန်ကို ငြိမ်းစေပြီးလျှင်၊ ၁၆ ကိုယ်တော်၌ထိုလူနှစ်စုတို့ကို လူသစ်တဦး တကိုယ်တည်းဖြစ်စေခြင်းငှါ ပြင်ဆင်၍၊ တလုံးတဝတည်း ဖြစ်ပြီးသော ထိုလူနှစ်စုတို့ကို၊ လက်ဝါးကပ်တိုင်တော် အားဖြင့် ရန်ကိုသတ်ဖြတ်လျက်၊ဘုရားသခင်နှင့် မိဿဟာယဖွဲ့စေမည်အကြောင်း တည်း။ ၁၇ ထိုခရစ်တော်သည်လည်းကြွလာ၍၊ ဝေးလျက်ရှိသော သင်တို့အားရင်း၊ နီးလျက်ရှိသောငါတို့အားရင်း၊ ရန်ငြိမ်းခြင်းတရားတည်းဟူသော ဧဝံဂေလိတရားကို ဟောတော်မူ၏။ ၁၈ထိုသို့ ခရစ်တော်အားဖြင့် ငါတို့နှစ်ဦးသည် စိတ်ဝိညာဉ်တလုံးတ ဝတည်းဖြစ်၍၊ ခမည်းတော်ထံသို့ တိုးဝင်ရမည်အခွင့်ကို ရကြပြီ။ ၁၉ထိုကြောင့်၊ သင်တို့သည် တကျွန်းတနိုင်ငံသားမဟုတ်၊ ဧည့်သည်လည်းမဟုတ်၊ သန့်ရှင်းသူတို့၏ အမျိုးသားခြင်း ဖြစ်ကြ၏။ ဘုရားသခင်အိမ်တော်သားလည်း ဖြစ်ကြ၏။ ၂၀အဘယ်သို့နည်းဟူမူကား၊ တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက်ရှိကြ၏။

၈၊ ၃း ၂၄ ထိုကြောင့် ငါတို့သည်ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှါ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏ အထိန်းဖြစ်သတည်း။၂၅ ယုံကြည်ခြင်းတရားသည်ရောက်လာသောအခါ၊ ငါတို့သည် ထိုအထိန်းလက်မှလွတ်ကြ၏။ ၂၆ အဘယ်သို့နည်းဟူမူကား၊သင်တို့အပေါင်းသည်

ယေရှုခရစ်ကိုယုံကြည်သဖြင့် ဘုရားသခင်၏သား ဖြစ်ကြ၏။ ၂၇ ခရစ်တော်၌ ဗတ္တိ ဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သော သူဖြစ်ကြ၏။ ၂၈ ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌သင်တို့အပေါင်းသည် တလုံးတဝတည်းဖြစ်ကြ၏။ ၂၉ ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏ အရာ၌ တည်ကြ၏။

ကောလောသဲ၊ ၃း၁၁ ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ ဟေလသလူမရှိ၊ ယုဒ လူမရှိ၊ အရေဖျားလှီးမင်္ဂလာခံခြင်းမရှိ၊ မခံခြင်းမရှိ၊ လူရိုင်းမရှိ၊ သကုသိလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ခရစ်တော်သည် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏။

# ခရစ်ယာန်အိမ်ထောင်မိသားစု၌ထာဝရဘုရားဆုချပေး

# သောအမွေ

ဆာလံ၊ ၁၂၇း၃ ဘွားမြင်သော သားသမီးတို့သည်ထာဝရဘုရား ဆုချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။၄အသက်ပျိုစဉ်၊ ဘွားမြင်သော သားသမီးတို့ သည် သူရဲလက်၌ ရှိသောမြှားကဲ့သို့ ဖြစ်ကြ၏။ ၅ မိမိမြှားတောင့်ကို သူ တို့နှင့်ပြည့်စေသောသူ သည် မင်္ဂလာရှိ၏။ သူတို့သည် ရှက်ကြောက်ခြင်းမရှိ။ ရန်သူ တို့ကို တံခါးဝ၌ ဆီးတားကြလိမ့်မည်။

က၊ ၃၃း၅ထိုနောက်၊မြော်ကြည့်၍၊မိန်းမများ၊သူငယ် များကို မြင်လျှင်၊ သင်၌ပါသော ဤသူတို့သည်၊ အဘယ်သူနည်းဟုမေးသော်၊ ကိုယ်တော်၏ ကျွန်အား၊ ဘုရား သခင်ပေးသနားတော်မူသော သူငယ်ဖြစ်ကြပါ၏ဟု ပြန်ပြောပြီးမှ၊၊

## သားသမီးများပျက်စီးဖို့ဘုရားအလိုတော်မရှိ

မဿဲ၊ ၁၈း ၁၄ထိုနည်းတူ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အ ဘသည် ဤသူငယ်တယောက်ကိုမျှ ပျက်စီးစေ ခြင်းငှာ အလိုတော်မရှိ။

**ခတိ၊ ၂း၄လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရား ကို သိစေခြင်းငှါ၊ ဘုရားသခင်အလိုတော် ရှိ၏။**

၁။ သားသမီးများပျက်စီး၍ထာဝရငရဲသို့ရောက်ဖို့ရန်ဘုရားသခင်အလိုတော်မရှိ။

၂။ ဘုရားသခင်၏အလိုတော်သည် လူတိုင်းကယ်တင်ခြင်းသို့ရောက်ဖို့ဖြစ်သည်။

၃။ သမ္မာတရားကိုသိဖို့ရန်အလိုတော်ရှိသည်။

၄။ သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားဖို့ရန်အလိုတော်ရှိသည်။

၅။ ဆရာသမားဖြစ်ဖို့ရန်အလိုတော်ရှိသည်။

၆။ သမ္မာတရား၌ကျင်လည်ဖို့ရန်အလိုတော်ရှိသည်။

၇။ မိဘများ၌ သားသမီးများ၏ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဝိညာဉ်ပိုင်း၊ သွန်သင်ဖို့ရန် တာဝန်အပြည့်အဝရှိသည်။

# သားသမီးများကိုဆီးတားခြင်းမပြုရ

**မဿဲ၊ ၁၈း ၆ ငါ့ကိုယုံကြည်သော ဤသူငယ်တစုံတယောက်ကို အကြင်သူ သည်မှားယွင်းစေ၏၊ ထိုသူသည် လည်ပင်း၌ ကြိတ်ဆုံကျောက်ကိုဆွဲ၍ နက်နဲသော ပင်လယ်၌ နှစ်မြှုပ်ခြင်းကို ခံရလျှင်အနေသာ၍ကောင်း၏။**

၁။ သားသမီးများကိုလမ်းမှားအောင်သွန်သင်ခြင်းကိုမပြုရ။

၂။ သားသမီးများကို ကျမ်းစာသင်တန်းတက်နိုင်အောင်အားပေးရမည်။

၃။ သားသမီးများ ကျမ်းစာသင်ကြားဖို့ရန် အဆီးအတားများမပြုလုပ်ရ။

# နှုတ်ကပတ်တော်ကိုသင်ကြားပေးရမည်

**တရားဟောရာကျမ်း၊ ၆း၅-၉သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။၆ယနေ့ ငါမှာထားသောစကား ကို နှလုံးသွင်းရ မည်။ ၇ ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား ၍ သွန်သင် ရမည်။ အိမ်၌ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီး၌ သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထ လျက်ရှိသည် ဖြစ်စေ၊ ထိုစကားကို ပြောရမည်။၈ ထိုစကားကိုလည်း သင်၏ လက်၌ လက္ခဏာသက်သေဘို့ရာရင်း၊ သင်၏ မျက်စိကြားမှာ သင်းကျစ်ကဲ့ သို့ရင်း ချည်ထား ရမည်။ ၉ အိမ်တံခါး၊ မြို့တံခါးတို့၌လည်း ရေးထားရမည်။**

၁။ မိဘများသည် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊အစွမ်းသတ္တိရှိသမျှနှင့်ချစ် လော့ဟုဆိုသည်။

၂။ မိဘများသည် ဘုရားမှာထားသောစကားကို နှလုံးသွင်းရမည်။

၃။ မိဘများသည် ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား ၍ သွန်သင်ရမည်။

၄။ မိဘများသည် အိမ်၌ထိုင်လျက် နေသည်ဖြစ်စေ၊ ခရီး၌ သွားသည်ဖြစ်စေ၊ အိပ် လျက်၊ ထလျက်ရှိသည် ဖြစ်စေ၊ထိုစကားကို ပြောရမည်။

၈။ မိဘများသည် ထိုစကားကိုလည်း သင်၏ လက်၌ လက္ခဏာသက်သေဘို့ရာရင်း၊ သင်၏ မျက်စိကြားမှာ သင်းကျစ်ကဲ့ သို့ရင်း ချည်ထားရမည်။

၉။ အိမ်တံခါး၊ မြို့တံခါးတို့၌လည်း ရေးထားရမည်။

**၂၀။ ၄း၁-၅ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊သေသော သူတို့ကိုစစ်ကြော စီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာရင်း၊ ဘုရားသခင်ရှေ့မှာရင်း၊ငါသည် သင့်ကို သစ္စာပေးသည်ကား၊ ၂ နှုတ်ကပတ်တရားတော်ကို ပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဘော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍တိုက်တွန်းသွေးဆောင်လော့။၃ အကြောင်းမူကား၊ နောင် ကာလ၌လူတို့သည် စင်ကြယ်သော ဩဝါဒကိုနားမခံနိုင်ဘဲ၊ ယားတတ်သော နားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်းများပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။ ၄သမ္မာတရားကိုနားမထောင်ဘဲ၊ဒဏ္ဍာရီစကားကို နားထောင်၍ လွှဲသွားကြလိမ့်မည်။၅ သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကို သည်းခံလော့။ သာသနာပြုဆရာ ဆောင်ရွက်ရသောအမှုကို ဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ ခန့်ထား၍ ပြုရသောဝတ်များကို အကုန်အစင်ပြုလော့။**

၁။ သားသမီးများကို အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်၍သွန်သင်ရမည်။

၂။ သားသမီးများကိုသူတို့၏အပြစ်ကိုဘော်ပြ၍သွန်သင်ဆုံးမရမည်။

၃။ သားသမီးများကိုအမြဲတမ်းဆုံးမခြင်းကိုပြုရမည်။

၄။ သားသမီးများအပေါ်၌၊ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍တိုက်တွန်းသွေးဆောင်ရမည်။

၅။ နောက်ဆုံးသောကာလ၌ လူများတို့သည်  စင်ကြယ်သော ဩဝါဒတည်းဟူသော သမ္မာတရားကိုနာခံကြမည်မဟုတ်။

၆။ နောင်ကာလ၌ မိမိတပ်မက်ခြင်းအတိုင်းများပြားသော ဆရာတို့နောက်သို့ လိုက်ကြလိမ့်မည်။

၇။ သမ္မာတရားကိုနားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကို နားထောင်၍ လွဲသွားကြလိမ့်မည်။

၈။ သင်မူကား၊ အရာရာ၌ သမ္မာသတိရှိစေလော့။

၉။ ဆင်းရဲဒုက္ခကို သည်းခံလော့။

၁၀။ သာသနာပြုဆရာ ဆောင်ရွက်ရသောအမှုကို ဆောင်ရွက်လော့။

၁၁။ ဓမ္မဆရာအရာ၌ ခန့်ထား၍ပြုရသောဝတ်များကို အကုန်အစင်ပြုလော့။

# သားသမီးများ၏ဝိညာဉ်ကိုကယ်တင်ပေးရမည်

**သုတ္တံ၊ ၂၃း ၁၃သူငယ်ကို မဆုံးမဘဲမနေနှင့်။ ကြိမ်လုံးနှင့်ရိုက် သော်လည်း သူသည် မသေ။ ၁၄ ကြိမ်လုံးနှင့်ရိုက်၍ သူ၏အသက်ဝိညာဉ်ကို မရဏာနိုင်ငံမှ ကယ်နှုတ်ရမည်။**

၁။ သူငယ်ကို မဆုံးမဘဲမနေနှင့်။ ( သုတ္တံ၊ ၂၃း၁၃-၁၄ )

၂။ ကြိမ်လုံးနှင့်ရိုက် သော်လည်း သူသည် မသေ။ ( သုတ္တံ၊ ၂၃း၁၃-၁၄ )

၃။ ကြိမ်လုံးနှင့်ရိုက်၍ သူ၏အသက်ဝိညာဉ်ကို မရဏာနိုင်ငံမှ ကယ်နှုတ်ရမည်။

၄။ လူသည်မွေးရာပါအပြစ်ရှိသည်။ ( ဆာလံ၊ ၅၁း၅ )

၅။ လူသည် စာတန်သားသမီးများအဖြစ်မွေးဖွားလာကြသည်။ ( ယော၊ ၈း၄၄ )

၆။ လူသည်ဒုတိယမွေးဖွားခြင်းမခံလျှင်၊ ကောင်းကင်နိုင်ငံတော်ကိုမမြင်ရ။( ယော၊ ၃း၃ )

၇။ ပလ္လင်ဖြူကြီး၊ တရားစီရင်ခြင်း၌လူအကြီးအငယ်ပါသည်ကိုတွေ့ရသည်။ ( ဗျာ၊ ၂၀း၁၁-၁၂ )

၈။ ကလေးသူငယ်များသည် ကောင်းကင်ရောက်မည်၊ ငရဲရောက်မည်ကို မည်သူမျှမသိ၊ ဘုရားသခင်လက်ထဲ၌သာရှိသည်။ သို့သော်လည်း သားသမီးများကိုသွန်သင်ဆုံးမဖို့ရန်မိဘများ၌တာဝန်ရှိသည်။

**သုတ္တံ၊ ၁၃း၂၄ ကြိမ်လုံးကို မသုံးသောသူသည် မိမိသားကို မုန်းရာသို့ရောက်၏။သားကိုချစ်သောသူမူကား၊ ငယ်သောအရွယ်မှစ၍ ဆုံးမတတ်၏။**

**သုတ္တံ၊ ၁၉း၁၈မျှော်လင့်စရာရှိစဉ်အခါ၊ ကိုယ်သားကို ဆုံးမ လော့။ သူ့ကိုအကျိုးနည်းအောင် သနားသောစိတ်မရှိစေ နှင့်။**

**သုတ္တံ၊ ၂၂း ၆သူငယ်သွားရာလမ်း၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွှဲ၊ လိုက်သွားလိမ့်မည်။**

**ဖေက်၊ ၆း ၄ အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမ သွန်သင်ခြင်းကိုပြုလျက် ကျွေးမွေး**

ကြလော့။

ကောလောသဲ၊ ၃း၂၁အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါ မပြုကြနှင့်။ ထိုသို့ပြုလျှင်၊သူတို့သည် အားလျှော့စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်။

သင်ခန်းစာ ( ၁၁ )

# ခရစ်ယာန်အိမ်ထောင်မိသားစု၌သားသမီးများကိုသင်ပေးမည့်အချက်များ

၁။ ကယ်တင်ခြင်းသို့ရောက်ဖို့ရန် သင်ပေးရမည်။

၂။ သမ္မာတရားကိုသိအောင် သင်ပေးရမည်။

၃။ သမ္မာတရားကိုပိုင်းခြားတတ်အောင် သင်ပေးရမည်။

၄။ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်အောင် သင်ပေးရမည်။

၅။ ဆရာ သမားဖြစ်လျက်၊ ဘုရားရှေ့၌ ကိုယ်ကိုကိုယ်ဆက်သဖို့ရန်သင်ပေးရမည်။

၆။ သမ္မာတရား၌ ကျင်လည်ဖို့ရန်သင်ပေးရမည်။

၇။ သားသမီးများကို ငယ်ရွယ်သောအချိန်မှစ၍ ကျမ်းစာဖတ်ဖို့ရန်တိုက်တွန်းရမည်။

၈။ သက်သေခံတတ်လာအောင် သင်ပေးရမည်။

၉။ ကျေးဇူးတော်များ ရေတွက်၍၊ ချီးမွမ်းတတ်အောင်သင်ပေးရမည်။

၁၀။ ဘုရားသခင်ကိုကြောက်တတ်ဖို့ သင်ပေးရမည်။

၁၁။ ဘုရားသခင်ကို ရိုသေတတ်ဖို့ သင်ပေးရမည်။

၁၂။ ဘုရားသခင်အပေါ်၌ သစ္စာဖို့ရန်သင်ပေးရမည်။

၁၃။ သင်းအုပ် ဆရာများကို ရိုသေလေးစား ပြောဆိုတတ်အောင် သင်ပေးရမည်။

၁၄။ သူတို့၏ဆရာ၊ ဆရာမများကိုလည်း လေးစားတတ်အောင် သင်းပေးရမည်။

၁၅။ လူကြီးရှေ့၌ မည်ကဲ့သို့နေထိုင်ရမည်ကို သင်ပေးရမည်။

၁၆။ လူကြီးများကို မည်ကဲ့သို့ရို သေလေးစားသင့်သည်ကို သင်ပေးရမည်။

၁၇။ လူကြီးများကို မည်ကဲ့သို့ ဆက်ဆံပြောဆိုရမည်ကို သင်ပေးရမည်။

၁၈။ ဘုရားကျောင်း၌ ကစားခြင်း၊ ပြေးလွှားခြင်းမရှိအောင် သင်ပေးရမည်။

၁၉။ ဘုရားကျောင်း၊ဝတ်ပြုခြင်းအချိန်၌အစားအစာများကို မစားသင့်ကြောင်း သင်ပေးရမည်။

၂၀။ ဘုရားကျောင်း၊ ဝတ်ပြုခြင်းအချိန်၌၊ အချင်းချင်း စကားပြောခြင်း၊ ဖုန်းများမ သုံးသင့်ကြောင်း သင်ပေးရမည်။